www.burmeseclassic.com

စိန်သရဖူစာပေ

# သငဖြိုး

## အနင်းခံမြက်အတွက် မိုးရေစက်

BURMESE CLASSIC



မင်းမြင့်နိုင်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်အားဖြင့် သုံးဆယ်ပင် မစွန်းသေးသော အမှု လိုက်ရှေ့နေလေးတစ်ယောက်သည် သူ၏ရုံးခန်းထဲ၌ လွန်စွာတက်ကြွ သောအမူအရာဖြင့် သူ့ထံ ရောက်ရှိလာမည့် အမှုသည်ကို စောင့်မျှော် လျက်ရှိလေသည်။

သူသည် ရှေ့နေပေါက်စလေးဆိုသော်လည်း အမှုလိုက်သည့် အတွေ့အကြုံကတော့ အတော်အတန်ရထားပြီး ဖြစ်လေသည်။

အကြောင်းမှာ သူ၏ဆရာဖြစ်သူ နာမည်ကြီးရှေ့နေကြီး ဦးထွန်းရင်နှင့် တွဲဖက်၍ ချိန်ဘာဆင်းရင်း အမှုသွား အမှုလာများကို လေ့လာခဲ့သည့် အတွေ့အကြုံက နည်းလှသည် မဟုတ်။

သူ့ဆရာ နာမည်ကြီး ရှေ့နေကြီးဦးထွန်းရင်က တရားခွင်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည့်အခါ ချပ်ဝတ်တန်ဆာ အပြည့်အစုံဝတ်ထားသော စစ်သူကြီးတစ်ယောက်လို တစ်ဘက် တရားပြိုင်၏ အကျိုးဆောင် ရှေ့နေ၏ အားနည်းချက်၊ ကွာဟချက်တွေကို ထိုးဖောက်တိုက်စစ်ဆင်ရာ၌ အလွန်တရာ ကျွမ်းကျင်မှုရှိလေသည်။

တကယ်စင်စစ် များသောအားဖြင့် အမှုလိုက်ရာတွင် တစ်ဖက်ပြိုင်ဖက်၏ အကျိုးဆောင်ရှေ့နေကြီးသည် ဆရာကြီး၏ ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်လျှင်လည်း ဖြစ်တတ်သည်။

သို့သော် တရားခွင်သို့ ရောက်လာသည့်အခါ သူငယ်ချင်းသောဘာသောရယ် မရှိ၊ ကိုယ့်အမှုသည် မနစ်နာရလေအောင်၊ ကိုယ့်အမှုသည် မရှုံးနိမ့်ရလေအောင် တစ်ဖက်တရားပြိုင်၏ရှေ့နေကို တတ်နိုင်သလောက် ထိုးစစ်ဆင်ပါတော့သည်။

တရားခွင်ပြီးသွားလို့ ရုံးချိန်းယူပြီး နှစ်ဖက်အမှုသည်တွေ ပြန်သွားကြတော့မှ ရုံးထဲက ကန်တင်းတစ်ခုမှာ တရားပြိုင်၏ ရှေ့နေနှင့်အတူထိုင်ရင်း

"သူငယ်ချင်းရေ... စောစောက တရားခွင်မှာ ကိုယ့်ရဲ့လျှောက်လဲချက်တွေ နည်းနည်းကြမ်းသွားရင် ခွင့်လွှတ်နော်"

"ဟာ... ရပါတယ်။ ကိုယ်လည်း မင်းရဲ့အမှု





သည်ကို အမှုစစ်နေရင်း သွေးဆူအောင် ဖို့(စ်)လုပ်လိုက်မိတယ်။ ကြေပါတယ်ကွာ"

စသည်ဖြင့် ပုခုံးဖက်ရင်း ပြန်လည်သင့်မြတ်မှုယူရတာက ရှေ့နေလောကမှာ သိပ်ဆန်းလှတယ်ရယ် မဟုတ်တော့။

ဆရာကြီးထံ၌ ချိန်ဘာဆင်းရသည်မှာ သူ့အဖို့တော့ လွန်စွာအဖိုးမဖြတ်နိုင်သည့် စိန်အတုံးအခဲကြီး ကောက်ရလိုက်သလိုပင်။

သည်လိုနှင့် တစ်ရက်တွင် ဆရာကြီးက သူ့ကို အကြံတစ်ခုပေးပါတော့၏။

"ကဲ...မောင်ထွန်းသစ်၊ မင်းလည်း ဆရာ့ဆီမှာ ချိန်ဘာဆင်းတဲ့အတွေ့အကြုံက မနည်းလှတော့ဘူး။ ဒီတော့ မင်းဝါသနာပါတဲ့အတိုင်း ဟောဒီရှေ့နေအလုပ်နဲ့ မင်းအစွမ်းအစပေါင်းစပ်ပြီး အမှုလိုက်ဖို့ ပြင်ဆင်ပေတော့၊ ဆရာလည်း မင်းလို ရှေ့နေပေါက်စတွေကို လက်တွဲခေါ်ရဦးမယ်၊ အဲဒီတော့ မင်းအစွမ်းအစနဲ့ မင်း အမှုသည် ရှာပေတော့။ မင်းအစွမ်းအစနဲ့ မင်း အမှုလိုက်ပေတော့။ အခက်အခဲရှိရင် ဆရာ့ဆီလာခဲ့။ ဟုတ်လား..."

"ဟုတ်ကဲ့ပါ ဆရာကြီး..."



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဆီက ထိုစကားကို ကြားရစဉ်က စိတ်ထဲမှာ အလိုလိုနေရင်း ဖြစ်ပေါ်လာသည့် ဝမ်းနည်းအားငယ်မှုကို အတော်ပင် ဟန်ဆောင်ဖုံးဖိလိုက်ရလေသည်။

သူ့အဖြစ်က တောမကျွမ်းသေးသော မုဆိုးပေါက်စလေးကို သားရဲတိရိစ္ဆာန်တွေ ပေါသည့် တောကြီးမျက်မည်းထဲသို့ တစ်ယောက်တည်း လွှတ်လိုက်သလိုပင်။

သို့သော် တဒင်္ဂဖြစ်ပေါ်လာသော အားငယ်မှုကို ဖြေဖျောက်လိုက်စဉ်ပင် သူ့၌ သတ္တိရော၊ ခွန်အားရော၊ တက်ကြွမှုတွေပါ အလျှံပယ် လျှံတက်လာလေတော့သည်။

သို့နှင့် သူသည် ဆရာကြီး၏ အလုပ်သင်ရှေ့နေတစ်ဦးအဖြစ်မှ ကိုယ့်အစွမ်းအစနှင့်ကိုယ် ရပ်တည်လာနိုင်သော ရှေ့နေတစ်ဦး ဖြစ်လာလေတော့သည်။

အသက်အရွယ်အားဖြင့် သုံးဆယ်ပင်မစွန်းသေးသော အမှုလိုက်ရှေ့နေလေးတစ်ယောက်သည် သူ၏ ရုံးခန်းထဲ၌ လွန်စွာ တက်ကြွသော အမူအရာဖြင့် သူ့ထံ ရောက်ရှိလာမည့် အမှုသည်ကို စောင့်မျှော်လျက် ရှိလေတော့သည်။

***





အတော်ရယ်စရာကောင်းသည်မှာ သူ ရုံးခန်းဖွင့်ပြီး တစ်လကြာသည်အထိပင် အမှုအပ်မည့်အမှုသည် တစ်ဦးတစ်လေမျှ သူ့ထံ ရောက်ရှိမလာခြင်းပင်ဖြစ်လေသည်။

သူ့ရုံးခန်းသည် အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေ၏။

ဆရာကြီးနှင့် ချိန်ဘာဆင်းစဉ်က ဆရာကြီး၏ များပြောင်လှသော အမှုတွဲများကြားတွင် သူတို့ဆရာတပည့်နှစ်ယောက် ထမင်းစားချိန်ကိုပင် လုယက် အချိန်ယူကာ ခရိုင်ရုံး၊ တိုင်းရုံးများသို့ ခေါင်းပေါင်းစတလူလူဖြင့် အပြေးအလွှား သွားလာနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အပ်လိုက်သည့်အမှုသည်တွေကလည်း နည်းနည်းနောနော မဟုတ်။

ကမ္ဘာပေါ်တွင် ရှိရှိသမျှသော တရားမမှု၊ ရာဇဝတ်မှုတွေ အကုန်လုံးကို ဆရာကြီးဦးထွန်းရင်ကပင် ကိုင်တွယ်နေရသယောင် ရှိနေတော့သည်။

ယခု သူ ရုံးခန်းဖွင့်ချိန်မှာတော့ ၁စ်^၁ကြာသည်အထိပင် ကိုင်တွယ်စရာအမှုက ပေါ်မလာသေးချေ။

သို့နှင့် တစ်ခုသောရုံးဖွင့်ရက်မှာတော့ သူ့ထံသို့ အဝတ်အစား ခပ်နွမ်းနွမ်းနှင့် မျက်နှာမသာမယာရှိလှသော အသက် ငါးဆယ့်ငါးနှစ် အရွယ်ခန့် မိန်းမကြီးတစ်ဦး ရောက်ရှိလာလေတော့သည်။

"ထိုင်ပါခင်ဗျာ။ ကျွန်တော် ဘာများ ကူညီပေး ရမလဲ"

မိန်းမကြီး၏ပုံစံမှာ သိပ်စိတ်ဝင်စားစရာပုံစံမျိုး မဟုတ်သော်လည်း သူ့အတွက်ကတော့ သူ့ရဲ့ ပထမဆုံးဖြစ်လာနိုင်သော အမှုသည်တစ်ယောက်မို့ ထိုမိန်းမကြီးကို သူ စိတ်ဝင်တစား ကြည့်လိုက်မိ၏။

"ဟို...ရှေ့နေကြီး ဦးထွန်းသစ်စနဲ့ တွေ့ချင်လို့ ပါ"





မြတ်စွာဘုရား...။

ရှေ့က ဆိုင်းဘုတ်ကလေးကို ဖတ်မိပြီး ထွန်းသစ်စဆိုတဲ့ သူ့ကို မိန်းမကြီးက အသက်ကြီးကြီး ရှေ့နေကြီးတစ်ယောက်နှင့် လွဲမှားနေသည်ထင်၏။ သူ နည်းနည်းတော့ ရယ်ချင်သွားလေသည်။

"ထွန်းသစ်စဆိုတာကျွန်တော်ပါပဲ။ ကျွန်တော် ဘာများ အကျိုးဆောင်ပေးရမှာပါလဲ"

သည်အထိကို မိန်းမကြီးမှာ လာရင်းကိစ္စကို ထိထိမိမိပြောဆိုခြင်းမရှိသေးဘဲ သူ့ကိုသာ အံ့ဩဟန်ဖြင့် မျက်လုံးအစုံ ပြူးကြည့်ရင်း...

"ဩော်...သားက ရှေ့နေကြီးကိုး...။ ငယ်ငယ်လေးနဲ့ ရှေ့နေကြီးဖြစ်နေတာ ကျက်သရေရှိလိုက်တာကွယ်။ အဒေါ် ဘာလို့များ ဒီလိုသားမျိုးလေး မမွေးမိခဲ့ပါလိမ့်။ အဒေါ့်သားကတော့ လူ့လတ်ပိုင်းအထိကတော့ တရားသမားပဲ သားရေ...။ စိတ်ပုတီးကို လက်က ချတယ်ရယ်ကို မရှိဘူး။ အဲ...ကြီးလာမှ... ကြီးလားမှ...ဟီး..."

အမျိုးသမီးကြီးက ပြောပြောဆိုဆိုနှင့်ပင် ချုံးပွဲချကာ ငိုကြွေးသွားလေသည်မို့ ရှေ့နေလေးခမျာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင်ဖြစ်သွားပြီး စိတ်ချဉ်ပေါက်သွားလေတော့၏။

"အဒေါ်...အဒေါ်...မငိုပါနဲ့ဗျာ။ အနာသိရင် ဆေးရှိပါတယ်။ အဒေါ့်သားက အမှုရင်ဆိုင်နေရလို့လား။ လာရင်းကိစ္စလေးကိုလည်း ပြောပါဦး"

"ဟောဒီစာကိုသာ ဖတ်ကြည့်ပါတော့ကွယ်"

အမျိုးသမီးကြီး ကမ်းပေးလိုက်သောစာကို ဖတ်ရှုမိပြီးနောက် ရှေ့နေလေးမှာ ခေါင်းနပန်း ကြီးသွားလေတော့၏။

"ဟိုက်...ဒါ...အဒေါ့်သားကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ မယားခိုးမှုနဲ့ တရားစွဲထားတာ။ ခုခံဖြေရှင်းဖို့ တရားရုံးက ဆင့်ခေါ်တဲ့ သမ္မာန်စာပဲ"

"အဲဒါပြောတာပေါ့။ ကြီးမှ မိုက်လုံးကြီးတဲ့ သားလို့။ အီး..."

အမျိုးသမီးကြီးမှာ ထိုသို့ပြောရင်း ဆက်လက်၍ ငိုကြွေးချနေသည်မို့ သူ့မှာ ရေခဲသေတ္တာထဲမှ ရေအေးတစ်ခွက်ကို ယူတိုက်ရလေတော့သည်။

အင်း...အမှုက မလိုက်မယ့် မလိုက်ရတော့လည်း တစ်လတိတိ။

လိုက်မယ့် လိုက်ရတော့လည်း မယားခိုးမှုမှာ တရားခံဘက်က





လိုက်ရတော့မည့်ကိန်း ဆိုက်၍ နေလေတော့သည်။

"ဖြစ်ပုံအကျဉ်းလေး ကျွန်တော့်ကို ပြောပြပါဦး အဒေါ်"

အမျိုးသမီးကြီးက စားပွဲပေါ်မှာတင်ထားသည့် တစ်သျှူးဘူးထဲကနေ တစ်သျှူးတစ်ရွက် ထုတ်ယူကာ နှပ်ညှစ်ပစ်လိုက်ရင်း...

"ဖြစ်ပုံကတော့ ဒီလို...သားရဲ့။ အဒေါ့်သား မောင်သန်းအေးက လူရိုး၊ လူဖြောင့်၊ လူအေးကြီး။ အသက်လေးဆယ်အထိကတော့ စိတ်ပုတီးကို လက်က မချတဲ့ တရားသမားကြီးပေါ့ကွယ်...။ မွေးနေ့ ရောက်တိုင်းလည်း ဘုရားမှန်မှန်တက်တယ်။ အဲ... ဟောဒီပြဿနာအစကတော့ ဘုရားပေါ်တက်ရင်း ဖြစ်လာတဲ့ ပြဿနာပဲ..."

"အင်း...ဆက်ပါဦး"

"ဘုရားပေါ်မှာတင် ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်နဲ့ ခင်မင်ခဲ့တယ်လေ။ မိန်းကလေးကပဲ သားလိုပဲ။ မွေးနေ့တိုင်းမှာ ဘုရားတက်နေကြဆိုတော့ သားနဲ့ အဲဒီမိန်းကလေးက တစ်ပတ်တစ်ခါဆိုသလို ပုံမှန်တွေ့ဖြစ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...ဆက်ပါဦး အဒေါ်"

"မိန်းကလေးနဲ့ ခင်လာတော့လည်း တစ်စ တစ်စနဲ့ မိန်းကလေးရဲ့ နောက်ကြောင်းရာဇဝင်ပါ သိခွင့်ရခဲ့တယ် ဆိုပါတော့။ မိန်းကလေးက အိမ်ထောင်သည်လေ...။ လင်ရ ကံဆိုးတယ် ဆိုရမှာပေါ့။ သူ့ယောကျ်ားက အရက်သမား။ မိန်းမကို နှိပ်စက်လိုက်တာလည်း လွန်ရောဆိုပဲ"

"ဟုတ်ကဲ့..."

"ဒီလိုနဲ့ သားက မိန်းကလေးကို သနားသွားပြီး သံယောဇဉ် ဖြစ်သွားကြတယ် ဆိုပါတော့။ ကြာတော့ သားနဲ့ မိန်းကလေးကိစ္စကို သူ့ယောကျ်ား အရက်သမားက သိသွားတယ်"

"ဒီတော့ တစ်ဘက်မိန်းကလေးရဲ့ယောကျ်ား အရက်သမားကြီးကတောင် သူတို့နှစ်ယောက်ရဲ့ သံယောဇဉ်ကို သိနေမှတော့ လူပျိုကြီးရဲ့မိခင်ဖြစ်တဲ့ အဒေါ်ကကော သူတို့နှစ်ယောက်အကြောင်းကို မသိခဲ့ဘူးလား...။ မတားဆီးခဲ့ဘူးလား..."

ရွှေနေလေးက ဖြတ်မေးလိုက်သည်။





"အမလေး...သိလို့ တားဆီးခဲ့တာပေါ့ ရွှေနေကြီးရယ်။ ဒါပေမဲ့ အဒေါ့်သား မိုက်လုံးကြီးပုံများ ဘယ်လိုတားတား တားဆီးလို့ကို မရတော့ဘူးလေ...။ မအေမသိအောင် သူ့ရဲ့ ရုံးလခတွေကို ကောင်မလေးကို ထိုးအပ်လိုအပ်။ မကြီးမငယ်နဲ့ ကောင်မလေးနဲ့ ချိန်းပြီး ရုပ်ရှင်ရုံတွေ ဘာတွေတောင် သွားကြတယ် ဆိုပဲ။ ကောင်မလေးကလည်း စိတ်ထွက်ပေါက်ရှာတဲ့ အနေနဲ့ သားကြီးနဲ့ တွဲတယ် ထင်ပါရဲ့ကွယ်"

"ဟုတ်ကဲ့...ဆက်ပြောပါဦး"

"ဒီလိုနဲ့ တစ်ညမှာတော့ ကောင်မလေးက ရေးကြီးသုတ်ပြာ၊ ငိုကြီးချက်မနဲ့ အဒေါ်တို့အိမ်ကို ပြေးလာခဲ့တယ်လေ။ သူ့ယောကျ်ား နှိပ်စက်တာတွေ မခံနိုင်တော့လို့ ထွက်ပြေးလာခဲ့တာတဲ့။ အဒေါ်တို့အိမ်မှာ ခဏလောက် နေပါရစေတဲ့"

"အဲဒီညက အဒေါ် အိမ်မှာရှိတယ် မဟုတ်လား"

"သားကြီးပဲ ကံဆိုးချင်လို့လားတော့ မသိပါဘူးကွယ်...။ အဲဒီညက အဒေါ် အိမ်မှာ မရှိဘူးကွဲ့။



www.burmeseclassic.com

www.burmeseclassic.com



လှည်းကူးက အမျိုးတွေဆီကို သွားနေတာ တစ်ပတ်လောက် ကြာတယ်"

'ကောင်းရော…'ဟု သူ စိတ်ချဉ်ပေါက်စွာ တွေးလိုက်မိသည်။ အမျိုးသမီးကြီးကတော့ ဖတ်စုံခင်းနေရင်း အတော့်ကို အရှိန်တက်လာသည့် ထင်ပါ၏။

"ကောင်မလေး အိမ်ရောက်လာပြီး သိပ်မကြာခင်တင် သူ့ယောက်ျား အရက်သမားနဲ့ ရပ်ကွက်လူကြီး တစ်ချို့ ရောက်လာပြီး အရက်သမားက ကောင်မလေးကို ခြိမ်းခြောက်တယ်…။ ကောင်မလေးကလည်း အရက်သမားနောက်ကို ပြန်လိုက်သွားရမှာ ကြောက်တယ် ထင်ပါရဲ့ကွယ်…ဓွတ်ကို ငြင်းဆန်နေတာနဲ့ သားကြီးက အရက်သမားကိုရော ရပ်ကွက်လူကြီးတွေကိုပါ ခြံထဲက ထွက်သွားဖို့ နှင်ထုတ်လိုက်တယ်။ နောက်ထပ် နှစ်ပတ်လောက်နေတော့ ရုံးကနေ ပေါင်းစာကို အဒေါ်တို့ လက်ခံရတာပဲ"

"အဒေါ်သားဘက်မှာ ပြစ်မှုက တော်တော် ထင်ရှားတာပဲ။ အဲဒီညက အဒေါ်အိမ်မှာတင် ကောင်မလေးကော အဒေါ်သားပါ အတူတူရှိ



ခဲ့တယ်ဆိုပါတော့။ နောက်နေ့တွေကျတော့ရော…"

"အဒေါ်ပြန်မရောက်ခင် သုံးရက်လောက်အထိကတော့ ကောင်မလေးနဲ့ သားနဲ့ အိမ်တစ်အိမ်တည်းမှာတင် အတူတူနေခဲ့ကြတာပဲ သားရယ်…"

'ကောင်းရော…'ဟု သူ စိတ်ချဉ်ပေါက်စွာ ဒုတိယမ္ပိ တွေးလိုက်မိပြန်သည်။

သူ… ဘာဆက်လုပ်ရမလဲ။

ဆရာရေ… ဆရာ့ဆီမှာ ကျွန်တော် ချိန်ဘာဆင်းတုန်းက ရှုပ်ထွေးပွေလီပြီး လျှို့ဝှက်ဆန်းကျယ်လှတဲ့ တရားမမှုကြီးတွေကို ပညာသားပါပါ လိုက်နေရပြီး…

အခု ကျွန်တော့်ဘာသာ တစ်စင်ထောင်တော့မှ မယားနိုးမှုမှာ တရားခံဘက်က အမှုလိုက်ပေးရမလို ဖြစ်နေပြီ ဆရာရဲ့…။

"သားအဖြစ်ကို ဒီအတိုင်းကြီး ကြည့်နေတော့မှာလား ရှေ့နေ ကြီးရယ်…။ သားကို ကယ်ပါဦး။ အမေ တောင်းပန်ပါတယ်"

အမျိုးသမီးကြီးက သူ တွေဝေသွားမှန်း သိ၍ လက်အုပ်ချီကာ တောင်းပန်ခယလာသဖြင့် သူ့မှာ ကပျာကယာပင် နောက်သို့ ဆုတ်သွားပြီး…

www.burmeseclassic.com



"ဟာ...အဒေါ်ရယ် ကျွန်တော့်ကို အဲဒီလိုကြီး မလုပ်ပါနဲ့။ ကျွန်တော် ရေကြီးပါမယ်။ ကောင်းပြီလေ... အဒေါ့်သားအမှုကို ကျွန်တော် လက်ခံလိုက်ပါ့မယ်။ အဲဒါ အဒေါ့်ရဲ့မျက်နှာကြောင့်နော်။ ကျွန်တော်ဟာ ကုမေသုမ္ဘိဋ္ဌာစာရကို ချိုးဖောက်တဲ့ ယောက်ျားတွေကို အလွန်တရာ မုန်းတီးတာဗျ။ အရက်သမားက ဘယ် လောက်ဆိုးဆိုးလေဗျာ...။ အရက်သမားရဲ့မိန်းမကို ဘယ်လောက်ပဲ သနားသနား။ လင်ရှိမယားဆိုတာ စိတ်နဲ့တောင် မပြစ်မှားအပ်တဲ့ ကိစ္စတစ်ခု မဟုတ် လား..."

"ဟုတ်ပါတယ်ကွယ်...ရှေ့နေကြီးပြောတာ မှန်ပါတယ်"

"ကဲ...ဒါဖြင့် ဒီလိုလုပ်။ တရားခံမှာ အပြစ်ရှိ တာတော့ သေချာတယ်။ ဒါပေမဲ့ ကျွန်တော် တရား ခံဘက်က အတတ်နိုင်ဆုံး ကာကွယ်ပေးမယ်။ အကျ သက်သာအောင် တရားခွင်မှာ ကျွန်တော် လျှောက်လဲ ချက်ကောင်းကောင်း ပေးပါ့မယ်။ အဲ...အဒေါ့်သား ကိုသာ ကျွန်တော့်ဆီ အမြန်ဆုံး လွှတ်ပေးလိုက်ပါ"





ထိုသို့ သူပြောလိုက်မှ အဒေါ်ကြီးမျက်နှာမှာ ပို၍ သွေးဆုတ် ဖြူလျော်သွားလေတော့၏။

"သူ...သူ...မောင်သန်းအေးလေ...။ ဒီသမ္မာန် စာကို ရပြီးတဲ့ အချိန်မှာတင် ကြောက်လို့ဆိုပြီး ထွက် ပြေးနေတယ်"

"မြတ်စွာဘုရား"

ရှေ့နေလေးသည် အကြီးအကျယ်ပင် မြတ်စွာဘုရား တ,သွား တော့၏။

"ရုံးတော်ကို အဲသည်လို့ မထေမဲ့မြင်ပြုလို့ မရဘူး အဒေါ်ရဲ့။ အဒေါ့်သားအမှုက တစ်မှုကနေ နှစ်မှုတိုးတော့မယ်"

"ဟိုလေ...အဒေါ် ရှေ့နေကြီးကို အဲဒီကိစ္စ လည်း လာတိုင်ပင်တာပါ။ ထွက်ပြေးလို့ မလွတ်နိုင် ဘူးလား။ အညာမှာ သူ့အမျိုးတွေ ရှိတယ်"

ဥပဒေအသိဉာဏ်နှင့် အတော်ကလေးဝေးကွာတဲ့ အဒေါ်ကြီး ကို သူ ဒေါသလည်းဖြစ်မိသလို သနားလည်း သနားသွားမိပါသည်။

တော်တော်ဆိုးဝါးတဲ့ သားအမိနှစ်ယောက်ဘက်ကနေ ရှေ့နေ လိုက်ပေးရမယ့်အဖြစ်ကလည်း မလွယ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး အဒေါ်ရဲ့။ သမ္မာန်စာ ရပါလျက်နဲ့ ရုံးတော်ကို မလာရင် ရုံးက ဖမ်းဝရမ်းထုတ်ပါတယ်။ အဒေါ်သားက အဖမ်းမခံဘဲ ထွက်ပြေးတိမ်းရှောင် နေရင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ(၈၇)အရ ရုံး တော်က တရားခံပြေးအဖြစ် သတ်မှတ်ပါတယ်။ ဝရမ်း ပြေးပေါ့ အဒေါ်။ အဲဒီလို ဝရမ်းပြေး ထုတ်လိုက် တာနဲ့ နှစ်ဘယ်လောက်ကြာကြာ အဒေါ်သားကို ဖမ်း မိတာနဲ့ ရုံးတင်စစ်ဆေးပြီး ပြစ်မှုထင်ရှားတာနဲ့ ပြစ် ဒဏ်စီရင်ပြီး ထောင်ချမှာပဲ"

"မြတ်စွာဘုရား...ဘယ်လည်း ကြောက်စရာ ကောင်းတဲ့ ဥပဒေတွေပါလား"

"ဥပဒေက ကြောက်စရာ မကောင်းပါဘူး အဒေါ်။ လူတွေရဲ့ ကြောက်စရာကောင်းတဲ့ လုပ်ရပ် တွေကြောင့် ဥပဒေဆိုတာ ဖြစ်ပေါ်လာရတာပါ"

"ဒါဆိုလည်း အဒေါ်တို့အမှုကို ရင်ဆိုင်ပါ့မယ်။ သား ထွက်ပြေးသွားပေမယ့် သူ ဘယ်မှာပုန်းနေသလဲ ဆိုတာကို အဒေါ်သိတယ်။ အခုလို အသေးစိတ် ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဒေါ်တို့ဘက်





က စကားပြော မှားယွင်းတာရှိရင်လည်း ဥပဒေကို မသိမ့်မြင်ပြုတာ မဟုတ်ပါဘူး။ ခွင့်လွှတ်ပါ။ ရှေ့နေ ကြီးရဲ့ ကျေးဇူးကိုလည်း ဒီတစ်သက် မမေ့တော့ပါဘူး။ သွားခွင့်ပြုပါဦး။ ဪ...ဒါထက် ဆရာ"

အမျိုးသမီးကြီးက ရင်ဖုံးအင်္ကျီအောက်ကို အသာမ,လိုက်ပြီး ချွေးခံအင်္ကျီအိတ်ထောင်ထဲ လက်နှိုက်ကာ ဟိုစမ်း ဒီစမ်း လုပ်နေ သဖြင့် ရှေ့နေလေးခမျာမှာလည်း နွမ်းပါးလှသော အဒေါ်ကြီး၏ဖြစ်ရပ် ကို မကြည့်နိုင်တော့သည်နှင့်...

"ကျွန်တော် အဒေါ်သားကို အကျိုးဆောင်ခမယူဘဲ အမှုလိုက် ပေးမှာပါ။ အဒေါ် စိတ်အေးလက်အေးထားပြီးသာ ပြန်ပါ"ဟု နှစ်သိမ့်သမှု ပြုလိုက်ရလေတော့၏။

အမျိုးသမီးကြီးပြန်သွားလေတော့ သူ စိတ်ချဉ်ပေါက်စွာဖြင့် တစ်ချက် ရယ်လိုက်သေးသည်။

ဆရာရေ...

ကျွန်တော့်အစွမ်းအစနဲ့ ကျွန်တော် မယားနိုးမှုတစ်ခုတော့ လိုက်ရပြီ ဆရာရဲ့...။

***



www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီး (သို့မဟုတ်) မလည်ရှုပ်ကြီးမောင်သန်းအေး သူ့ရုံးခန်းဆီ လာတွေ့တော့ အမှုသွား၊ အမှုလာအချို့ကို မေးမြန်းရင်း ခုခံရေးလမ်းကြောင်းကို ရွေးချယ်ရသည်။

အသက်လေးဆယ်ဝန်းကျင် လူပျိုကြီးမောင်သန်းအေးမှာ ညိုကြမ်းသော အသားအရည်ရှိပြီး အရပ်အမောင်းက ထောင်ထောင်မောင်းမောင်း၊ မျက်လုံးက အညိုရောင်၊ ပါးစပ်ကလည်း ကွမ်းအောဖျစ်ဖျစ်စားတတ်ကာ ထိပ်လည်း နည်းနည်းပြောင်ပါသည်။

စကားပြောရာမှာလည်း တစ်စက်ကလေးမှ အဆီအငေါ်



www.burmeseclassic.com

www.burmeseclassic.com



မတည့်လှ။

"တကယ်တော့ နီက ဒုက္ခရောက်နေတဲ့သူကွ ငါ့ညီရ။ ဒုက္ခရောက်နေတဲ့သူကို တစ်ပတ်လောက် အိမ်ပေါ်ခေါ်တင်ပြီး အကူအညီပေးမိတာကို တရားဥပဒေက လျော့လျော့ပေါ့ပေါ့ စဉ်းစားမပေးနိုင်ဘူးလား"

"မပေးပါဘူး အစ်ကိုကြီး။ တိုင်တန်းတဲ့သူ တစ်စုံတစ်ရာ မရှိဘူးဆိုရင်တော့ အခြေအနေက တစ်မျိုးပေါ့။

အခုဟာက တိုင်တန်းတဲ့သူကလည်း ရှိနေပြီဆိုတော့ ဥပဒေအကြောင်းနဲ့ ငြိနေတယ်။

ဒါ့ထက် အိမ်မှာနှစ်ယောက်တည်းရှိစဉ်မှာ အစ်ကိုကြီးနဲ့ ကောင်မလေးရဲ့အခြေအနေကတော့...။

ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ။ ဒါမှ ကျွန်တော် ခုခံဖို့ နည်းလမ်း ရွေးချယ်နိုင်မှာ"

ရှေ့နေထွန်းသစ်စရဲ့ အမေးစကားကြောင့် လူပျိုကြီးမောင်သန်းအေးမှာ ရှက်ကိုးရှက်ကန်းနှင့် တစ်ချက်ရယ်ရင်း...

"ဟိုဒင်း...ငွတစ်ဂူမှာ အတူအောင်းမိတယ် ဆိုမှကွာ..."ဟု





ဖြောင့်ချက်ပေးပါ၏။

သူသည် ရှေ့ဆက် မကြားလိုသဖြင့် လက်ကို အသာအယာကာပြလိုက်ပြီး...

"ကောင်းပါပြီ...။ ရုံးချိန်းနီးရင် ခင်ဗျားကို ကျွန်တော် ထွက်ချက်နည်းနည်း သင်ပေးမယ်။ တရားခွင်ရောက်ရင် စိတ်အေးအေး ထားပါ။ လိုအပ်တာပဲ ဖြေဆိုပါ။

တစ်ဖက်ရှေ့နေရဲ့ ဆွယ်ရာနောက်ကိုလည်း ယောင်ပြီး မလိုက်မိပါစေနဲ့"

"အေးပါကွ"

ထိုနှင့် လူပျိုကြီးရဲ့ မယားခိုးမှုကို သူ စတင်ကိုင်တွယ်ရလေတော့သည်။

ကိုယ့်အမှုသည်ရဲ့ အကျိုးတရား မနစ်နာရလေအောင် တရားသို့မယားကို ခိုးယူပေါင်းသင်းခဲ့ခြင်း မရှိပါဘူးလို့ မျက်စေ့စုံမှိတ်ပြီး ဘူးငြင်းပစ်လိုက်ရင် ကောင်းမလား...။

ဒါမှမဟုတ် တရားလိုမယားက ခွင့်ပြုလို့ ပေါင်းသင်းရပါတယ်လို့ ပြောမလား...။

ဒါမှမဟုတ် တရားလိုရဲ့မယား မနီနီထွေးဟာ လူရှိမယားမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိခဲ့၍ ငြိတွယ်မိပါတယ်လို့ ပြောရမလား...။

မထူးတော့...

ဒီလမ်းကြောင်းနဲ့ ခုခံပြီး တရားခံမောင်သန်းအေးကို သက် သာအောင် လုပ်ပါတော့မည်။

သို့နှင့် အမှုကို စတင် ကြားနာစစ်ဆေးလေတော့သည်။

ပွဲစဉ် စတင်လိုက်သည်နှင့် တရားလိုရဲ့အင်အားက လိုအင် သည်ထက် ပို၍ သာလွန်နေလေသည်။

တရားလိုသည် သွေးအဆူလွယ်သော အရက်သမားကြီးဖြ လေရာ ရွှေနေထွန်းသစ်၏ မေးခွန်းများကို ပမာမခန့်ပြုလု ခွကျကျနှင့် အောင့်သီးအောင့်သက်ဆန်ဆန်စကားလုံးများနှင့် ဖြန့်ဖြ တတ်သည်မို့ တရားသူကြီးမှာ ခဏ ခဏ ဝင်ဟန့်ရလေ၏။

အမှုစစ်ဆေးနေစဉ်ကာလမှာပင် အရက်သမားကြီးဦးသာ နှင့် တရားခွင်သို့ လိုက်ပါနေကျ သူ့သူငွေးဆိုသူ ကိုကောင်းထက် တို့မှာ ရွှေနေထွန်းသစ်စနှင့် ခပ်တန်းတန်းအခြေအနေသို့ ရော ရှိလာကြသည်ဆိုသည်ကို အထူးပြောစရာ မလိုတော့။

ရုံးအနီးဝန်းကျင်မှာရှိသည့် ကန်တင်းတစ်ခုမှာ သူတို့သ တပည့်နှစ်ယောက်က တစ်စားပွဲ၊ ထွန်းသစ်စက တစ်စားပွဲ ထို သည်နှင့် အရက်သမားကြီးမှာ လေချဉ်တစ်ချက်တက်ရင်း အာကျ





ပါကျယ်နှင့်...

"အေ့...ပြစ်မှုက ဒီလောက်ထင်ရှားနေတာကြီး ကို အပြစ်မရှိပါဘူးလို့ ပြောင်လိမ်ဝံ့တဲ့ရှေ့နေက ရှိသေး တယ်။ ကျုပ်က ဒေါသထွက်လာရင် လူသတ်ဖို့တောင် ဝန်မလေးတဲ့ကောင် ဆရာလေးရဲ့။ အဟင်း...အဲဒီ ရှေ့နေပေါက်စတော့ ဓါးခုတ်ရာမှာ လက်ဝင်လျှိုသလို တော့ ဖြစ်တော့မယ် ထင်ပါရဲ့။ အဲဒီအကောင်က ဥပဒေကို လက်တစ်လုံးကြားလုပ်နေတဲ့အကောင်။ အေ့..."

"ဦးသာဒင်...ခင်ဗျား စိတ်ကို လျှော့ချပစ်လိုက် စမ်း။ ခင်ဗျား အဲဒီလို စိတ်တို၊ စိတ်ဆတ်တာကြီးကို ကျွန်တော် မကြိုက်ပါဘူး။ ခင်ဗျားကို ကျွန်တော့်အဖေ လက်ထက်ကတည်းက ဝန်ထမ်းမို့လို့ ကျွန်တော် ဒီလောက်အထိ လိုက်ပြီး ကူညီပေးနေတာ။ ခင်ဗျား မိုက်ရူးရဲစကား ထပ်မပြောနဲ့တော့။ နေရာတကာမှာ ဒေါသရှေ့ထားရင် အရှုံးကို ရင်ဆိုင်ရတတ်တယ်ဗျ"

"ဆော...ဆောရီးပါ ဆရာလေးရယ်...။ ဆရာလေး မကြိုက်ရင် နောက်ကို ကျွန်တော် မပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး။ ဆရာလေးရဲ့ ငွေရေး ကြေးရေး ကျေးဇူး
တရားတွေက ကျွန်တော့်အပေါ်မှာ သိပ်များပါတယ်။
ဆပ်လို့တောင် မကုန်နိုင်လောက်ပါဘူး"

ရှေ့နေထွန်းသစ်စသည် ကော်ဖီတစ်ခွက်ကို အေးဆေးစွာ သောက်ရင်း တရားခွင်တွင် ရင်ဆိုင်ရမည့် အခြေအနေများကို တွေးတောရင်း တစ်ဆက်တည်းမှာပင် တရားလိုရဲ့ သူဌေးဆိုသူ ကောင်းထက်ဖံ့အကြောင်းကို အတွေးရောက်သွားလေတော့သည်။

ကောင်းထက်ဖံ့...တဲ့။

အသက်အရွယ်ကတော့ သူ့လောက်ပဲ ရှိမှာပေါ့။ ဒါပေမဲ့ သူက ကုမ္ပဏီပိုင်ရှင်...။

တရားရုံးသို့လာလျှင် အဖြူရောင် ဇိမ်ခံကားကြီးဖြစ်တဲ့ ဇာ Crown ကားကြီးကို ကိုယ်တိုင်မောင်းကာ Brand အကောင်းစား စပို့ရှပ်များနှင့် စတိုင်လ်ဘောင်းဘီများ ဝတ်ဆင်ရင်း မိုင်းဆဲဗင်း စီးကရက်ကို ဟန်ပါပါ ရှိုက်ဖွာတတ်သူ။

အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်၊ မျက်နှာကျ အနီး အဆမြေဖြစ်လွန်းပြီး ယောကျ်ားပီသမှု ရှိသည့်လက္ခဏာကြောင့် သူ့ကို ရှေ့နေလေးကပင် ငေးမောယူရသည်အထိ။

ရှေ့နေထွန်းသစ်စကိုလည်း သူ အကဲခတ်ပြီး မှတ်ချက်ချနေ





မှာ မလွဲပါ။

လည်ကတုံးလက်ရှည်အင်္ကျီအဖြူနှင့် မိုးတိုက်ပုံအနက်ဝတ်ဆင်ရင်း မောင့်ကျက်သရေခေါင်းပေါင်းစ တလူလူနှင့် ထွန်းသစ်စကို သူ ကြည့်ရင်း ခပ်မျှင်းမျှင်းကလေး ပြုံးတတ်ပုံများက အလွန်တစ်ရာ သက်ဝင်မှုရှိလေသည်။

လောကမှာ လူတစ်ယောက်ကို ကူညီလိုက်မိလို့ နောက်ထပ် လူတစ်ယောက်နှင့် ရန်သူဖြစ်ရသည်မှာ ရှေ့နေတို့ ဖြတ်သန်းရတဲ့ လမ်းစဉ်ဟု ပြောရမလားပင် မသိပါ။

အဘယ့်ကြောင့်ဆိုသော် ဒီအမှုနဲ့ပတ်သက်ပြီး တွေ့ဆုံခွင့်ရခဲ့သော ကောင်းထက်ဖံ့နှင့် ထွန်းသစ်စတို့မှာ တစ်ယောက်ကို တစ်ယောက် သတိအနေအထားများနှင့် ခပ်တန်းတန်းကြီးများ ဖြစ်သွားလေတော့သည်။

သို့နှင့် လူပျိုကြီးမောင်သန်းအေးကို ရုံးတော်မှ အမိန့်ချမည့် နေ့သို့ ရောက်ရှိလာခဲ့သည်။

ထိုနေ့အတွက် သူ ရင်လေးနေမိသည်။

ထိုအမှုအတွက် သူ အစွမ်းကုန်ကြိုးစားခဲ့သော်လည်း အနိုင် ဖြစ်ညက တရားခံနှင့် တရားလိုမယားတို့ နှစ်ဦးတည်း အတူရှိနေသည့်အချက်ကို ဘယ်လိုမှ မချေပနိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမှုသည် ရှုံးဖို့ များနေသည်။

ထိုအမှုကို လိုက်ရသော ရှေ့နေထွန်းသစ်အတွက်မှာလည်း ဖွင့်ဆော်ဦးအရှုံးကို ရင်ဆိုင်ရန်အတွက် စိတ်လေးနေမိသည်။

တရားခွင် စတင်လေပြီ။

သူ မကြားချင်ဆုံးအရာကို ကြားသိလိုက်ရသည်။

ရုံးတော်မှ တရားခံဦးသန်းအေးကို ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ်တစ်နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်လေ၏။

အမိန့်ချမှတ်ပြီးသည်နှင့် ငိုသူငို ကျေနပ်သူကျေနပ်ကာ တရားခံကို လက်ထိပ်ခတ် ခေါ်သွားသည့်မြင်ကွင်းက သူ့ရဲ့ ကြိုးစားတက်ကြွမှု အရာအားလုံးကို ခြေဖျက်ဝါးမြိုပစ်လိုက်သည်။

သူသည် ကျောက်ရုပ်တစ်ရုပ်လို နေရာမှာပင် ငြိမ်သက်စွာ ကျန်ရစ်ခဲ့လေသည်။

သူ ပထမဦးဆုံးလိုက်ရသောအမှုသည် ရှုံးခဲ့လေပြီ။

သို့သော် သူ့ရဲ့ အမှုလိုက်ခကို တရားခံ၏မိခင်ဖြစ်သူအား လှူဒါန်းလိုက်ရသည့်အတွက် သူ ကျေနပ်ပါသည်။

မိခင်ကြီးမှာ သားဖြစ်သူပါသွားသော အချုပ်ကားကြီးနောက်သို့ ငိုယိုလိုက်သွားသည့်မြင်ကွင်းကို သူ စိတ်မကောင်းစွာ ကြည့်နေစဉ်မှာပင် ကောင်းထက်ဖုံ၏ အကြည့်တစ်စုံနှင့် သူ ဖျတ်ခနဲ ဆုံစည်းခဲ့လေတော့၏။





ကောင်းထက်ဖုံသည် သူ့ကို ခပ်နက်နက်ကလေးကြည့်ကာ ခရောင်းကားကြီးကို မောင်းပြီး ထွက်သွားလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် လအတော်ကြာလာသောအခါ သူသည် အမှုသေးလေးများ အအပ်ခံလာရကာ အမှုတွဲများဖတ်ခြင်း၊ လျှောက်လဲချက်ပေးခြင်း၊ သမ္မာန်စာ ဆင့်ခေါ်ခြင်း စသည့် ရုံးပြင်ကန္တားကိစ္စကလေးများကို လုပ်ကိုင်လာရလေသည်။

တရားခွင်ကို သူတစ်ဦးတည်း ရင်ဆိုင်တတ်လာလေပြီ။

ဒီအလုပ်ကို သူ ကြိုက်တော့ ကြိုက်နှစ်သက်သည်။

သို့သော် တစ်ခါတစ်ရံ ဦးနှောက်တစ်ခုလုံး လောင်ကျွမ်းသွားတတ် ခေါင်းရှုပ်မိသည်။

တစ်ရက်မှာတော့ မမျှော်လင့်ဘဲ အရက်ဖြူဆိုင်တစ်ဆိုင်၏



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် ဂျာနယ်ဆင်းဝယ်ရင်း သူ လိုက်ခဲ့ရသည့် အမှုဟောင်းမှ တရားလိုအရက်သမားကြီးဦးသာဒင်နှင့် ထိပ်တိုက် တွေ့ဆုံလေတော့၏။

ဦးသာဒင်သည် အရက်ကို လူမှန်းသူမှန်းမသိလောက်အောင် မူးဝေနေပေမဲ့ လူပျိုကြီးကိုသန်းအေးကို မဖြစ်၊ ဖြစ်တဲ့ကြားက ကာဗာလုပ်ပေးခဲ့သော ထွန်းသစ်စကိုတော့ လုံးဝမမေ့ချေ။

ပုဆိုးကို ဒယီးဒယိုင် မ,ဆွဲရင်း အရက်ပုလင်းကို လက်တစ်ဖက်ကကိုင်လျက်...

"အေ့...ဘယ်သူလဲ မှတ်တယ်။ ထွန်းသစ်စဆိုတဲ့ ရှေ့နေစုတ်ကိုး...။ ငါ့မယားကို ကြာခိုတဲ့ ကြောင်သူတော် ကြွက်သူခိုးကို အပြစ်မရှိပါဘူးလို့ ညာဖြီးပေးတဲ့ ရှေ့နေ။ မင်းကို ငါ တစ်သက် မကျေဘူးကွ။ မင်းကို နည်းနည်းတော့ ဗျင်းပေးရမယ်"

အရက်သမားကြီးက ပုလင်းကြီးတကိုင်ကိုင်နှင့် သူ့ဆီသို့ ရောက်လာတော့သည်။

ဘာလုပ်ရမလဲ...။

ထွက်ပြေးရမလား...။

သူ ထွက်မပြေးချင်ပါ။ ဒီတစ်ခါ ထွက်ပြေးမိသည်ရှိသော်





နောက်အခါတွေမှာ လမ်းတွေ့တိုင်း ထွက်ပြေးနေရလိမ့်မည်။

ဒါဆို ခံချမလား...။

ဟင့်အင်း...။ အသက်အရွယ်အားဖြင့်ရော၊ ဂုဏ်သိက္ခာအားဖြင့်ရော၊ ပညာအဆင့်အတန်းအားဖြင့်ရော ကွာခြားလွန်းသော ဦးသာဒင်နှင့် သူ ဖက်မဖြစ်ချင်။

သူသည် ဦးသာဒင်ကို အနက်ရှိုင်းဆုံး စိုက်ကြည့်လိုက်မိသည်။

"ရှေ့နေဆိုတာ ဆရာဝန်တစ်ယောက်နဲ့ တူပါတယ် ဦးသာဒင်၊ ဆရာဝန်ဟာ ဘယ်လောက်ဆိုးသွမ်းတဲ့ လူဆိုးလူမိုက်ပဲဖြစ်ဖြစ် သူ့ဆီကို သေအံ့မူးမူးနဲ့ ရောက်လာရင် ဆေးကုပေးရပါတယ်။

ဒီလိုပဲ ရှေ့နေဟာလည်း ဘယ်လောက်ပဲ အမှားတစ်ခုကို ကျူးလွန်တဲ့လူတစ်ယောက်ကိုပဲဖြစ်ဖြစ် သူ့ဆီကို ရောက်လာရင် အတတ်နိုင်ဆုံး ကာကွယ်ပေးရပါတယ်။ ဒါဟာ ရှေ့နေတစ်ယောက်ရဲ့ ဝတ္တရားပါ။ ဦးသာဒင် မကျေနပ်ရင် ကျွန်တော့်ကို ရိုက်သွားပါ၊ ရန်ကို ရန်နဲ့တုန့်ပြန်ရတာ အင်မတန် သံသရာရှည်ပါတယ်။ ကျွန်တော် ဦးသာဒင်ကို တရားမစွဲပါဘူး။ ကျွန်တော့်ကို မကျေနပ်ရင် စိတ်ကြိုက်ရိုက်သာ ရိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားပါ"

ထွန်းသစ်က စကားကို တစ်လုံးချင်း လေးနက်စွာပြောလိုက်လေရာ ပုလင်းကို ရွယ်ထားသော ဦးသာဒင်မှာ ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိဘဲ တက်တစ်ချက်ခေါက်ရင်း နေရာမှ ချာခနဲ လှည့်ထွက်သွားလေတော့၏။

"ဟယ်...ကြည့်စမ်းပါဦး။ ကောင်လေးက ရှေ့နေလေးတဲ့ တော်။ ငယ်ငယ်လေးနော်။ ထင်တောင် မထင်ရဘူး။ စကားပြောတာ ကလည်း လူကြီးလူ ကောင်းဆန်ပြီး သြဇာရှိလိုက်တာ"

"ပညာရှိအမျက် အပြင်မထွက်ဆိုတာ ဒါမျိုး ထင်ပါရဲ့နော်။ စကားကလည်း ကြွယ်လိုက်တာ။ သူ့ကို သတ်မယ် ဖြတ်မယ်ဆိုတဲ့ အရက်သမားကို တစ်ခါ တည်း ငြိမ်ကျသွားတာပဲ"

"ကြည့်ရတာ ရန်ညှိုးရန်စ ရှိတယ်နဲ့ တူပါရဲ့။ တရားရုံးမှာ အဖိုးကြီးကို ဘယ်လောက်နှိပ်ထားသလဲမှ မသိရတာ"

ပတ်ဝန်းကျင်တစ်ခုလုံး တီးတိုးတီးတိုးဝေဖန်မှုများကို သူ မျက်ကွယ်ပြုရင်း ကားဆီသို့ လှမ်းကာ ဖြည်းညင်းစွာ ထွက်လာခဲ့





မိလေသည်။

သူ့ရင်ထဲမှာ အတော့်ကို စိတ်မကောင်း ဖြစ်နေမိသည်။

ငါ့ကို ဒီလောက်တောင် မုန်းတီးရွံရှာနေတဲ့သူတစ်ယောက် ရှိနေပြီလား...။

ဒီလူဟာ တစ်သက်လုံးပဲ ငါ့ကို ဒီလိုကြီး မုန်းတီးနေတော့မှာ လား...။

သူ ဖြစ်စေချင်တဲ့အတိုင်းပဲ ဦးသန်းအေးဟာ အလုပ်နဲ့ထောင် ဒဏ်တစ်နှစ် ကျခံသွားရပြီပဲ။

လူတွေဟာ ဘာကြောင့်တောင် ဒီလောက်ကြီး အာဃာတ တွေ များချင်နေရတာလဲ။

တရားပြိုင်ရဲ့ရှေ့နေဆိုတာနဲ့တင် ငါ့ကို ကမ္ဘာမကြေစာရင်း သွင်းပစ်လိုက်ပြီလား။

ဘုရားရေ...

ကျွန်တော် ရှေ့နေတစ်ယောက်ဖြစ်ဖို့ ကြိုးစားစဉ်က လူတွေ ဆီကနေ မုန်းတီးစက်ဆုပ်မှု ရချင်လို့ မဟုတ်ရပါဘူး။

လူတွေရဲ့ အားကိုးမှု မိုခိုသဟဲပြုမှုကို လိုချင်တာ။ အမှန်တရား ကို ဖော်ထုတ်ချင်တာ။

ဦးသန်းအေး၏မိခင်ကြီး ကျွန်တော့်ဆီ အမှုလာအပ်စဉ်က

www.burmeseclassic.com



အတတ်နိုင်ဆုံး ငြင်းခဲ့သည်ပဲ။

ဒါပေမဲ့ ဆင်းရဲနွမ်းပါးလှတဲ့ မိန်းမသားတစ်ယောက်ရဲ့ အပူမီးကို မကြည့်ရက်လို့ မှားတဲ့သူဘက်က ကာကွယ်ပေးမိတာဟာ ကျွန်တော် မှားသလား။

အင်းလေ...ဦးသာဒင်ဘက်ကကြည့်တော့ ကျွန်တော် မှားတာ ပေါ့။ ကျွန်တော် မိုက်မဲတာပေါ့။

ဒါပေမဲ့ ကျွန်တော် အဲဒီအမှုကို ရှုံးခဲ့တာပဲ ဦးသာဒင်ရယ်

ထွန်းသစ်စသည် ကားမောင်းနေရင်းမှ ထွက်ပေါက်ပိတ်လာ သလို၊ မွန်းကျပ်လှောင်ပိတ်သလို ခံစားရသည်။

တစ်ဆက်တည်းမှာပင် ခေါင်းတွေ နောက်ကျိလာမိသည်။

တဆစ်ဆစ်နှင့် ခေါင်းကိုက်လာမိသည်။

အိမ်ကိုလည်း တန်းမပြန်ချင်သေး။

သူ ကံဆိုးသွားသည်လား မပြောတတ်။

ဆိတ်ငြိမ်ရပ်ကွက်ကလေးတစ်ခု၏ လမ်းသွယ်ကလေးထဲ ရောက်တော့ ကားက စက်ရပ်သွားလေတော့သည်။

"ဟာ...ပြဿနာပဲဟေ့"

ကားကို စက်နှိုးကြည့်သေးသည်။

ဘယ်လိုမှ ပြန်နိုးမလာတော့။





သူသည် ကားအကြောင်း တစ်စက်ကလေးမှ မကျွမ်းကျင် လှပါ။ တောင်ကလိ၊ မြောက်ကလိလည်း မလုပ်တတ်။

ထို့ကြောင့် ဝပ်ရှော့တစ်ခုခုသို့ ဖုန်းဆက်ရန် အနီးအနားဝန်းကျင် ကို မျက်လုံးဝေ့ကြည့်လိုက်သောအခါ...

***

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ သူရဲ့ DX Saloon ကားခပ်စုတ်စုတ်ကလေးသာ ဒီလမ်းထဲမှာ ပျက်မသွားဘူးဆိုခဲ့ရင်...

တကယ်လို့သာ လူရမ်းကားကြီး ဦးသာဒင်နှင့် သူ လမ်းမှာ ဆုံဆည်းမှု မရှိခဲ့ရင်...

တကယ်လို့သာ သူ ခေါင်းတွေ ရှုပ်ထွေးမနေဘဲ ကားကို ဦးတည်ချက်မဲ့ လျှောက်မောင်းမနေခဲ့ဘူးဆိုခဲ့ရင်...

တကယ်လို့သာ ကားဝပ်ရှော့ဆီသို့ ဖုန်းဆက်ဖို့ ဒီဆိုင်ကလေးဆီကို သူ မလာခဲ့ဘူးဆိုရင်...

နှင်းဝတ်လွှာဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ သူ ဆုံဆည်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ညည် မဟုတ်ချေ။

နှင်းဝတ်လွှာနှင့် သူ ဆုံဆည်းခဲ့ရသည်မှာ ထူးဆန်းသည်ဟု ပြောလို့ရသလို မထူးဆန်းလှပါဟုလည်း ပြောလို့ရပါသည်။

သူသည် ဘယ်လိုနှိုးနှိုး ပြန်၍ စက်မလည်လာသော ကားကို လက်လျှော့လိုက်ပြီး ဝပ်ရှော့ဆီသို့ ဖုန်းဆက်ရန် ဟိုဟိုဒီဒီ မျက်လုံး ဝေ့ကြည့်မိတော့ Beauty Palar လေးတစ်ခုကို တွေ့လေသည်။

မြူတီပါလာလေးက သိပ်မကြီးကျယ်လှသော်လည်း ချစ်စရာကလေး။

သစ်လုံးအိမ်ကလေးကို ခေါင်မြင့်မြင့်ကလေးမိုးပြီး ဆောက်လုပ်ထားလေသည်။

သူသည် ခပ်တည်တည်နှင့်ပင် ဆိုင်ကလေးထဲသို့ ဝင်လာခဲ့တော့ အေးစိမ့်နေသော လေအေးအငွေ့အသက်များနှင့်အတူ အထဲမှာရှိသည့် မိန်းကလေးများ၏ လှပသောမျက်လုံးလေးများနှင့် ဆုံဆည်းရလေတော့၏။

"ဘာလုပ်မှာလဲ...။ လျှော်မှာလား၊ ညှပ်မှာလား"

ဆံပင်ရှည်ရှည်နှင့်မိန်းကလေးက သူ့ကို အချိုသာဆုံး မေးပါ၏။





ထိုစဉ်ပင် သူသည် ကောင်တာမှာ တင်ထားသည့် ဖုန်းနိုညို ကလေးကို မြင်သွားပြီး အားတုန့်အားနာနှင့်ပင်...

"မဟုတ်ဘူးခင်ဗျ။ ကျွန်တော် ဖုန်းဆက်လို့ ရမလား မသိဘူး။ ကျွန်တော့်ကား ဒီလမ်းထဲမှာတင် ပျက်သွားလို့၊ ဝပ်ရှော့ကို ဖုန်းဆက်ချင်လို့ပါ"

"ရပါတယ်၊ ဆက်ပါ"

ဆံပင်ရှည်ရှည်နှင့်မိန်းကလေးက သူ့ကို၊ အထူးသဖြင့် သူ့ဆံပင်ကို စောစောကလို စိတ်ဝင်တစားနှင့် မကြည့်တော့ဘဲ ဖုန်းလေးကို ရှေ့တိုးပေးလိုက်လေ၏။

ထို့နောက် သူသည် ဝပ်ရှော့ဆီသို့ ဖုန်းဆက်ပြီး ဝပ်ရှော့ဆရာကို ကားပျက်တဲ့ လိပ်စာအတိအကျပေးရင်း တစ်နာရီအတွင်း လာခဲ့ဖို့ မှာရလေသည်။

ထိုစဉ်ပင် သူ့ခေါင်းတစ်ခုလုံး အုံတုန်တုန်နှင့် ငြီးစီစီကြီး ဖြစ်နေမိလေသည်။

ဖုန်းချလိုက်သောအခါ ဝပ်ရှော့ဆရာရောက်လာမည့် နောက်ထပ်တစ်နာရီစာကို ကားထဲမှာ ဖြုန်းဖို့ ဆန္ဒမရှိတော့ဘဲ သူ့ရဲ့ အုံတုံတုံဖြစ်နေတဲ့ ခေါင်းကို ဒီဆိုင်မှာလျှော်ပြီး Relax လုပ်ဖို့ စိတ်ကူးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူသည် မိန်းကလေးများဦးစီးသည့် မြူတီပါလာတွေမှာ ခေါင်းလျှော်၊ ညှပ်လေ့ရှိသူတစ်ယောက်တော့ မဟုတ်။

ကားပျက်တာရယ်၊ တစ်နာရီစာလောက် အချိန်ဖြုန်းရမှာရယ်၊ ခေါင်းအုံနေတာရယ်ကြောင့် ဒီဆိုင်ကလေးမှာ ခေါင်းလျှော်ဖို့ သူ စိတ်ကူးရသွားခြင်းသာ ဖြစ်လေသည်။

"ဖုန်းဘိုး ဘယ်လောက်ကျပါသလဲခင်ဗျာ"

"တစ်ရာပါ"

သူက ပိုက်ဆံတစ်ရာထုတ်ပေးလိုက်ပြီး စောစောက ဆံပင်ရှည်နဲ့ ကောင်မလေးကို...

"ကျွန်တော် ခေါင်းလျှော်ချင်လို့ ရသလား မသိဘူး"

ကောင်မလေးက သူ့စကားကို ကြားတော့ စဉ်းစားဟန်ဖြင့် နှုတ်ခမ်းကို တစ်ချက်စူထော်လိုက်ရင်း...

"ချိုတော့ မရှိဘူး။ လွှာ လုပ်ပေးပါ့မလား မသိဘူး"ဟု တစ်ချက်ငြီးတွားလိုက်လေ၏။

ထိုစဉ်ပင် ဆံပင်ညှပ်တဲ့ ထိုင်ခုံမှာ ထိုင်နေတဲ့ ကြေးနီရောင်ဆံပင်နဲ့ကောင်မလေးက စောစောကကောင်မလေးကို...

"လွှာ လုပ်ပေးမှာမဟုတ်ဘူး။ မေးလည်း အပိုပဲ"ဟု လှမ်း





ပြောဓ၏။

ဆံပင်ရှည်ရှည်နှင့်ကောင်မလေးက ဆက်လက်၍...

"တခြားနေ့တွေဆိုရင်တော့ ရပါတယ်။ ဒီနေ့ မိန်းကလေးတစ်ယောက် မလာလို့ပါ"

"စောစောက ကျွန်တော်ကြားလိုက်ပါတယ်။ လွှာဆိုလား...ဘာဆိုလားပဲ။ သူကကော တစ်ချက်လောက် လုပ်မပေးနိုင်ဘူးလား"

ဆံပင်ရှည်ရှည်နှင့်ကောင်မလေးက တစ်ချက်ရယ်ရင်း...

"သူက အမျိုးသမီးသီးသန့်လျှော်တာရှင့်။ လုပ်ပေးမှာ မဟုတ်ဘူး"

"တစ်ချက်လောက် ရီကွက်(စ်)လုပ်ကြည့်ပေးပါလားဗျာ။ ကျွန်တော် ခေါင်းတွေအုံနေလို့ပါ။ နောက်ပြီး ဝပ်ရှော့ဆရာကလည်း နောက်တစ်နာရီလောက်နေမှ လာမှာဆိုတော့ အချိန်တွေလည်း ပိုနေလို့ပါ"

"လှဲ့ကိုရေ...လွှာ့ကို တစ်ချက်လောက် သွားမေးပေးစမ်းပါကွာ"

ကြေးနီရောင်ဆံပင်နှင့်မိန်းကလေးက တစ်ဖက်အခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလေသည်။

သိပ်မကြာ...

ပြန်ထွက်လာတော့ လက်ခါပြလိုက်သည်မို့ သူ စိတ်ပျက်သွား သလို ဒေါသလည်း ထွက်သွားမိလေတော့၏။

လှလှဆိုတဲ့မိန်းကလေးကို သူ မရ၊ ရအောင် တောင်းပန်ပြီး ခေါင်းလျှော်ပစ်လိုက်မည်ဟု စိတ်ထဲမှာ ကြိမ်းဝါးလိုက်မိပြီး စောစော က ဆံပင်ရှည်ရှည်နှင့်မိန်းကလေးကိုပင် ထပ်၍ နားပူနားဆာ လုပ်မိ ပြန်တော့၏။

"ထပ်ပြီးတော့ ရီကွက်(စ်)လုပ်ပါရစေဗျာ။ ကျွန်တော်ဟာ မိန်းကလေးတွေဦးစီးတဲ့ ဖြူတီပါလာ တွေမှာ ဆံပင်ညှပ်ဖူးတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ကျွန်တော်ဟာ ရှေ့နေတစ်ယောက်ပါ။ ဒီနေ့ တရားခွင် မှာ စိတ်ရှုပ်စရာကိစ္စတစ်ခုနဲ့ တိုးရင်း ခေါင်းတွေအုံ လာမိတယ်ဗျာ။ နောက်ပြီး ဒီလမ်းထဲရောက်တော့ ကားက ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ ပျက်သွားတယ်။ ကျွန်တော့်ခေါင်းကို Cleaning လုပ်ပစ်လိုက်ချင်တယ်။ ကူညီနိုင်ရင်လည်း ကူညီပါ။ ကျွန်တော် ရီကွက်(စ်) လုပ်တာပါ"





ဒီတစ်ခါတော့ ဆံပင်ရှည်ရှည်နှင့်မိန်းကလေးက...

"ဒါဆိုလည်း ခဏစောင့်ဦးနော်"ဟု ပြောရင်း သူမကိုယ်တိုင် အစ်ဖက်ခန်းထဲသို့ ရောက်သွားလေသည်။

သိပ်မကြာ...

သူမ ပြန်ထွက်လာသောအခါ "ရှင် ဒီကိုလာခဲ့"ဟု ဆိုရင်း ခေါင်းလျှော်စင်တစ်ခုဆီသို့ သူ့ကို ညွှန်ပြလေ၏။

သူသည် ခေါင်းလျှော်စင်ပေါ်သို့ တက်ကာ အကျအနလှဲလိုက် ရင်း သိပ်မကြာခင်ပင် သူ့လည်ဂုတ်တစ်ဝိုက်သို့ ရေစိုခံပြားတစ်ခု ထပ်ပေးလိုက်သည်ကို စတင်ခံစားရလေတော့၏။

လှလှဆိုတဲ့ မိန်းကလေးများလားတော့ မသိ။

မျက်လုံးကို လှန်ကြည့်လိုက်ဖို့ရာကလည်း၊ ခေါင်းလျှော်သော မိန်းကလေးတစ်ယောက်ကို ထိုသို့ စိတ်ဝင်တစားကြည့်ရန် မလိုအပ် ဟု သူ သွေးကြီးကြီး တွေးလိုက်မိပြီး မျက်လုံးကို လှန်မကြည့်မိဘဲ မျက်လုံးကို စုံမှိတ်ကာ ရီလက်(စ်)လုပ်လိုက်၏။

သိပ်မကြာခင်ပင် ရေသံသဲ့သဲ့နှင့်အတူ သူ့ဦးခေါင်းတစ်ဝိုက်သို့ ရေအေးများ ပက်ဖြန်းပေးမှုကြောင့် (ငယ်မူပြန်စကားနှင့်ပြောရလျှင်) အသည်းပင် အေးတက်သွားရချေသည်။

"နာရင် ပြောနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်လုံးမှိတ်ရင်း ခေါင်းခါပြလိုက်သည်။

ရှန်ပူတစ်မျိုးနှင့် သူ့ခေါင်းကို ကောင်မလေးက လက်သည်းဖွဖွနှင့် ကုတ်ကာ လျှော်ပေးလေသည်။

သူ့နားထဲမှာတော့ သူမရဲ့ လက်သည်းရှည်နှင့် သူ့ဆံပင်တို့ ထိခတ်သွားသံမှာ အလွန်နားထောင်၍ ကောင်းနေတော့သည်။

ဖွဖွကုတ်ခြစ်ပြီးသောအခါ ရှန်ပူတစ်မျိုးနှင့် ဦးခေါင်းတစ်ခုလုံးကို နှိပ်နယ်ပေးလေသည်။

"နာရင် ပြောနော်" ဆိုပြီးလည်း ခဏခဏပြောတတ်ပြန်သေးရာ သူသည် သူမရဲ့ ပညာလက်ဆန်ဆန် အတတ်ပညာကို အသေးစိပ် သိလိုလှသေး၍ တစ်ခါတစ်ရံ သူမရဲ့ လက်သည်းခွံကြောင့် နာကျင်သွားမိစေကာမူ ခေါင်းကို ခါရမ်းရင်း အတွေးယာဉ်ကြော၏ ခေါ်ရာနောက်သို့ ပါသွားလေတော့၏။

ခေါင်းကို ရေအေးတို့နှင့်လည်း ခဏ၊ ခဏ ပက်ဖြန်းပေးသည်။ ရှန်ပူတစ်မျိုးပြီးတစ်မျိုးလည်း သုံးပေးသည်။

သူသည် သူ့အဖြစ်ကို တွေးရင်း ဒေါသထွက်ရမည်လား ရှက်ရမည်လား မသိ။

မဆိုင်ပါဘူး။ ယောကျ်ားတိုင်းလိုလိုဟာ ယုယမှုတစ်မျိုးမျိုးကို ခံယူပြီး ဇိမ်ခံချင်တတ်တာ သဘာဝပဲ မဟုတ်လား။





"... ... ... ..."

လွှာဆိုသည့် ကောင်မလေးက သူ့ကို ဘာပြောသလိုက်လဲ တော့ မသိ။ သူ ရမ်းသမ်းကာ ခေါင်းညိတ်လိုက်မိသည်။

ထိုစဉ်ပင်...

အလိုလေး... ...

သူ့ရဲ့နားတစ်ဖက်ထဲကို ရေပိုက်သွယ်ကလေးထဲက ရေ အနည်းငယ်ထည့်ကာ နားရွက်ကို ပိတ်ရင်း၊ ခေါင်းကို တစ်ဖက် စောင်းလိုက်လေ၏။

မြတ်စွာဘုရား...

နားကို ရေဆေးတယ်ဆိုတာ ဒါမျိုးလား မသိ။

ထိုစဉ်အထိပင် သူသည် ကောင်မလေးကို မျက်လုံးလှန်ကြည့်ဖို့ ခက်၍ ခက်၍ လာချေတော့သည်။

"ရပါပြီ"

မိနစ်နှစ်ဆယ်လောက် ကြာတော့မှ ကောင်မလေးက ရေစိုခံ ပြားကို ခွဲခွာလိုက်ကာ အောက်က တဘက်ကလေးနှင့် သူ့ရင်ဘတ် ကို ခွဲစေ့လိုက်ရင်း ဆိုလေ၏။

သူ အိပ်နေရာမှ မတ်တပ်ရပ်လိုက်ရင်း မိန်းကလေးကို စူးစမ်း လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို မမြင်လိုက်ရချေ။

မျက်နှာကို တစ်ဖက်လှဲ့ကာ စောစောက ခေါင်းလျှော်ရည်ဘူးများကို နေရာတကျ ပြန်ထားနေသဖြင့် သူမရဲ့ ကျောပြင်နှင့် ဝတ်စားဆင်ယင်မှုကိုသာ မြင်လိုက်ရသည်။

ရိုးရာ ဂျပ်ခုတ်ဝမ်းဆက်ကို လှပစွာဝတ်ဆင်ထားပြီး ဆံပင်လေးကို စင်းထားသည်။ လှပသောအချိုးအဆစ်ရှိသည့်ကောင်မလေး

သူသည် ကောင်မလေးကို ကစ်ချက်လောက်ဖြစ်ဖြစ် မျက်နှာကလေး မြင်ဖူးလိုက်ချင်သော်လည်း ကောင်မလေးမှာ လုံးဝကျောပေးကာ ပစ္စည်းပစ္စယများ သိမ်းဆည်းနေသဖြင့် မှန်တင်ခုံဆီသို့သွားရတော့သည်။

အင်း…ထူးဆန်းလိုက်တဲ့ နည်းပညာတွေ။ ဘာတွေမှန်းကို မသိ။

မြူတီပါလာထဲက ထွက်လာသောအခါ သူ့ရဲ့ကားစုတ်ကလေးရှေ့မှာ ဝပ်ရှော့ဆရာ ခေါင်းကုတ်ရင်း သူအလာကို စောင့်နေတာကိုတွေ့ရလေတော့၏။

***





ယနေ့ တရားခွင်တွင် တစ်ဖက်တရားပြိုင်ရဲ့ အကျိုးဆောင်မှာ မိမိရဲ့အမှုသည်ကို ဆွယ်၍ ထွက်ချက်စစ်လေသည်။

မိမိရဲ့အမှုသည်မှာလည်း တရားခွင်အတွေ့အကြုံ မရှိလှသည့်အတွက် တစ်ဖက်ရှေ့နေရဲ့ ဆွယ်ရာနောက်သို့ ယောင်နနဖြင့်ပါသွားလေရာ သူ့မှာလည်း…

"တရားသူကြီးမင်းခင်ဗျား။ ဒီမေးခွန်းဟာ ကျွန်တော့်အမှုသည်ရဲ့ ပုဂ္ဂိုလ်ရေးရာ အတွင်းရေးဖြစ်တဲ့အပြင်၊ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေတာမို့ ကန့်ကွက်ပါတယ်"ဟု ခဏ ခဏ အယူခံဝင်ရလေသည်။

သင်ကြားပေးတဲ့ ထွက်ချက်တွေနဲ့ တကယ်တမ်း တရားခွင်

www.burmeseclassic.com



မှာ အစစ်ခံတဲ့ တွက်ချက်တွေက အလွဲလွဲ အမှားမှား။

တရားခွင်ပြီးဆုံးသွားသောအခါ သူ့ခေါင်းတွေ နောက်ကို လာမိပြန်သည်။

လွှာ...

လွှာဆိုတဲ့ မိန်းကလေးထံ သူ သွားချင်နေမိပြန်၏။

"ဟင့်အင်း...။ ငါ့လို ရှေ့နေတစ်ယောက်အနေနဲ့ မြူတီပါလာက ခေါင်းလျှော်ပေးတဲ့ မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ တမ်းတနေရမှာလဲ။ သူ့ဆီ ငါ မသွားဘူး"ဟု သူ့စိတ်ကို တင်းကျပ်စွာ သတိပေးစကား ပြောဆိုမိသော်လည်း တကယ်တမ်း တရားရုံးကနေ ကားဘီး စလိမ့်တော့ သူ့ကားကလေးရဲ့ လားရာမှာ သူ့အိမ်ဆီသို့ မဟုတ်ဘဲ ထိုမြူတီပါလာဆီသို့ပင်ဖြစ်လေသည်။

လွှာဆိုတဲ့ မိန်းကလေးရယ်...

ဒီတစ်ခါ ကိုယ့်ခေါင်းကို မလျှော်ပေးချင်ရင်လည်း နေပါ။ မင်းမျက်နှာလေးကို တစ်ခါလောက် တွေ့ဖူးရင် ကိုယ်ကျေနပ်ပါပြီ။

မြူတီပါလာသို့ သူ ဒုတိယမ္ဘ ရောက်ရှိလာသောအခါ သူ့ကို မေ့သေးဟန်မတူသေးသော ကြေးနီရောင်ဆံပင်နှင့်မိန်းကလေးက...

"ဘာလုပ်မလို့လဲ"ဟု မေး၏။

"ခေါင်းလျှော်ချင်လို့..."





တကယ်တော့ သူ အဲဒီလိုကြီး ဖြေလိုက်ရတာ ရှက်တော့ ရှက်သည်။

ထိုစဉ် မိန်းကလေးတစ်ယောက်က ခေါင်းဆတ်ပြရင်း ခေါင်းလျှော်စင်သို့ သူ့ကို လာစေလျှင်...

"တဆိတ်လောက်ဗျာ...။ ကျွန်တော့်ကို ဟို တစ်ပတ်က ခေါင်းလျှော်ပေးတဲ့ မိန်းကလေးကော..."

"သြော်...လွှာ့ကိုပြောတာနဲ့ တူတယ်။ အဲဒီ့နေ့က ချိုကလည်း မလာဘူး။ လွှာကလည်း ရှင့်ကို အားနာလို့ လုပ်ပေးလိုက်တာ။ သူက ယောကျ်ား ကလေး လက်မခံဘူးရှင့်"

"ဒါပေမဲ့ သူ့ကို တစ်ချက်ပြောကြည့်ပါဦးဗျာ"

သူ ခေါင်းမာတတ်ကြောင်းကို ကြေးနီရောင် ဆံပင်နှင့်မိန်းကလေးကရော၊ ဆံပင်ရှည်ရှည်နှင့်မိန်းကလေးကရော ရိပ်မိပုံ ငေးနေမိပါသည်။

သူမတို့နှစ်ယောက်က တစ်ယောက်မျက်လုံးကို တစ်ယောက် အောင်ကြည့်လိုက်ရင်း...

"သူ ဒီနေ့ အလုပ်မလာဘူး။ သူ့ကြောင် ကလေး နေမကောင်းလို့ ဆေးခန်းသွားပြမလို့...တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဟို...ကျွန်တော့်ကို ခွင့်ပြုပါဦး

မြို့တီပါလာထဲက ထွက်လာတော့ ကောင်မလေးတွေ သူ့

အကြောင်းပြောရင်း ဘယ်လောက်တောင် ဟားကျွန်ခဲ့လေမလဲရယ်

မသိ။

သူသည် ဘာကြောင့် ဒီလောက်တောင် လွှာကို တမ်းတ

ရတယ် မသိ။

မျက်နှာကလေးကို မြင်ဖူးလိုက်ချင်သည်။

တစ်ခါတစ်ရံ သူသည် ဘာမဟုတ်သောကိစ္စလေးတစ်ခု

ပတ်သက်ပြီး ထိုသို့ ရူးကြောင်ကြောင်နိုင်တတ်သော ရွေ

တစ်ယောက်သာ ဖြစ်လေသည်။

ကားကို လမ်းသွယ်ကလေးထဲကနေ လမ်းမပေါ် ပြန်မကွေ

ရွေ့ဆက်မောင်းလာခဲ့မိခြင်းကိုက သူ ကံကောင်းသွားသည်ရယ်

မသိ။

သိပ်မကြာခင်ပင် ကြောင်တစ်ကောင်တည့်ထားသော သံ

လှောင်အိမ်ကလေးနှင့် ခပ်မတ်မတ် လမ်းလျှောက်နေသော

မိန်းကလေးတစ်ယောက်ကို သူ တွေ့ရလေသည်။

ကြည့်စမ်း...,

ဒီမိန်းကလေးဟာ ကျွန်တော်တမ်းတနေတဲ့ လွှာများ ဖြစ





မလားလို့။

အို...ဟုတ်ပါတယ်။

သူ့ရဲ့ စင်းကျနေတဲ့ဆံပင်နဲ့ ဝတ်စားဆင်ယင်မှုတွေကို

ကျွန်တော် လုံးဝမမေ့သေး။

ထွန်းသစ်စရဲ့ ကားကလေးမှာ မိန်းကလေးရှေ့သို့ ကျော်ရပ်

လိုက်ကာ နောက်ကြည့်မှန်မှတစ်ဆင့် သူမ လမ်းလျှောက်လာပုံကို

မယိမသော နိုးကြည့်မိစဉ် သူ့ရင်ထဲ၌ မီးတောင်တစ်ခု ပေါက်ကွဲသွား

သလိုမျိုး ခံစားလိုက်ရသည်။

မြတ်စွာဘုရား...။

သူ အကြီးအကျယ်ပင် တုန်လှုပ်သွားရချေသည်။

တစပ်တည်းမှာပင် အင်အားပြင်းထန်လွန်းသော စိတ်မကောင်း

ခြင်းဝေဒနာကို သူ ခံစားလိုက်ရမိသည်။

မှန်ပါသည်။

သူ့ထင်မြင်ချက် လုံးဝမလွှဲပါ။

လွန်ခဲ့သည့်တစ်ပတ်လောက်က သူ့ခေါင်းကို ကျကျနနလှော်

သွားသော လွှာဆိုသူ မိန်းကလေးတစ်ယောက်သည် မျက်မမြင်

မိန်းကလေးတစ်ယောက်သာ ဖြစ်လေသည်။

ကြောင်လှောင်အိမ်ကလေးကို လက်တစ်ဖက်က ဆွဲရင်း ကျွန်

www.burmeseclassic.com



လက်တစ်ဖက်က စတီးလ်တုတ်ကလေးတစ်ချောင်းနှင့် ထိန်းကာ သူမ လမ်းလျှောက်နေလေသည်။

ကျွန်တော် ဘာဆက်လုပ်ရမလဲ။

ကျွန်တော့်ရင်ထဲမှာ ဒီမြင်ကွင်းဟာ အရှိုက်တည့်တည့်ကို ထိုးသွင်းခံရတဲ့ လက်သီးတစ်လုံးလို နာကျင်အောင့်မြက်စေပါသည်။

လွှာဆိုတဲ့မိန်းကလေးရယ်...

မင်းရဲ့မျက်နှာကို မြင်တွေ့ခွင့် ရပြန်တော့လည်း မင်းကို စကားမပြောဘဲ၊ မိတ်ဆွေမဖွဲ့ဘဲ မနေနိုင်လောက်အောင် ကျွန်တော် လောဘကြီးလာမိတယ်။

မျက်မမြင်မိန်းကလေးတစ်ယောက်/ဖြူတီပါလာမှာ ခေါင်း လျှော်သူမိန်းကလေးတစ်ယောက်/ချောမောလှပသောမိန်းကလေး တစ်ယောက်ရယ်...

လွှာကတော့ သူ့ကားရှေ့မှ ကျော်ဖြတ်သွားလေတော့သည်။

ထွန်းသစ်စသည် လွှာ့အား မိတ်ဆွေဖွဲ့ရန် ကားပေါ် ဆင်းကာ သူမနားသို့ မသိမသာ လမ်းလျှောက်သွားမိလေ၏။

တကယ်တော့ ကျွန်တော်ဟာ ရှေ့နေတစ်ယောက်ဖြစ်တာ အစစအရာရာမှာ ပိရိမှု ရှိပါတယ်။

ခြေသံကို လုံအောင် အတတ်နိုင်ဆုံး ထိန်းရင်း သူမနော





မသိမသာ လိုက်လာမိပေမယ့် ခြေလှမ်း နှစ်ဆယ်မြောက်လောက် မှာပင် သူမဆီမှ စိုးထိတ်သောမျက်နှာထားနှင့် စတီးလ်တုတ်ကောက် ကလေးကို ဘယ်ညာယမ်းလိုက်ကာ...

"ကျွန်မနောက်ကို တစ်ယောက်ယောက်လိုက်လာသလား"ဟု မေးလေ၏။

လှပပြီး အပြစ်ကင်းစင်လိုက်တဲ့ မိန်းကလေးရယ်...

အမှောင်ထဲမှာ ဘာကိုမှ မြင်နိုင်စွမ်းမရှိတဲ့ မိန်းမသား တစ်ယောက်ရဲ့ ကြောက်ရွံ့မှုကို ကျွန်တော် နားလည်ပေးနိုင်ပါတယ်။

ကျွန်တော်က လူကောင်းတစ်ယောက်ပါ။

"ဟုတ်ကဲ့၊ ကျွန်တော်လိုက်လာပါတယ်"

သူမက အတော်ကလေး နားစွင့်လိုက်ကာ မျက်ခုံးတွန့်ရင်း၊ အသံပိုင်ရှင်ကို ဘယ်သူဘယ်ဝါဖြစ်မယ်မှန်း ခွဲခြားလေတော့၏။

သူမသည် အလွန်တရာဖြတ်လပ်မှုရှိသော မိန်းကလေး တစ်ယောက်ပင်...။

"လွန်ခဲ့တဲ့တစ်ပတ်လောက်က ဆိုင်ကိုရောက် လာတဲ့ ရှေ့နေဆိုတဲ့တစ်ယောက်လား"

သူမရဲ့ တိကျသောမေးခွန်းကြောင့် သူ ဘယ်လိုမှ မပြုံးဘဲ နေနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ကျွန်တော် ရှေ့နေတွန်းသစ်စပါ"

သူမက ခေါင်းကို ယောင်ယောင်ကလေးညိတ်လိုက်ကာ လမ်းဆက်လျှောက်၏။

"ရှင် ဘာလို့ ကျွန်မနောက်ကို လိုက်နေတာလဲ"

ဟောကြည့်...။

သူမဟာ တကယ်ကို စူးစမ်းတတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ။

"အပန်းမကြီးဘူးဆိုရင် ကျွန်တော့်ကို အဲဒီမေးခွန်းလေးပဲ ပြန်ဖြေပေးပါလား။ ကျွန်တော့်ခြေသံက ဒီလောက်လုံနေတာ။ မင်း ဘယ်လိုလုပ်ပြီး လူတစ်ယောက် မင်းနောက်ကို လိုက်လာမှန်း အတပ်သိရတာလဲ"

သူမက လျှို့ဝှက်နက်နဲစွာ ပြုံးသည်။

"လူတစ်ယောက်မှာ အမြင်အာရုံက အကြီးကျယ်ဆုံးပဲရှင့်။ အဲဒီအမြင်အာရုံကြောင့်ပဲ လူတွေဟာ တခြားအာရုံတွေကို မေ့မေ့လျော့လျော့ ထားတတ်ကြ





တယ်။ လွှာ...အဲ...ကျွန်မ မျက်စိမြင်ရတုန်းကလည်း အဲဒီလိုပဲ။ ကျွန်မမှာ တခြားနိုးကြားတဲ့အာရုံတွေ မရှိခဲ့ဘူး။

ဒါပေမဲ့ ကျွန်မ မမျှော်လင့်ဘဲ မျက်စိကွယ်ခဲ့တယ်။ မျက်စိမမြင်တဲ့နောက်မှာ ထူးခြားတဲ့အာရုံတွေ ကျွန်မ ရလာခဲ့တယ်။ နိုးကြားတဲ့အာရုံလို့ ခေါ်ရမှာပေါ့။ လူတစ်ယောက်က ကျွန်မကို ကြည့်နေရင် ကျွန်မ အဲဒီလူကို မမြင်ရပေမဲ့ ကိုယ့်ကို တစ်ယောက်ယောက် အကဲခတ်နေပြီမှန်း သိတယ်။ ဒါတွေက ကျွန်မအတွက် အသားကျနေပါပြီလေ..."

ခံစားချက်အပြည့်နှင့် သူမက ဖြေပါသည်။

သံမဏိလှောင်အိမ်ထဲက ကြောင်ကလေးကို ကြည့်တော့ ညီး နှမ်းနှမ်းလျလျ။

"ကြောင်ကလေးက ဘာဖြစ်တာလဲဗျ"

"ရင်သားမှာ အကြိတ်တွေ့လို့လေ။ အော်ပရေးရှင်း လုပ်ထားတာ"

"ဩော်...ဩော်"

လွှာက (မသိရင်)မျက်လုံးမြင်နေရတဲ့ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ ဟန်ချက်ညီညီ လမ်းလျှောက်နိုင်လေသည်။

"အခု ဘယ်ကိုသွားနေတာလဲ။ ဖြစ်နိုင်ရင် ကျွန်တော် လိုက်ပို့ပါရစေ။ ကျွန်တော့်မှာ ကားပါ တယ်"

"အိမ်ကို သွားနေတာပါ။ နောက်ထပ် ခြေ လှမ်းပေါင်း တစ်ရာ့တစ်ဆယ့်ရှစ်လှမ်းဆိုရင် ကျွန်မအိမ် ကို ရောက်ပါပြီ။ ရပါတယ်"

"သြော်...အဲဒီလိုတွေလည်း တွက်ချက်ထား တတ်တယ်နော်။ ဒါဆိုလည်း ကြောင်အိမ်ကလေး ကျွန်တော့်ကို ပေးပါဗျာ။ ကျွန်တော် ဆွဲပေးပါ့မယ်"

ကြောင်အိမ်ကလေး ကျွန်တော့်လက်ထဲ ပါလာလေတော့ သူမက...

"ဒါဆိုရင် ရှင့်ဦးတည်ချက်က ကျွန်မအိမ်ကိုလား"ဟု မေး၏။

ကျွန်တော် သူမစကားကြောင့် ခပ်ဟက်ဟက်ကလေး ရယ်မိ ပါတယ်။

"အိမ်ရှင် ခွင့်မပြုရင် ကျွန်တော် ဧည့်သည် မလုပ်ပါဘူးဗျာ။ ကျွန်တော် မင်းရဲ့အိမ်ရှေ့အထိ လိုက်





ပို့ပေးမယ်လေ"

သူမက ပြုံးရင်း ခေါင်းတစ်ချက် ဆတ်လိုက်လေသည်။

မျက်ဆံနက်ကလေး လှုပ်ရှားမှုမရှိရုံကလွဲလို့ သူမရဲ့ မျက်လုံး ကလေးတွေဟာ အလွန်တရာလှပါသည်။

မျက်တောင်ကော့ကော့၊ မျက်အိမ်လှလှနှင့် မျက်လုံးကလေး တွေ။

ဒီမျက်လုံးကလေးတွေ ဘာကြောင့်များ ကွယ်ခဲ့ရတာပါလိမ့်။

ဒါပေမဲ့ ကျွန်တော် ချက်ချင်းကြီး သူမကို မမေးရဲခဲ့ပြန်ဘူး။

ဒါဆိုရင် ကျွန်တော် သူမနားကို ဘာလိုက်လုပ်နေမိတာပါလိမ့်။

သူမကို ကျွန်တော် ပိုးနေမိတာလား။

ကျွန်တော့်စိတ်ကိုလည်း ကျွန်တော်မသိ။

သူမကို ပစ်ပြီး ကျွန်တော် ပြန်မလာချင်တာသာ သိလေသည်။

"မင်းနာမည် ဘယ်သူဆိုတာကော ကျွန်တော် သိလို့ရမလား"

"ရှင်က ဘာလုပ်မလို့လဲ"

အစိမ်းရောင်ဆန်သော စကားများကို မျက်နှာချိုချိုလေးထား ၍ မေးမြန်းတတ်သည်မှာ သူမရဲ့ အတတ်ပညာတစ်ခုပေလား မပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မင်းကို ခင်ချင်လို့ပါ"

သူမက ရယ်သည်။

"ဘာလို့ ရယ်တာလဲ။ အဲဒီလိုရယ်တာ ကျွန်တော် အတော်အခံရခက်တယ်"

"သဘောကျလို့ပါ"

"ဘာကိုသဘောကျတာလဲ"

"ထူးဆန်းနေလို့..."

"ရော်...ဘာတွေထူးဆန်းနေတာလဲ"

"အိမ်နားရောက်တော့မယ်။ အခု ကျွန်မတို့ ကြံရည်ဆိုင်ရှေ့ရောက်နေပြီနဲ့တူတယ်။ ဟုတ်လား..."

သူမ မေးခွန်းကြောင့် သူ ပို၍ အံ့ဩသွားရပြန်သည်။ ကွက်တိပင်။

"ဟုတ်တယ်။ ဒီလိုအခြေအနေမျိုးရောက်အောင် မင်း တော်တော်လေ့ကျင့်ခဲ့ရမှာပဲနော်"

"ဒါပေါ့...။ အဓိကက စိတ်ဓာတ်ပဲလေ"

"ကြံရည်သောက်ရအောင်ဗျာ။ ကျွန်တော် ကြံရည်မသောက်ဖြစ်တာ ကြာပြီ"

သူမက ထပ်မံရယ်ပြန်သည်။



'လည်လိုက်တာ'ဆိုတဲ့ လှောင်ပြုံးမျိုး။

ကျွန်တော့်အတွက် အခံရခက်လှသော်လည်း ထွန်းသစ်စဆိုတဲ့ ...်တော်ကလည်း အလွန်ကို စိတ်ရှည်သည်းခံတတ်တဲ့ လူစားမျိုး ...

"နော်..."

သူမက မငြင်းဆန်တော့။

သို့နှင့် ကြံရည်ဆိုင်ကလေးသို့ ရောက်လာလေသည်။

သူမသည် ပတ်ဝန်းကျင်ရဲ့ ချစ်ခင်နှစ်သက်မှုကို ခံရတဲ့ ...ာလေးတစ်ယောက် ထင်ပါရဲ့။

ဆိုင်ထဲရောက်တာနဲ့ အမျိုးသမီးကြီးတစ်ယောက်က...

"ဟော...လှ ရောက်လာပြီကိုး"ဟု ဆိုကာ ထိုင်ခုံပုကလေး ...သူမကို လက်မောင်းလေးတွဲကာ ဖေးဖေးမမလေး ထိုင်စေသည်။

"ညီ့သည်လည်း ပါလာတာကိုး"

"ဟုတ်ကဲ့။ ကြံရည်နှစ်ခွက်လောက်ပေးပါ မမနွယ်"

အမျိုးသမီးကြီးက ပြုံးရင်း ထွက်သွားလေသည်။

"မင်းနာမည်ထဲမှာ လှဆိုတာလေး ပါနေသလိုပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"ပြောပြလေ"

"နှင်းဝတ်လွှာ"

လှလိုက်တဲ့ နာမည်ကလေး။

နောက်ပြီး သူမမျက်နှာကလေးကလည်း အတော့်ကို အေး

ချမ်းပါသည်။

"ရှင်က ရှေ့နေလို့ မပြောရဘူး။ တော်တော်

စပ်စုတာပဲနော်"

မထင်မှတ်တဲ့ လက်သီးတစ်လုံးက သူ့ရင်ဝသို့ လာဆောင့်ဖ

သူမစကားကြောင့် ထွန်းသစ်စ ဟက်ဟက်ပက်ပက် ရယ်မော

မိပါသည်။

"အင်း...ကျွန်တော် ဝန်ခံရမှာပေါ့။ ကျွန်တော်

တွေ့နေရတဲ့အမှုက တော်တော်စိတ်ဝင်စားစရာ

ကောင်းနေတာကို"

"ရှင်က ကျွန်မကို မှုခင်းတစ်ခုလို့ သတ်မှတ်

နေပြီလား..."

"တကယ့်ကို လျှို့ဝှက်တဲ့ မှုခင်းတစ်ခုပဲ

နောက်ပြီး ကျွန်တော် တော်တော်လေး ညံ့သွားတယ်





ဟိုတစ်ခေါက်က မင်းနဲ့တွေ့တုန်းက မင်းကို မျက်လုံး

ကွယ်နေမှန်း မသိခဲ့ဘူးလေ"

သူမမျက်နှာလေးသည် ရုတ်တရက် ညှိုးလျော်သွားလေတော့

သည်။

"ဆောရီးဗျာ။ ဒါတွေက အဓိက မကျပါဘူး။

ကျွန်တော် ဆိုလိုတာက နှင်းဝတ်လွှာကို စောစောကမှ

မျက်မမြင်မှန်း သိလိုက်ရပြီး ပိုပြီး နက်နက်ရှိုင်းရှိုင်း

ခင်မင်သွားမိတယ်ဆိုတာ ပြောချင်တာပါ"

"သတ္တဝါတစ်ခု ကံတစ်ခုပဲလေ...ထွန်းသစ်စ

ရဲ့။ ဘယ်တတ်နိုင်မလဲ။ ဖြစ်နေတဲ့အခြေအနေပေါ်မှာ

အကောင်းဆုံးရင်ဆိုင်ရမှာပေါ့။ လွှာတို့မိသားစု အရမ်း

ကံဆိုးခဲ့တယ်။

အဘွားလေးရဲ့အသုဘရက်လည်းအမိ မိုးကုတ်

တက်ရင်း အက်စီးဒင့်ဖြစ်ပြီး ဖေဖေနဲ့မေမေက ဆုံး

သွားတယ်။ လွှာကတော့ မျက်လုံးကွယ်ခဲ့တယ်ပေါ့"

"ဪ..."

ကြဲရည်ခွက်များ ရောက်လာလေသည်။

ကြဲရည်တစ်ကျိုက်ကို မော့သောက်လိုက်ပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်တွေ အေးချမ်းမလာခဲ့။

နွမ်းလျလျ ကြောင်မလေးနဲ့ မျက်မမြင်ကောင်မလေး ကြည့်ရင်း ကျွန်တော့်ရင်မှာ သံယောဇဉ်တွေ တွယ်ငယ်ရစ်လာ သည်။

"ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက် ခင်နိုင်ပါတယ် လွှာ။ အရေးအကြောင်း တစ်စုံတစ် ရှိရင် ကျွန်တော့်ဆီ ဖုန်းဆက်ပါ။ ရုံးပြင်ကနွား မဆိုင်တဲ့ တစ်ခြားကိစ္စတွေဆိုရင်လည်း ကျွန်တော် ဖြေရှင်းပေးနိုင်ပါတယ်။

ကျွန်တော့်ကို ယုံကြည်ပါ။ နှင်းဝတ်လွှာ ကျွန်တော် တတ်နိုင်တဲ့ဘက်က စောင့်ရှောက် မယ်"

ကြဲရည်ကုန်သွားသည့်အခါ သူမက…

"ကဲ…လွှာ့ကို ခွင့်ပြုပါဦး။ ဖြူဖြူလည်း ပင်ပန်းနေလော ပြီ"ဟု ဆိုကာ ဆိုင်ကလေးမှ ထွက်လာလေတော့သည်။

နှင်းဝတ်လွှာနှင့်ပတ်သက်ပြီး ကျွန်တော့်ရင်ထဲ၌ နှင့်သီးသော ဝေဒနာပေါင်းစုံ ဝင်ရောက်လာလေသည်။

သူမကို ခြံရှေ့သို့ လိုက်ပို့ပြီးတာနှင့် ကျွန်တော် ပြန်လာ





လေ၏။

ခက်တော့နေပြီ၊ မျက်မမြင်မလေးကို ကျွန်တော် ဘာ့ကြောင့် စွဲလန်းသွားရတာလဲ။

***



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နှင်းဝတ်လွှာဆိုသော မျက်မမြင်မလေးကို အတော့်ကို စွဲလန်းတမ်းတနေမိသည်မှာ အတော်လည်း ထူးဆန်းသလို အခြေအမြစ်လည်း မရှိလှ။

ပထမတော့ သူမကို သာယာခဲ့မိတာ ကျွန်တော် ဝန်ခံပါသည်။ သူမကို မျက်မမြင်မှန်း သိရှိခဲ့သည့်အခါ ကျွန်တော့်ရဲ့ သာယာမှုတွေက ကရုဏာအဖြစ် ပြောင်းလဲသွားရချေသည်။

ကျွန်တော် သူမကို တွေ့ချင်နေသည်။

ခွဲစိတ်ကုသမှု ခံယူထားရတဲ့ ကြောင်မလေးကိုလည်း လူနာမေးချင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရသော သံယောဇဉ်က ကျွန်တော့်ကို သူမနဲ့ပတ်သက်ပြီး နှောင်တဲပစ်လိုက်လေသည်။

သူမကို ကျွန်တော် ချစ်များ ချစ်နေမိပြီလားလို့ တွေးမိပြန်သည်။

ကျွန်တော်သည် ရှေ့နေတစ်ယောက်ဖြစ်ပြီး စာရေးဆရာ တစ်ယောက် မဟုတ်သည့်အတွက် စွဲလန်းတမ်းတမှုရဲ့အဆုံးသတ်မှာ 'အချစ်'ဆိုတဲ့အရာ ရှိပါလေသလားဆိုတဲ့ မေးခွန်းကို လေသေချာချာတော့ မဖြေနိုင်ပါ။

ကျွန်တော် သူမကို ချစ်မိခဲ့ရင်တောင် အဲဒီအချစ်ဟာ အလွန် တရာဖြူစင်သန့်ရှင်းပြီး နက်ရှိုင်းလွန်းသော အချစ်စစ်ပင် ဖြစ်မိမ် လိမ့်မည်။

ကျွန်တော်သည် အချစ်ဆိုတဲ့အရာကြီး ကျွန်တော့်ရင်ထဲသို့ ဝင်ရောက်လာမှာကို ကြောက်ရွံ့နေစဉ်ပင် ကျွန်တော့်ရင်ထဲ၌ အချစ်ဟာ အနိုင်အမာ နေရာယူနိုင်ပြီးသား ဖြစ်သွားလေတော့၏။

နှင်းဝတ်လွှာကို ကျွန်တော် ချစ်နေမိပြီ။

အဲဒီအချစ်က အတော်လည်း ဖူးဆန်းသည်။

သူမရဲ့ အားနည်းချက်ကလေးတွေ၊ လိုအင်ဆန္ဒလေးတွေကို ဖြည့်ဆည်းပေးလိုတဲ့ ပေးဆပ်မှုအချစ်ပင်။





နှစ်ပတ်မျှပင် ကြာခဲ့လေပြီ။

သူမ ကျွန်တော့်ဆီ ဖုန်းဆက်လာလေမလားလို့ ခပ်ကြောင်ကြောင်နှင့် စောင့်ဆိုင်းနေမိရာ သူမဆီမှ အဆက်အသွယ်မရတဲ့အဆုံး သူမမျက်နှာလေးကို တွေ့လိုစိတ်တွေက ပြင်းပြလာမိသည်။

သူမဆီကိုသွားဖို့ ကျွန်တော် အကြောင်းပြချက်တစ်ခုတော့ ရှာရမှာပဲ။

သူမကတော့ ကျွန်တော့်ကို ကြိုဆိုပါ့မလား။

အို...ကျွန်တော့်ရဲ့ ဖြူစင်တဲ့အချစ်နဲ့ သန့်စင်တဲ့မေတ္တာတရားကို သူမ နားလည်မှာပဲလေ။

ထွန်းသစ်စသည် ရွှေဂုံတိုင်ရှိ Pet Care တစ်ခုသို့ ဝင်ပြီး ကြောင်မလေးအတွက် အစာသွပ်ဘူးများ ဝယ်ခြမ်းပြီး သူမနေအိမ်သို့ အရဲစွန့်ကာ ထွက်လာခဲ့မိလေ၏။

ပုဏ္ဏရိပ်စည်းရိုး အစပ်ကလေးမှာတင်၊ အိမ်ကလေးရဲ့ ကပြင်လေးမှာ သူမ ထိုင်နေသည်ကို တွေ့ရ၏။

ကျွန်တော် သူမကို လှမ်းမခေါ်မိပါ။

သစ်သားတံခါးလေးမှာ သော့ခတ်ထားမှုမရှိတဲ့အတွက် ခြံကလေးထဲသို့ ကျွန်တော် ဝင်လာခဲ့မိပါသည်။

အို...သူမ ပန်းသီနေတာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကိုးလေးထဲမှာ စံပယ်ပွင့်တွေက အများအပြား။

အပ်ဖျားထိပ်ကလေးနဲ့ စံပယ် ရိုးတံလေးတွေကို ခန့်မှန်းပြီး သီကုံးနေတာ ကျွန်တော့်အတွက်တော့ အသည်းယားချင်စရာကောင်းနေသည်။

အပ်များ စူးသွားလေမလားလို့ ကျွန်တော် ဂရုတစိုက်စိုက်ကြည့်နေမိသည်။

သိပ်မကြာခင်ပင်...သူမမျက်နှာမှာ စိုးထိတ်မှုအမူအရာတစ်ခု ဖြတ်ပြေးသွားပြီး...

''ဘယ်သူရောက်နေတာလဲ...''ဟု မေးပါ၏။

ကျွန်တော် မဖြေသေးဘဲ သူမကို စိုက်ကြည့်နေမိသည်။

''ဘယ်သူရောက်နေတာလဲ။ ကျွန်မနားမှာ လူတစ်ယောက် ရှိနေတယ်''

''ထွန်းသစ်စ...ပါ''

သူမသည် ကျွန်တော့်နာမည်ကို ကြားလေတော့ တင်းမာနေသောမျက်နှာကို ပြန်လျှော့လိုက်ကာ...

''ရှင် သိပ်အထိပ်တလန့် လုပ်တာပဲ။ ထိုင်လေ''

ကျွန်တော် သူမနားမှာ တင်ပလွဲ ဝင်ထိုင်လိုက်မိသည်။





ပါးပြင်က သင်းပျံ့နေတဲ့ သနပ်ခါးရနံ့နဲ့ လက်မောင်းအိုးလေးဆီက သင်းပျံ့နေတဲ့ ကရမ္ဘက်ရနံ့တွေက ကျွန်တော့်နာဝသို့ ရင်ခုန်လိုက်မောစွာ ရောက်ရှိလာသည်။

''အိမ်ရှင်မသိဘဲ အိမ်ထဲကို ရောက်အောင်လာတယ်နော်။ ဒါ ပိုင်နက်ကျူးလွန်မှုပဲ''

''ဟား...ဟား...ဟား''

မျက်လုံးကွယ်နေပေလို့သာပဲ လွှာရယ်။

မျက်လုံးများ မြင်နေရရင် မင်း ကျွန်တော့်ကို ဘယ်လောက်များ အနိုင်ကျင့်လိုက်လေမလား မသိဘူး။

''ရှေ့နေကို တရားစွဲချင်တယ်ပေါ့။ ဟုတ်လား''

''မသိလို့ မေးမလို့။ ပိုင်နက်ကျူးလွန်မှုဆိုရင် ပုဒ်မ ဘယ်လောက်တပ်ပြီး စွဲလို့ ရသလဲဟင်...''

''ဗဟုသုတ ပြောပြမယ်လေ။ အိမ်ကျော်နင်းမှုက ပုဒ်မ ၄၄၈ ဗျ။ အိမ်ကျော်နင်းပြီး လက်ရောက်မှုပါလာရင်တော့ ၄၅၂ ဖြစ်သွားတယ်။ အဲဒီပုဒ်မက ပြစ်ဒဏ်လည်း ပိုကြီးတယ်။ အာမခံလည်း မရဘူး။ ကဲ...နောက်ပြီးတော့ကော ဘာတွေသိချင်သေးလဲ''

''လူသတ်မှုကကော...''



www.burmeseclassic.com

www.burmeseclassic.com



"ပုဒ်မ ၃၀၂"

"လူသေမှုဆိုရင်ကော…"

"ပုဒ်မ ၃၀၄"

"ရှင်ဟာ တကယ့်ရှေ့နေတစ်ယောက်ပဲဆိုတာ ကျွန်မ ယုံလိုက်ပြီ"

"မြတ်စွာဘုရား…။ ကျွန်တော်ကကော ညာပါ့မလား"

"လွှာက အမှောင်ထဲက မိန်းကလေးရှင့်။ နေရာတကာမှာ သတိနဲ့ ယှဉ်ရတယ်"

"အဲဒီစကားကြီးကို ခဏခဏ မပြောပါနဲ့ဗျာ။ ကျွန်တော် စိတ်ထိခိုက်ရလွန်းလို့ပါ"

"အင်းပါ…။ ရှင့်ကို မိတ်ဆွေတစ်ယောက် အဖြစ် လွှာ သတ်မှတ်ပါ့မယ်။ ကော်ဖီသောက်မလား ဟင်"

"ဟင့်အင်း…။ ဖြူဖြူကော…။ ဖြူဖြူ့ကို လူနာလာမေးတာ"

"သူ နေကောင်းသွားပြီ။ ချုပ်ရိုးတွေလည်း ကျက်နေပါပြီ။ အခုတောင် အိမ်လည်ထွက်သွားတယ်





ထင်ပါရဲ့။ မလာသေးဘူး"

"ဖြူဖြူပြန်လာရင်ကော လွှာ ဘယ်လိုလုပ်ပြီး သိသလဲဟင်"

"သူက သိပ်လိမ္မာတာ။ သူပြန်ရောက်တာနဲ့ ကျွန်မခြေဖမိုး ကို သူ့ခေါင်းကလေးနဲ့ ဝေ့တော့တာပဲ"

"အင်း…ကျွန်တော်လည်း ရှေ့နေမဖြစ်ဘဲ ကြောင်ကလေးဖြစ်လိုက်ရရင် ကောင်းမယ်နဲ့တူတယ်"

"ဟင်…ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

မှန်ပါသည်။

ကျွန်တော် ဘာတွေပြောလိုက်မိမှန်း မသိ။

ဒါပေမဲ့ ကျွန်တော်သိတာတစ်ခုက မျက်မမြင်မလေးရဲ့ မခို့အရိုးရှက်ပြုံးလေးတစ်ခုဟာ သာမန်မိန်းကလေးတွေထက် ပိုပြီး ဖြူစင်ချစ်စရာကောင်းနေခြင်း ဆိုတာပင်ဖြစ်သည်။

ငါ မင်းကို ချစ်နေမိပြီ နှင်းဝတ်လွှာ…။

မင်းဘဝလေးကို ငါ သိပ်ကို စောင့်ရှောက်ပေးချင်နေမိပြီ။

"ဒီမှာ ဖြူဖြူ့အတွက် ကျွန်တော် ကြောင်အစာဘူးတွေ ဝယ်လာခဲ့တယ်နော်။ သူ ပြန်ရောက်လာရင် ကျွေးလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခရှာလို့ ထွန်းသစ်စရယ်"

"ဒါကို ဒုက္ခလို့ မခေါ်ဘူးဗျ။ နှင်းဝတ်လွှာဆိုတဲ့ မိန်းကလေးနဲ့ စကားပြောရတာ ကျွန်တော့်ရင်ထဲမှာ ကြည်နူးနေမိတယ်"

"ရှင့်စကားတွေ ရပ်တော့။ ဒီမှာ ကျွန်မ လက်ကို အပ်နဲ့ ထိုးမိတော့မယ်"

"ဟာ...ဆော...ဆောရီး"

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူရယ်မောမိကြသည်။

"ဒီနေ့ ဆိုင်မသွားဘူးလား"

"တနင်္ဂနွေနေ့က လွှာ့ရဲ့ နားရက်"

"လွှာ..."

"ပြော..."

"ဘာကြောင့် အဲဒီအလုပ်ကို လွှာလုပ်နေရ တယ်ဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး"

"ဂုဏ်ငယ်တယ်လို့ ထင်လို့လား"

"ဟာ...ကျွန်တော် အဲဒီလို မထင်ရက်ပါဘူး ထူးဆန်းနေလို့ပါ"

"ထွန်းသစ်က ဒီကို လာလည်နေဦးမှာပဲ





မဟုတ်လား။ ဒီထက်ပိုပြီး ခင်မင်လာတဲ့နေ့ကျတော့ ပြောကြတာပေါ့"

"အိုကေနော်...။ တနင်္ဂနွေနေ့က လွှာ့ရဲ့ နားရက်ဖြစ်သလို ကျွန်တော့်ရဲ့ လာလည်တဲ့ရက်အဖြစ် ပါ သတ်မှတ်ပေးပါ။ ကျွန်တော်တို့ ဆုံကြရအောင် နော်"

"ရှင်ဟာလေ...ရှေ့နေလို့ မပြောရဘူး၊ စကား ပြော သိပ်ကောင်းတယ်"

ကျွန်တော်၏ အဲဒီလို စကားပြောကောင်းမှုတွေကြောင့်ပင် သူမရဲ့ မိတ်ဆွေဖြစ်ခွင့် ရခဲ့လေသည်။

***



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဲဒီ မျက်မမြင်မလေးကို ချစ်ခွင့်ရနိုင်မှာကို ကျွန်တော် နည်းနည်းကလေးမှ မတုန်လှုပ်မိခြင်းဟာ ကျွန်တော်ကပဲ သိပ်ကို သတ္တိကောင်းနေလွန်းလို့လား။ ဒါမှမဟုတ် ကျွန်တော့်ရဲ့ ချစ်ခြင်းမေတ္တာကပင် သိပ်ကို ပြောင်မြောက်နေလွန်းလို့လား မခွဲခြားနိုင်တော့။

သူမရဲ့ ဧည့်ခန်းလေးဆီသို့ ထွန်းသစ်စ ပထမဆုံးအကြိမ်အဖြစ် အလည်အပတ် ရောက်ရှိစဉ်က ဧည့်ခန်းထဲမှာ များပြားလှစွာသော ပန်းပုရုပ်တုတွေကြောင့် လွန်စွာ အံ့ဩသွားမိရလေတော့သည်။

"ဟာ...ပန်းပုရုပ်တုတွေက များလှချည်လား။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ဖို့ဒီလောက်တောင်ဝယ်ထားရတာလဲ လှ္ဘာ...''

လှ္ဘာက ကျွန်တော့်စကားကြောင့် ရယ်ပါသည်။

''ထွန်းသစ်စက လှ္ဘာ့အကြောင်းကို ဘာမှ မသိသေးဘဲကိုး။ အဲဒါတွေက ဝယ်ထားတာမဟုတ်ဘူးရှင့်။ လှ္ဘာကိုယ်တိုင် ထွင်းထုထားတာ''

''မြတ်စွာဘုရား၊ ဒါဆို...မင်းက ပရော်ဖက်ရှင်နယ် ပန်းပုပညာရှင်တစ်ယောက်ပေါ့''

ကျွန်တော် သူမကို ဘယ်လိုမှ မအံ့ဩဘဲ မနေနိုင်။

မျက်နှာတစ်ဖက်ကို လက်ဝါးတစ်ခြမ်းဖြင့် ဖုံးအုပ်ထားသော လေးထောင့်ဆန်ဆန် ပန်းပုရုပ်ထုတစ်ခုကို ကျွန်တော် ကိုင်တွယ်ကြည့်မိသည်။

ခေတ်သစ်လက်ရာတစ်ခုပင်...။ ဦးခေါင်းက လေးထောင့်ဆန်ဆန်၊ ရှည်မျောမျော။ မျက်နှာကို တစ်ခြမ်းအုပ်ထားသော လက်ချောင်းတွေက ဩဂံဆန်ဆန်နှင့် ခပ်ချွန်ချွန်။

ဘယ်လို ဘယ်ပုံ ရစ်သမ်ယူထားသလဲ မသိ။

ကျွန်တော်သိတာ တစ်ခုကတော့ သူမရဲ့လက်ရာတွေဟာ ခေတ်သစ် (ဒါမှမဟုတ်) ခေတ်လွန်လက်ရာများ ဆိုခြင်းကိုပင်။

''လှ္ဘာ့ကို ကျွန်တော် မအံ့ဩဘဲ မနေနိုင်တော့





ဘူး။ လှ္ဘာ့မှာ အရည်အချင်းတွေရှိတယ်။ ကြောက်စရာကောင်းလောက်အောင်ကို အရည်အချင်းတွေ ရှိတယ်''

''ကဲပါ...ဒီလောက်ကြီးလည်း မချီးကျူးပါနဲ့ဦး။ ကောက်ဖီသောက်မယ် မဟုတ်လား။ သွား ထိုင်ဦးနော်။ လှ္ဘာ ကော်ဖီဖျော်လိုက်ဦးမယ်''

''လှ္ဘာ...''

''ဟင်...''

''လက်ကို ရေနွေးလောင်ဦးမယ် သတိထား''

''အင်းပါ...''

ကျွန်တော်ဟာ များပြားလှသော ပန်းပုရုပ်ထုတွေကြားမှာ နှင်းဝတ်လှ္ဘာဆိုတဲ့ မိန်းကလေးကို ဘယ်လိုနားလည်ရမှန်း မသိလောက်အောင် အံ့ဩဘနန်း ဖြစ်နေမိတော့သည်။

သူမ ပြန်ထွက်လာသည်။

လက်ထဲမှာ ကော်ဖီပူပူနှစ်ခွက်နှင့်။

''လူ့ဘဝကြီးဟာ အံ့ဩစရာကောင်းလှန်းတယ်လို့ မထင်မိဘူးလား''

''ထင်မိတာပေါ့ နှင်းဝတ်လှ္ဘာ။ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နှင်းဝတ်လွှာရဲ့ဘဝဟာ ပိုပြီး အံ့ဩစရာကောင်းလွန်

တယ်လို့တောင် ထင်မိပါတယ်''

သူမက ဆက်တီတစ်ခုမှာထိုင်ရင်း ကော်ဖီပူပူကို မှုတ်သောက်

ကာ...

''ဟုတ်တယ်။ လွှာဟာ တကယ်တော့ ပန်း

ပညာရှင်တစ်ယောက်ပါ။ လွှာရဲ့ လက်ရာတွေဟာ

လည်း နည်းနည်းခေတ်လွန်,ဆန်ပေမယ့် နိုင်ငံခြာ

သားတွေက လွှာ့ရဲ့လက်ရာကို နှစ်ခြိုက်ကြတယ်လေ

အဲဒီပန်းပုတွေက လွှာ မျက်လုံးမြင်ရစဉ်က ထွင်းထု

တဲ့ ပန်းပုတွေပေါ့''

''ဪ...ဪ''

''လွှာက လူတစ်မျိုး ထူးသစ်စရဲ့။ ကိုယ့်

အတတ်ပညာတစ်ခုခုနဲ့ လူတွေကို စည်းရုံးချင်တာ

အဲဒါ ဆိုက်ကိုဆန်တာလား။ ဘာလားတော့ မသိဘူ

ဒါပေမဲ့ လွှာ့လို စိတ်ဓာတ်မျိုးတွေ အနုပညာ

တော်တော်များများမှာတော့ ရှိကြမှာပဲလေ...''

''ရှိတာပေါ့။ သိပ်ရှိနိုင်တာပေါ့''

''လွှာ မျက်လုံးမကွယ်ခင်က လွှာ့ရဲ့ အထ





ပညာနဲ့ လူတွေကို အံ့ဩဘနန်းဖြစ်အောင် ဆွဲဆောင်

နိုင်ခဲ့တယ်။ မျက်လုံးကွယ်တော့ အဲဒီအလုပ်ကို လွှာ

စွန့်ပစ်လိုက်ရတယ်။

ကိုယ့်ကိုယ်ကို သတ်သေချင်လောက်အောင်

အထိ စိတ်ဓာတ်ကျခဲ့တာ။ လွှာ နှစ်သက်တဲ့အလုပ်ကို

မလုပ်ရတော့ဘူးလေ။ မျက်လုံး ကွယ်ပြီဆိုတာနဲ့

လူက လူပိုတစ်ယောက်လို အမှိုက်ပုံးထဲ ရောက်ခဲ့တာ

မဟုတ်လား''

''ဒီလိုလည်း မဟုတ်သေးပါဘူး လွှာရယ်''

''ဟုတ်တယ်။ အဲဒီလိုမျိုး ဟုတ်ကို ဟုတ်

တယ်။ လွှာပြောတာမယုံရင် ထူးသစ်စရဲ့ မျက်လုံး

နှစ်ဖက်ကို ပဝါစအနက်တစ်ခုနဲ့ တစ်လလောက်

စည်းကြည့်ထားလိုက်ပါလား။ စိတ်မနိုင်ရင် ရူးတောင်

သွားလောက်တယ်ရှင့်''

''လွှာရယ်...''

''ဒီလိုနဲ့ လွှာဟာ အိမ်မှာ ငုတ်တုတ်ထိုင်ပြီး

စိတ်အားငယ်နေမယ့်အစား တစ်နေရာရာမှာ အကျိုး

ရှိရှိ အချိန်ဖြုန်းမှဆိုပြီး သူငယ်ချင်းတွေနဲ့ စုဖွင့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလှပြင်ဆိုင်ကလေးမှာပဲ တစ်နေ့ကုန် အချိန်ဖြုန်း တော့တယ် ဆိုပါတော့"

"အင်း..."

"လွှာက မျက်လုံးမမြင်ရတော့ ဆံပင်ညှပ်လို့တော့ မရနိုင်ဘူးလေ။ အဲဒီတော့ ခေါင်းဝင်လျှော်ပေးတာပေါ့။ အဲဒီမှာတင် လွှာဟာ လွှာ့ရဲ့ပညာကို တစ်မျိုးတစ်ဖုံနဲ့ ပြန်ပြီးအသုံးချခွင့်ရခဲ့တယ်။ လွှာ့ရဲ့ ခေါင်းလျှော်ပုံလျှော်နည်းနဲ့ ဦးခေါင်းတစ်ဝိုက် နှိပ်နယ်ပေးမှုပညာကို လူတွေတော်တော်များများ နှစ်ခြိုက်သွားကြတယ်"

"ရှက်ရှက်နဲ့ ဝန်ခံပါရစေ။ အဲဒီထဲမှာ ထွန်းသစ်စဆိုတဲ့ ရှေ့နေတစ်ယောက်လည်း ပါတယ်"

"လွှာ့ရဲ့အလုပ်က ဂုဏ်မရှိပါဘူး။ ဒါပေမဲ့ ကိုယ့်ရဲ့အနုပညာကိုတော့ ထုတ်ဖော်ပြသခွင့် ရခဲ့တယ်။ သာမန်အားဖြင့်ကတော့ လူတစ်ယောက်ဟာ ဆံပင်ညှပ်တော့မယ်ဆိုမှ ခေါင်းလာလျှော်ကြတာ မဟုတ်လား။ ဒါပေမဲ့ လွှာ့ဆီမှာ တစ်ခါခေါင်းလျှော်ပြီးတဲ့ လူတိုင်းဟာ နောက်ထပ် ဆံပင်ထပ်မညှပ်





ဖြစ်ရင်တောင် အိမ်မှာ မလျှော်တော့ဘဲ လွှာ့ဆီမှာတင် လာလျှော်ကြတာပေါ့။ အဲဒီမှာတင်..."

လွှာ၏မျက်နှာတွင် ကြေကွဲဆို့နင့်ရိပ်တို့ ဖြတ်သန်းရောယှက်လာပြန်သည်။

လွှာနဲ့စကားပြောရတာ သည်းထိတ်ရင်ဖို ဆန်လိုက်တာ။

"အဲဒီတော့ ဆက်ပြောဦးလေ လွှာရဲ့"

"အဲဒီမှာတင် Custumer ကို မိန်းကလေးသီးသန့်ပဲကိုင်ဖို့ ဆုံးဖြတ်လိုက်ရတော့တာပေါ့။ ယောကျ်ားတွေက လွှာ့ကို မျက်မမြင်မှန်း သိတော့ မြက်ပင်တစ်ပင်လို သဘောထားချင်ကြတယ် ထင်ပါရဲ့။ သူတို့ဟာ မျက်စိမမြင်တာကို အခွင့်ကောင်းယူပြီး မြက်ပင်တစ်ပင်လို တက်နင်းချင်ကြတယ်လေ"

"လွှာရယ်..."

"ယောကျ်ားတွေဟာ ကြောက်ဖို့ကောင်းတယ်။ ယောကျ်ားတွေ ကြောက်ဖို့ကောင်းမှန်းကို မျက်လုံးမမြင်တော့မှ ပိုသိခွင့် ရခဲ့တယ်။ သူတို့ လွှာ့ဆီကို ချဉ်းကပ်ကြတာ ချစ်ဖို့မဟုတ်ဘူး။ စော်ကားဖို့၊ သူတို့ရဲ့ မွန်းကျပ်တဲ့ဘဝကို ထွက်ပေါက်ပေးဖို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်က စကားပြောပါလိမ့်မယ် လွှာ။ ကျွန်တော်ဟာ လွှာ ထင်ထားခဲ့သလို အဲဒီမြက်ပင်က လေးကို ဘယ်တော့မှ တက်နင်းရက်မယ့် လူစား တစ်ယောက် ဖြစ်လာမှာမဟုတ်ပါဘူး။ မယုံရင် စောင့်ကြည့်ပါ လွှာ။ အနင်းခံမြက်ရဲ့ မိုးရေစက်ပဲ ဖြစ်ရပါစေမယ်"

***





တနင်္ဂနွေနေ့တိုင်း လွှာ့ဆီသို့ မပျက်မကွက် လည်ပတ်တတ်သည်ကို ကြည့်ခြင်းအားဖြင့် လွှာကိုယ်တိုင်ကလည်း သူမကို ကျွန်တော် စိတ်ဝင်စားနေပြီမှန်း ကောင်းကောင်းသိပါလိမ့်မည်။

ကျွန်တော်ကိုယ်တိုင်ကလည်း တစ်နေ့ထက်တစ်နေ့ သူမကို ငုံထားမိမတတ် ချစ်ခင်တွယ်တာလာမိသည်။

အမှောင်ထဲကနေ လောကကြီးကို တစ်ယောက်တည်း ရင်ဆိုင်ထွံ့သည့် မိန်းမတစ်ယောက်ရဲ့သတ္တိကို ကျွန်တော် လေးလေးစားစား ဦးညွတ်မိလိုက်သည့်အတွက်ကြောင့်များ သူမကို ဒီလောက်ကြီးအထိ ချစ်မိသွားလေရယ်သလား မပြောတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လွှာရယ်...။

မင်းကို ကျွန်တော့်ရင်ခွင်ထဲမှာ ထွေးပွေ့ထားချင်လိုက်တာကွာ။ ကျွန်တော် လူကောင်းတစ်ယောက်ဖြစ်တယ်ဆိုတာကို လွှာ့ကို အချိန်တိုတိုလေးအတွင်းမှာ မြင်အောင် မလုစ်ဟနိုင်ပေမယ့်လည်း တစ်ချိန်ချိန်မှာ ကျွန်တော့်ရဲ့ နက်နဲတဲ့မေတ္တာတရားကို လွှာ နားလည်လာဦးမှာပါ။

လွှာနဲ့ တစ်နေ့ကျမှ ဆွေးနွေးရဦးမယ်။

လွှာ့မျက်လုံးတွေ ပြန်မြင်နိုင်အောင် အခွင့်အရေးတစ်ချို့ကို ကျွန်တော် ရှာဖွေပေးရဦးမည်။

တကယ်တော့ ကျွန်တော်ကလည်း လွှာ့ကို စိတ်ဝင်စားနေသလို၊ လွှာကလည်း ကျွန်တော့်ကို စူးစမ်းလေ့လာနေလိုကြောင်း ကျွန်တော် သိပ်မကြာခင်မှာပင် သိရလေတော့သည်။

"ထွန်းသစ်စ"

"ဟင်..."

"ရှင်က ရှေ့နေဆိုပေမဲ့ အသက်က ကျွန်မနဲ့ ရွယ်တူနော်"

"အင်း..."

"ရှင် ချောလားဟင်"





"ဟင်...အဟင်း...ဟင်း။ ဗိုလ်အောင်ဒင်လိုလို အံ့ကျော်လိုလိုပါပဲ"

"ရှင် မနောက်နဲ့ကွာ။ ကျွန်မလည်း သူများတွေကို အခွင့်အရေးရချင်တာပေါ့။ ကျွန်မလည်း ရှင့်ကို မြင်ဖူးချင်တာပေါ့"

"လွှာရယ်..."

ကျွန်တော်ဟာ ဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ကို 'လွှာရယ်' ဆိုတဲ့ စကားကလေးနှစ်ခွန်းနဲ့ ဖြေသိမ့်ပေးနိုင်ရုံကလွဲလို့ အခုထက်ထိ ဘာမှ မစွမ်းသာသေးချေ။

"ရွက်ကြမ်းရေကျိုပေါ့ကွာ။ ရုပ်အဆိုးကြီးထဲမှာလည်း မပါဘူး။ ချောမောလှပတဲ့အထဲမှာလည်း မပါဘူး။ ကျွန်တော့်ကို စိတ်ချလက်ချ ခင်စမ်းပါ။ 'လော' တက်တုန်းက ကျွန်တော်ဟာ အလွန်တစ်ရာ မျက်နှာပွင့်ခဲ့တဲ့ ဥပဒေကျောင်းသားတစ်ယောက်ပါ။ ချေးများရင်း များရင်းနဲ့ အခုလို နှစ်ချို့လိုက်လာတာ"

လွှာက ကျွန်တော့်စကားကြောင့် အားပါးတရ ရယ်လေ၏။

ရယ်ပါ။

ရယ်စမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့မျက်နှာလေးမှာ အရယ်အပြုံးကလေးတွေ ခိုတွယ်နေရင် သိပ်ပြီး ကြည့်လို့ကောင်းတာပဲ နှင်းဝတ်လွှာ။

အဲဒီမျက်နှာကလေးကို မက်မောလွန်းလို့ ကျွန်တော် မင်းရှေ့ကို ခဏခဏ ရောက်လာတာ။

အဲဒီမျက်နှာကလေးကို ခင်တွယ်လွန်းလို့ မင်းကို ကျွန်တော် သတ္တိရှိရှိနဲ့ ချစ်နေမိတာ။

"ရှင်က တော်တော်ရယ်စရာ ပြောတတ်တာပဲ။ ကျွန်မ ထင်တယ်လေ။ ရှင့်အသံကိုနားထောင်ခြင်းအားဖြင့် ရှင့်ရုပ်ကို ကျွန်မ ခန့်မှန်းကြည့်လို့ ရတယ်။ ကျွန်မမျက်လုံးထဲမှာတော့ ရှင်ဟာ တော်တော်လေး Charming ဖြစ်နေတယ်"

"ဟင်း...လွှာ့ရဲ့ မျက်လုံးကလေးတွေ ပြန်မြင်လာရင် သိပ်ကောင်းမှာပဲနော်"

"မျှော်လင့်ချက်မကုန်သေးပါဘူး ထွန်းသစ်စရဲ့ အထူးကုဆရာဝန်ကြီးတွေက ကျွန်မမှာ မျက်လုံးပြန်မြင်ရဖို့ အခွင့်အရေးရှိသေးကြောင်း ပြောပါတယ်။ ကျွန်မလည်း အဲဒီနေ့ကို စောင့်နေတာ။ အဲဒီနေ့မှာ ရှင့်ကို ကျွန်မ အရင်ဆုံးကြည့်မယ်နော်"





"ကြည့်ပါ လွှာရယ်။ အဲဒီအချိန်ကျရင် မင်းရှေ့ကို ရောက်နေတဲ့သူဟာ ထွန်းသစ်စပဲ ဖြစ်စေရမှာပေါ့"

သူမလက်ချောင်းကလေးတွေ လှုပ်လှုပ်ရွရွဖြစ်လာသည်။

"ဘာလုပ်ချင်လို့လဲဟင်"

"ရှင့်မျက်နှာကို စမ်းကြည့်ချင်လို့"

"လာလေ"

သူမလက်ဖဝါးကလေးနှစ်ဖက်ကို ယူကာ ကျွန်တော့်မျက်နှာပေါ် တင်ပေးလိုက်မိသည်။

သူမက ကျွန်တော့်မျက်ခုံးကို အရင်ကိုင်တွယ်ကြည့်၏။ နောက်တော့ မျက်ခွံလေးတွေပေါ်ကို လက်မနဲ့ တို့ထိကြည့်သည်။

ပါးရိုးတွေကို စမ်းသပ်သည်။

ပန်းပုပညာရှင်လို့ မပြောရ။

လူတစ်ယောက်ရဲ့ မျက်နှာကျ ဘယ်လိုရှိမယ်ဆိုတာကို ကောင်းကောင်းအကဲခတ်တတ်သူပင်။

နောက်တော့ နှုတ်ခမ်းကို စမ်းသပ်သည်။

လက်ချောင်းထိပ်ကလေးနှင့် တို့ထိကြည့်နေသည်။

"နှင်းဝတ်လွှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ပါးစပ်နားကို လက်ရောက်လာရင်တော့ ကိုက်တတ်တယ်နော်"

သူမက သူမရဲ့ လက်ချောင်းကလေးများကို လျှင်မြန်စွာ ရုတ်သိမ်းသွားပြီး ကျွန်တော့်ဟာသကို ရယ်ပါလေတော့၏။

"ရော်...ဘာရယ်တာလဲ"

"ရှင်က ရယ်စရာကောင်းတာကို"

"ကျွန်တော့်ကို မကြောက်ဘူးလား"

"ဟင့်အင်း။ ဘာဆိုင်လို့ ကြောက်ရမှာလဲ"

"အင်း...အာဂသတ္တိခဲပဲ"

"သတ္တိမရှိရင် သေသွားတာ ကြာလှပြီပေါ့"

ဒီတစ်ခါက် ရယ်မိသူက ကျွန်တော်ကိုယ်တိုင်ပင်။

ဘာကောင်မလေးမှန်းကို မသိ။

မမြင်သော်လည်း စွမ်းနိုင်သေး၏ ဆိုသလို ဘာမဆို သူ လုပ်နိုင်သည်။ ရဲရင့်တက်ကြွမှုကလည်း အပြည့်ပင်။

လွှာရယ်...။

မင်းကို ကိုယ် ဖွင့်ပြောလိုက်ချင်ပြီကွာ။

မင်းကို ကိုယ် ချစ်နေမိပြီဆိုတဲ့အကြောင်းတွေ ကိုယ် ဖွင့်ပြော ချင်နေမိပြီ။





"ဘာလို့ ငြိမ်သွားတာလဲ ထွန်းသစ်စ"

"စဉ်းစားနေတာ"

"ဘာတွေစဉ်းစားနေတာလဲ"

"ကိုယ် အခုပြောမယ့်စကားအတွက် မင်း ကိုယ့်ကို ဘယ်လိုများ ပုဒ်မတပ်ပြီး အရေးယူတော့မလဲလို့"

"အလဲ့...။ တယ်ဆိုတဲ့ စာပဲ။ ဘာစကား ပြောမှာမို့လို့ ကျွန်မက ရှင့်ကို အရေးယူရမှာလဲ။ လင်းစမ်းပါဦး"

"ချစ်တယ်လို့ လှိုက်လှိုက်လှဲလှဲ ပြောချင်တာ"

"ဟင်..."

မျက်မမြင်မလေး ရှက်သွားသည် ထင်သည်။ သူမကို သူမလည်း မလုံမခြုံ ဖြစ်သွားသလို ခံစားသွားရသည် ထင်ပါ၏။

"မကြောက်ပါနဲ့။ ထွန်းသစ်စဟာ မင်းတွေ့ဖူး ခဲ့တဲ့ ယောက်ျားတွေလို အခွင့်အရေးမယူတတ်ပါဘူး။ ဒါပေမဲ့ ဟန်ဆောင်ဖုံးဖိထားရတာ ပင်ပန်းလွန်းလို့ပါ

www.burmeseclassic.com

ကွာ။ လွှာ့ကို ကျွန်တော်ချစ်ခဲ့တာ စတွေ့စကတည်းက လို့ ပြောရမှာပါပဲ။ စတွေ့စကတည်းက လွှာ့ကို ချစ်မိနေတာ''

''ဖြစ်နိုင်ရင် လွှာ အဲဒီကိစ္စတွေကို မစဉ်းစားချင်ဘူး ထွန်းသစ်စရယ်။ လွှာက မျက်မမြင်လေ။ မျက်မမြင်ဆိုတာ သာမန်လူတစ်ယောက်ထက် အမြဲတမ်း တစ်ပန်းရှုံးတယ်။ လွှာ့အချစ်ကို ရယူပြီး လွှာ့ကို ပစ်ထားခဲ့ရင်တောင် လူတွေက လွှာ့ကို သနားကြမှာမဟုတ်ဘူး၊ အကျိုးဆော့၊ အကန်းမော့လို့ ကဲ့ရဲ့ဝေဖန်ကြမှာ''

''ကျွန်တော့်အချစ်ကို အဲဒီလိုတော့ မစော်ကားပါနဲ့ လွှာ။ လွှာ့ကို ကျွန်တော် လေးလေးနက်နက်နဲ့ ပရိုပို့(စ်)လုပ်နေတာပါ။ ကျွန်တော့်အချစ်ရဲ့ အဆုံးသတ်ဟာ လွှာ့ကို ပစ်ထားဖို့ မဟုတ်ပါဘူး။ လွှာ့ကို ကျွန်တော် အပြီးသတ်ပိုင်ဆိုင်ဖို့ပါ''

''ထွန်းသစ်စရယ်...''

''လွှာ ကျွန်တော့်ကို စဉ်းစားပေးပါနော်''

''ဘယ်သူ ဘယ်ဝါမှန်း ဂဃနဏမသိဘဲ





ခေါင်းညိတ်ဖို့ စဉ်းစားရမှာ သိပ်တော့ မိုက်ရူးရဲဆန်တယ်နော်''

''လွှာရယ်...မင်းမျက်လုံးတွေကို မြင်စေချင်လိုက်တာကွာ''

''လွှာ...စဉ်းစားပါဦးမယ်။ အချိန်နည်းနည်းပေးဦး''

ထိုနေ့က သူမဆီက မပြန်ခင် သူမက ကျွန်တော့်ကို နောက်ပြောင်သေးသည်။

''ထွန်းသစ်စ...။ ရှင်တို့ ဥပဒေမှာ အိမ်တိုင်ယာရောက် ရည်းစားစကားပြောတဲ့လူတွေကို ဘယ်လိုပုဒ်မတပ်ပြီး တရားစွဲလို့ ရသလဲ''

ကျွန်တော်ကလည်း ခပ်နောက်နောက်ပင် ပြန်ဖြေပေးလိုက်သည်။

''အဲ...အိမ်ကျော်နင်းမှုကတော့ ၄၄၈ ပဲ။ ယုတ်ရင်းကြမ်းတမ်းတဲ့စကား ပြောမိရင်တော့ ပုဒ်မ ၂၉၄(ဆဲမှု)နဲ့ ဆွဲလို့ရတယ်။ ရည်းစားစကားပြောမိရင်တော့ အချစ်မှုပေါ့။ အချစ်မှုကိုတော့ ဘာပုဒ်မနဲ့မှ တပ်ပြီး တရားဆွဲလို့ မရဘူးဗျ။ အချစ်ကို အချစ်နဲ့ပဲ


www.burmeseclassic.com

www.burmeseclassic.com



တဲ့ပြန်ရတာ"

"သွား..."

***



လှာနှင့်ကျွန်တော် ချစ်သူတွေ ဖြစ်သွားကြသည်။

ဒီကိစ္စအတွက် လှာသည် အတော့်ကို စွန့်စားခဲ့ရမည်ဖြစ်ကြောင်းကို ကျွန်တော် ကောင်းကောင်းသဘောပေါက်ပါသည်။

အကယ်၍ ကျွန်တော် ဆိုပါစို့။

ကျွန်တော်သာ မျက်ကန်းတစ်ယောက်ဖြစ်ခဲ့ရင်၊ အသံကလေးကြားရုံလောက်နဲ့ မိန်းမတစ်ယောက်ကို ချစ်သူဖြစ်ကြည့်ဖို့ စိတ်ကူးရဲခဲ့မည် မဟုတ်ချေ။

လှာကတော့ သတ္တိရှိစွာဖြင့် ကျွန်တော့်ကို ခေါင်းညိတ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လှသာရဲ့ သတ္တိရှိမှုကို ကျွန်တော် တရိုတသေဖြင့် ရင်ထဲမှာ သိမ်းဆည်းသိုဝှက်ထားမိပါသည်။

ဘယ်တုန်းကမှ မျက်မမြင်တစ်ယောက်နှင့် ချစ်သူဖြစ်ကြည့်ဖို့ စိတ်မကူးခဲ့မိသော ကျွန်တော်သည် နှင်းဝတ်လှသာနှင့် ချစ်သူရည်းစား ဖြစ်ကြတော့ သူမကို ထားစရာနေရာ မရှိလောက်အောင် တုန်နေအောင် ချစ်မိခဲ့ပါသည်။

မျက်မမြင်မလေးမို့ ပို၍ ကရုဏာသက်မိတာလည်း ပါလိမ့်မည် ထင်ပါ၏။

သူမနှင့် ချစ်သူရည်းစားဖြစ်တော့မှ လှသာသည် စိတ်နှလုံး သိမ်မွေ့သောမိန်းကလေးမှန်း ကျွန်တော် ပို၍ သိလာခဲ့ပါသည်။

"ကိုသစ်ကို မြင်ဖူးချင်လိုက်တာကွယ်"

ကျွန်တော့်မျက်နှာကို သူမ လက်ဖဝါးနုနုကလေးနဲ့ စမ်းသပ်ရင်း ခပ်တိုးတိုးကလေး ညည်းညူတတ်ပါသည်။

"တစ်နေ့တော့ မြင်ဖူးရမှာပေါ့ လှသာ။ မျက်စိအထူးကုဆရာဝန်ကြီးတွေနဲ့ ကိုယ်တို့ သွားပြီး ဆွေးနွေးကြည့်ရအောင်နော်"

"အင်းပါ"

တစ်ရက်က သူမအိမ်သို့ ကျွန်တော် အလည်အပတ်ရောက်ခဲ့





သည်။ လှသာက ခဏဟုဆိုကာ အနီးတစ်ဝိုက်က စတိုးဆိုင်ဆီလေးသို့ သွား၏။

သူမရဲ့ ပန်းပုရုပ်ထုကလေးတွေကို ကျွန်တော် ကြည့်ရှုနေစဉ် ပင် လူတစ်ယောက် ဧည့်ခန်းထဲ ရောက်လာလေတော့၏။

"မင်း ဘယ်သူလဲ။ လှသာရော..."

"ခင်ဗျာ...။ ကျွန်တော် လှသာ့မိတ်ဆွေပါ"

ထိုလူက ကျွန်တော့်ကို အကဲခတ်ဟန် ကြည့်ရှုရင်း...

"လှသာရော..."

"လှသာ ဒီနားက စတိုးဆိုင် သွားပါတယ်"

ထိုလူက ခေါင်းတစ်ချက် ဆတ်ရင်း မီးဖိုဆောင်သို့ ဝင်သွား၏။ သူ့မျက်နှာပေါ်တွင် ကျွန်တော့်အတွက် ဖော်ရွေမှုတစ်စုံတစ်ရာမျှ ရှာမတွေ့ပါ။

လှသာနဲ့ ဘယ်လိုပတ်သက်နေပါလိမ့်။

ကြည့်ရတာ ထဲထဲဝင်ဝင်တော့ ရှိပုံပေါ်သည်။

သားရေဂျာကင်အမည်းနှင့်၊ ဂျင်းဘောင်းဘီဝတ်ဆင်ထားပြီး လက်ထဲမှာလည်း ဂျပ်စက္ကူအိတ်အကြီးကြီးတစ်လုံး ကိုင်ထားသည်။

ကျွန်တော် မသိမသာနှင့် မီးဖိုဆောင်ဆီသို့ ဝင်ခဲ့တော့ ထိုသူက သူဝယ်ခြမ်းလာသော သစ်သီးသစ်နှံများကို ရေခဲသေတ္တာထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးနေလေ၏။

နောက်...အဝတ်လျှော်စက်ဆီသို့ သွားကာ၊ လွှာ့ရဲ့ ဝတ်ပြီး သားအဝတ်များကို စက်ထဲထည့်ကာ လျှော်ပေးနေလေ၏။

ကျွန်တော် သူ့ကို နောက်ကကြည့်နေမှန်း သူ သိသွားပြီ

"မင်းကို ငါ တစ်ခါမှ မမြင်ဖူးဘူး"

"ကျွန်တော် လွှာနဲ့ခင်တာ သုံးလလောက် ရှိပါသေးတယ်"

"သုံးလ၊ အေးလေ...ဒီကြားမှာ မင်းနဲ့ငါလည်း မဆုံဖြစ်တာ ပါမှာပေါ့"

သူ ဘယ်သူလဲ။

ကျွန်တော် သိလိုလှသည်။

သူက ကျွန်တော့်ရဲ့ဆန္ဒကို ရိပ်မိသွားသည် ထင်ပါ၏။ ပေါ့ပေါ့ပါးပါးနှင့် တစ်ချက်ပြုံးလိုက်ရင်း...

"ငါက လွှာ့အစ်ကိုပါ"ဟု ဆိုကာ ကျွန်တော့်ကို လက်ကမ်း နှုတ်ဆက်၏။

ဒီတော့မှ ကျွန်တော့်ရင်ထဲက အလုံးကြီး ကျသွားသည်။

"ကျွန်တော့်နာမည် ထွန်းသစ်စပါအစ်ကို ကျွန်တော် ရွှေ့နေပါ"





ရွှေ့နေဆိုတဲ့စကားကို ကြားတော့ လွှာ့အစ်ကိုက မျက်ခုံးတွန့်၏။

"ရွှေ့နေ...။ လွှာလည်း ငါ့ကို တစ်ခါမှ မပြောဖူးပါလား"

"ဟုတ်ကဲ့။ မဆက်စပ်လို့ ဖြစ်ပါလိမ့်မယ်"

အဝတ်အစားများ လျှော်လို့ပြီးသွားသော လွှာ့အစ်ကိုက စက်ထဲကနေ လွှာ့အဝတ်အစားများကို အပြင်ထုတ်၏။

ခြံနောက်ဖေးသို့ အဝတ်အစားများလှန်းရန် ထွက်သွားလေတော့ ကျွန်တော်ပါ လိုက်သွားရလေတော့သည်။

ကြည့်ရတာ ညီမကို တော်တော်ချစ်မယ့် အစ်ကိုတစ်ယောက် ထင်ပါရဲ့။

လွှာ့အဝတ်အစားတွေကို သေသေချာချာ ရေခါကာ လှန်းစင်မှာ လှမ်းလေတော့...

"ကျွန်တော်ပါ ကူလှန်းပေးမယ် အစ်ကို"

"နေပါ။ စကတ်တွေကော၊ ဂါဝန်တွေကော ကွ။ မင်း ဘုန်းနိမ့်နေပါလိမ့်မယ်"

ရှေ့သို့ ဆန့်ထုတ်မိသော လက်နှစ်ဖက်ကို ရှက်ရှက်နှင့် ခါးနောက်ပစ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအလုပ်တွေကို နောက်ဆိုရင် ကျွန်တော် ပန်းပြောင်းပြီး ယူမှာ။ သူ့အစ်ကို မသိအောင်တော့ လုပ်ပေးရမှာပေါ့လေ။

"လာကွာ...ညှော်ခန်းထဲမှာ သွားစကားပြောရအောင်"

"ဟုတ်ကဲ့ အစ်ကို"

လွှာအစ်ကိုက လွှာနဲ့တော့ သိပ်မဆင်။

ကြည့်ရတာ ဖအေတူနဲ့ မအေတူတွေ ထင်ပါရဲ့။

ဒါပေမဲ့ အစ်ကို့ကို ကြည့်ရတာ သဘောကောင်းပုံတော့ ရပါသည်။

"လွှာက သိပ်ခေါင်းမာတာကွ။ သူ မျက်လုံးကွယ်စက ငါ့အိမ်မှာ လိုက်နေသေးတယ်။ ငါကလည်း ငါ့အိမ်ထောင်နဲ့ ငါလေ။

သူ မျက်လုံးကွယ်စက သိပ်သနားဖို့ ကောင်းတာ။

လှေကားတက်ရင်လည်း ချော်ကျ၊ ပန်းကန်ခွက်ယောက်တွေကိုင်ရင်လည်း လွတ်ကျနဲ့။

ငါ့မိန်းမကလည်း သူစိမ်းဆိုတော့ နည်းနည်း ငြိုငြင်ချင်တာပေါ့ကွာ။





လွှာက အကင်းပါးတယ်ကွ။

ချက်ချင်းပဲ ဒီအိမ်ကလေးကို ဆင်းလာတယ်။ ဒီအိမ်က ငါ့အဖေနဲ့ အမေ့အိမ်လေ"

"ဟုတ်ကဲ့"

"ငါ ဘယ်လိုပြန်ခေါ်ခေါ် ငါ့အိမ်ကို သူ လိုက်မလာတော့ဘူး။ ငါ သူ့ကို အိမ်ဖော် ငှားပေးသေးတယ်။ အိမ်ဖော်ကလည်းကွာ လွှာ မျက်လုံးမမြင်တာကို အခွင့်ကောင်းယူပြီး သူခိုးလက်ထောက်ချတယ်ကွ။ ဒါနဲ့ နောက်တစ်ယောက် ပြောင်းထားကြည့်တယ်။ ဘာမှ မထူးဘူး။ လူတွေဟာ ခက်တယ်ကွာ။ အခွင့်အရေးတစ်ခု ချို့တဲ့နေတဲ့ မိန်းမသားတစ်ယောက်ကို ဘယ်လိုကူညီမြှင့်တင်ပေးရမလဲဆိုတာ မစဉ်းစားကြဘူး။ ဘယ်လိုအမြတ်ထုတ်ရမလဲဆိုတာသာ တွေးကြတယ်"

"ဒါထက်...လွှာ့ရဲ့ မျက်လုံးအခြေအနေကကော အစ်ကို။ သူ ပြန်မြင်ရဖို့အခွင့်အလမ်း ရှိနိုင်သေးသလား"

အစ်ကိုက ကျွန်တော့်ရဲ့ ပူပန်မှုကို မျက်တောင်တစ်ချက်လှန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း...

"မျက်ကြည်လွှာနှစ်ဖက်စလုံး ထိခိုက်သွားတာ
သူ့ရဲ့ မျက်စိ အလွှာကုသရာဝန်ကြီးကတော့ သေသေ
ချာချာရှင်းပြပါတယ်။ ငါလည်း ဆေးအခေါ်အဝေ
စကားတွေတော့ နားမလည်ဘူး။ သူ ပြန်မြင်
အခွင့်အလမ်း ရှိပါတယ်။ ခွဲစိပ်ကုသရမယ်။ ရာနှု
ပြည့် အောင်မြင်လိမ့်မယ်လို့တော့ တစ်ထစ်ချ တွက်
မရဘူး။

မျက်လုံးကွယ်နေတဲ့လူတစ်ယောက်ကို ခွဲ
ကုသပြီး မျက်စိမြင်အောင် ကြိုးစားရတာ ဝတ္ထုတွေ
ရုပ်ရှင်တွေထဲလောက် မလွယ်ဘူးကွ"

"အဲဒါကို ကျွန်တော် နားလည်ပါတယ်
ဒါဟာ လွှာ့အတွက် ကြီးမားတဲ့အခွင့်အရေးတစ်
မဟုတ်လား။ ကျွန်တော်တို့ ကြိုးစား ကြည့်ကြ
အောင်"

အစ်ကိုက ကျွန်တော့်ရဲ့ တက်ကြွမှုကို ကြည့်ရင်း ပြုံးပါ

"မဟုတ်မှလွဲ...မင်းနဲ့ လွှာရဲ့ ပတ်သက်မှု
ဘယ်အတိုင်းအတာလောက် ရှိသလဲ"





"ဟို...ကျွန်တော် သူ့ချစ်သူပါ အစ်ကို"

"မင်း သူ့ကို ချစ်သူတစ်ယောက်အဖြစ်တော့ ရွေးချယ်ရဲသားပဲ"

"သူ့မှာ ပြောင်မြောက်တဲ့သတ္တိ ရှိတယ် အစ်ကိုရဲ့။ ကျွန်တော်က အဲဒီသတ္တိကို အပြတ်ကြွေသွားတာ"

"ဟော့ကောင်...တော်တော့ကွာ။ မင်းစကားက ငါ့နားထဲကို ကန့်လန့်ကြီး ဝင်လာတယ်"

ထိုစဉ် လွှာ ပြန်ရောက်လာသည်။

"စကားသံတွေ ကြားပါတယ်။ အစ်ကိုရောက်နေပြီနဲ့ တူတယ်"

"ဟုတ်တယ် ညီမလေး။ ဘယ်တွေသွားနေတာလဲ"

"ဒီနားက စတိုးဆိုင်တင်ပါ အစ်ကို။ တစ်ရှူးလိပ်နဲ့ နာရီဓာတ်ခဲတွေ ကုန်နေလို့ သွားဝယ်တာ"

"အဲဒါသာကြည့်တော့ အစ်ကိုရေ၊ အစ်ကို့ညီမက ကျွန်တော် သွားဝယ်မယ်ဆိုတာကို လက်မခံဘူး။ သူ့ကို မျက်မမြင်တစ်ယောက်မို့လို့ ဘောက် ဝိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖေးမတာကို သူ မလိုလားဘူး အစ်ကိုရဲ့''

လွှာက ကျွန်တော့်စကားကြောင့် နှုတ်ခမ်းတစ်ချက်တွန့်ကာ ပြုံးရင်း...

''အံမယ်...ကိုသစ်နဲ့အစ်ကို တော်ဒါတွေဖြစ်နေပြီနဲ့တူတယ် ဟုတ်လား''

''ဟုတ်တယ် ညီမလေးရေ။ ဒီမှာ မင်းရဲ့ဘိုင်းဖရန့်ရှေ့နေက မင်းမျက်လုံး ပြန်မြင်ရဖို့ ကိုယ့်ကိုပြောနေတယ်။ ခွဲစိပ်ကုသမှုတော့ ခံရမယ်လို့။ အောင်မြင်လိမ့်မယ်လို့ တစ်ထစ်ချကြီး တွက်လို့ မရသေးဘူးလို့ ကိုယ်ရှင်းပြနေတာ''

''ဟုတ်တယ် ကိုသစ်ရဲ့။ ကံတရားနဲ့လည်း ဆိုင်သေးတယ်။ လွှာလည်း အမှောင်ထဲမှာတော့ ဘယ်နေချင်ပါ့မလဲ။ မျက်လုံးခွဲစိပ်ဆရာဝန်ကြီးတွေကလည်း လွှာ့ကို သူတို့ကြိုက်တဲ့အခြေအနေ မရောက်သေးလို့ ခွဲစိပ်မပေးသေးတာ ထင်ပါရဲ့''

''ဒါဆို ကျွန်တော်တို့ နောက်တစ်ခေါက်လောက် ထပ်ပြီး ဆွေးနွေးကြည့်ကြတာပေါ့ လွှာ။ လူတစ်ယောက်ဟာ တသမတ်တည်းကြီးတော့ ကံ





မဆိုးနိုင်ပါဘူး။ လွှာ့ကို ဘုရားက စောင့်ရှောက်မှာပါ''

''အင်းလေ...ဆွေးနွေးကြသေးတာပေါ့''

အစ်ကိုက ကျွန်တော့်ကို သဲရန်ကောဆိုတဲ့အကြည့်နှင့် ကြည့်တော့၏။

***



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ချစ်သူနှစ်ယောက်သည် လာမယ့်တနင်္ဂနွေ အားလပ်ရက်မှာ ခွဲစိပ်ဆရာဝန်ကြီးတစ်ယောက်နှင့် သွားရောက်ဆွေးနွေးရန် စိတ်အားထက်သန်နေကြသည်။

"လှွာ...ဘုရား မှန်မှန်ရှိခိုးနော်။ ရတနာသုံးပါးကို အမြဲဦးထိပ်ထား။ ငါ့ချစ်သူလေး ကံကောင်းမှာပါကွာ"

"လှွာလေ...ကိုသစ်ရဲ့ မျက်နှာလေးကို ငါးမိနစ်လောက်ဖြစ်ဖြစ် မြင်ဖူးရင် ကျေနပ်ပါပြီကွယ်"

လှွာက ကျွန်တော့်ရင်ခွင်ထဲသို့ ခေါင်းတိုးခွေ့ရင်း ဆိုလေ၏။

"နိမိတ်မရှိ နမာမရှိ လှွာရာ...။ လှွာ ကံယံ့ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး မြင်တွေ့ရမှာပါ။ ဒီလောက် ခေါးပညာ တိုးတက်နေတဲ့ခေတ်ကြီးမှာ မျက်စိခွဲစိပ်ကုသတာ လောက်ကတော့ သမားတော်ကြီးတွေ လုပ်နိုင်ကြ မှာပါ''

''အဲဒီလို တရားသေကြီး တွက်ထားလို့မရဘူ ကိုရဲ့။ ကိုပြောသလိုသာ လွှာ့ကို အော်ပရေးရှင်းလုပ် တာ လွယ်ကူနေရင် ဒီအချိန်လောက်ဆို လွှာ မျက်စိ ပြန်မြင်နေရပြီပေါ့။

ဆရာဝန်ကြီးက ပြောတယ်။ အခြေအနေ တစ်ခုကို ခဏစောင့်ရလိမ့်မယ်တဲ့။ လွှာ့အထင်တော့ လွှာ့မှာ မျက်လုံးပြန်မြင်ရဖို့ အခွင့်အရေး နည်းပါ လို့များလား မသိပါဘူး ကိုရယ်''

''စိတ်မရောက်ခင် မြားမကုန်ချင်စမ်းပါနဲ့ လွှာ လေးရယ်...။ လွှာ့ကို လူတန်းစေ့ကလေး နေခွင့်ရ ချင်တာ ကို့စေတနာပါ။ လွှာ မျက်လုံးပြန်မြင်ရသည် ဖြစ်စေ၊ မမြင်ရသည်ဖြစ်စေ ကိုကတော့ လွှာ့ ထာဝရချစ်သွားမှာပါ။ ကိုပြောခဲ့ဖူးတယ် မဟုတ်လား ကိုဟာ လွှာ့အတွက်ဆိုရင် အနင်းခံမြက်အတွ





မိုးရေစက်ပါလို့...''

''ကိုရယ်...''

လွှာ့ကို ကျွန်တော့် ပွေ့ဖက်ထားမိသည်။

လွှာသည် ဒီရက်ပိုင်းအတွင်းမှာ ကျွန်တော့်ပုံတူ ပန်းပုရုပ်ထု တစ်ခု ထုချင်ကြောင်းလည်း ခဏခဏ ပြောပါသည်။

သူမ မျက်လုံးပြန်မြင်ချင်ရတာရဲ့ အဓိကရည်ရွယ်ချက်ထဲမှာ ကျွန်တော့်ပုံတူ ပန်းပုရုပ်ကလေး ထုချင်တာလည်း တစ်ခုအပါအဝင် ပဲတဲ့လေ။

''တကယ်ပြောတာ ကိုရဲ့။ ကို့ပုံတူ ပန်းပုရုပ် ကလေးတစ်ခုလောက် လွှာ ထုဆစ်ပြီး ကို့ကို လက် ဆောင်ပေးချင်လိုက်တာ။ ကို့မျက်နှာကို ရုပ်ဖမ်း သံဖမ်းလောက် မြင်ဖူးရင်ကို ဒီအချိန်လောက်ဆိုရင် လွှာ တွေးတွေးဆဆနဲ့ ထုဆစ်နေလောက်ပြီ။ ခက် တာက ကို့ကို လွှာ လုံးဝမမြင်ဖူးဘူးဖြစ်နေတယ်။ ဆိုးလိုက်တာနော်''

''လွှာရယ်...မင်းအစား ကိုယ်ပဲ မျက်မမြင်ဖြစ် လိုက်ချင်ပါတယ်ကွာ။ မင်းစကားတွေကြားရတာ ကိုယ် ရင်နင့်လိုက်ရတာ''



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့သို့ရောက်သော် မျက်စိအထူးကုဆရာဝန်ကြီး
ပြင်ပဆေးခန်းသို့ ကျွန်တော်တို့ ရောက်ခဲ့ကြသည်။

ဆရာဝန်ကြီးက အကျိုးအကြောင်း စုံလင်စွာ မေးပါ
နောက်တော့ လွှာ့မျက်လုံးတစ်စုံကို အမျိုးမျိုး စမ်းသပ်ပါသည်
ကျွန်တော်သည် ဖြစ်ပျက်လာမည့် အခြေအနေကို စောင့်ရင်း
တထိတ်ထိတ်ခုန်လျက် ရှိချေသည်။

လွှာလည်း ကျွန်တော်ကဲ့သို့ ခံစားရမည် ထင်ပါ၏။

ဆရာဝန်ကြီးက အမျိုးမျိုးစမ်းသပ်စစ်ဆေးပြီးတော့မှ သူ
မျက်မှန်ထူထူကို တစ်ချက်ချွတ်လိုက်ရင်း...

"အော်ပရေးရှင်း ပြန်လုပ်ရလိမ့်မယ်။ လွှာ
လွယ်ကူကူရှင်းပြရရင်တော့ မျက်ကြည်လွှာ အစား
ကုသမှုပေါ့။ ကလေးမနဲ့ သင့်တော်မယ့် မျက်ကြ
လွှာတစ်စုံကို မျက်စိဘဏ်ကနေ ရှာရမယ်။

ဒီကိစ္စက ထင်သလောက်တော့ လွယ်ကူ
မဟုတ်ဘူး။ ခက်ခက်ခဲခဲနဲ့ကို ခွဲစိပ်ကုသရ
အဓိကကတော့ လူနာ စိတ်ဓာတ်ကျမသွား
ဆရာကြီးတို့ဘက်ကလည်း အတတ်နိုင်ဆုံး ခွဲစိပ်
ပေးရမှာပေါ့။ ကံတရားကလည်း အရေးကြီး





တယ်လေ"

ဆရာဝန်ကြီးက အသေးစိတ် ရှင်းပြပါသည်။

လွှာတော့မသိ။ ကျွန်တော်တော့ ဆရာဝန်ကြီးစကားကို
ကြားရတာ အလွန့်တရာမှ တက်ကြွနေမိသည်။

"သူ့မျက်လုံး ပြန်မြင်ရဖို့အခွင့်အလမ်း ဘယ်
လောက်ရှိပါသလဲ ဆရာ"

"ဆယ်ဗင်းတီပါဆင့်တော့ ကျိန်းသေပါတယ်။
တော်တော့်ကိုခက်ခက်ခဲခဲအော်ပရေးရှင်း လုပ်ယူရမှာ"

သို့နှင့် ခွဲစိပ်ကုသရန်အတွက် အသေးစိတ် ထပ်မံဆွေးနွေး
ကြပြန်သည်။ ဆရာဝန်ကြီးက ရှေ့လထဲမှာ အော်ပရေးရှင်းလုပ်ဖို့
ကြမ်းဖျင်း ဒိတ်ပေးလိုက်၏။

အဲဒီနေ့က ကျွန်တော့်ရဲ့ အပျော်ဆုံးနေ့ဆိုရင်လည်း မမှား
ပါ။ လွှာသည်လည်း ကျွန်တော့်လိုပင် စိတ်လှုပ်ရှားလျက် ရှိချေ
သည်။

"တစ်လ...။ အဲဒီတစ်လကို လွှာ တော်တော့်
ကို စိတ်ရှည်လက်ရှည်နဲ့ စောင့်ယူရလိမ့်မယ် ထင်ပါရဲ့
ကိုရယ်။ လွှာ အရမ်းကို စိတ်တွေလှုပ်ရှားနေမိတယ်"

"ရော်...နှစ်တွေအကြာကြီးအထိတောင်



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ ကုန်ခဲ့ပြီပဲကွာ။ လှသာ စောင့်ရကိုး နပ်မှာပါ''

''ကို...''

''ပြောဗျာ...''

''ကို့မျက်နှာကို မြင်ဖူးချင်တာရယ်၊ ကို့ပုံတူ ပန်းပုရုပ်ထုကလေး တစ်ခု ထုဆစ်ပေးချင်တာရယ်၊ တရားခွင်မှာ အမှုစစ်နေတဲ့ ကို့ရဲ့ လှုပ်ရှားမှုကလေးကို တစ်ခါလောက် တွေ့ဖူးရင် လှသာ ကျေနပ်ပါပြီကွယ်''

''လှသာ ဆုတောင်းပြည့်မှာပါကွာ''

နေ့ရက်တွေက တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးခဲ့၏။ လှသာ အော်ပရေးရှင်းဝင်ရန်မှာလည်း တစ်ရက်ထက်တစ်ရက် နီးကပ်လာခဲ့လေတော့သည်။

လှသာသည် ဒီရက်ပိုင်းအတွင်းမှာ ကျွန်တော့်ကို မြင်ဖူးချင်ကြောင်း၊ ကျွန်တော့်ပုံတူ ပန်းပုရုပ်ထုကလေးတစ်ခု ထုဆစ်ပေးလိုကြောင်းနှင့် တရားခွင်မှာ ကျွန်တော့်ကို တိုက်ပုံအနက်ဝတ်ဆင်ပြီး မောင့်ကျက်သရေ ခေါင်းပေါင်းဆောင်းကာ အမှုစစ်နေတဲ့ လှုပ်ရှားမှုကလေးကို တွေ့ဖူးချင်ကြောင်း တဖွဖွပြောတတ်သည်။

ခွဲစိပ်ကုသဖို့ရက်က နီးလာလေလေ ကျွန်တော့်စိတ်တွေ တက်ကြွနေသလို တစ်ခါတစ်ရံလည်း လေးပင်နေမိသည်။





လှသာ ပြန်မှ မြင်ရပါ့မလား။ အမြင်အာရုံကို လူကောင်းပကတိလို ပိုင်ဆိုင်နိုင်ပါ့မလားဆိုတာ တွေးပူနေမိတော့သည်။

သို့သော် ဒီထက်မကထူးဆန်းနေသည့်ကံကြမ္မာက ကျွန်တော့်ကို ငိုစေ၊ ရယ်စေရန် ကြိုတင်၍ စောင့်ဆိုင်းနေလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



လွှာကို ခွဲစိပ်ကုသရန် ရက်ပိုင်းမျှအလိုတွင် ဆရာဝန်ကြီးထံသို့ ကျွန်တော်တို့ချစ်သူနှစ်ယောက် ထပ်မံရောက်ရှိခဲ့ကြပြန်ပါသည်။

ဆရာဝန်ကြီးက လွှာကို မြင်တာနှင့်...

"နှင်းဝတ်လွှာအတွက် သင့်တော်မယ့် မျက်ကြည်လွှာတစ်စုံကို မျက်စိဘဏ်ကနေ ဆရာကြီးတို့ တွေ့ထားပြီးပါပြီ။

အဲ...မျက်ကြည်လွှာအလှူရှင်ကတော့ ရောဂါတစ်ခုနဲ့ သေဆုံးသွားတဲ့ မိန်းကလေးတစ်ယောက်ပဲ။ အသက်အရွယ်ကတော့ သမီးတို့လောက်ပဲ ရှိမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ဆရာကြီး သမီးကို ရီကွက်(စ်)တစ်ခု လုပ်ချင်တာက မျက်ကြည်လွှာပိုင်ရှင်နဲ့ ပတ်သက်တဲ့ လူတစ်ယောက်က၊ ဖြစ်နိုင်ရင် အဲဒီမျက်ကြည်လွှာကို လက်ခံပိုင်ဆိုင်ခွင့်ရတဲ့ သမီးကို တွေ့ချင်ကြောင်း ကောင်းဆိုနေတယ်။

ဒါကတော့ ပြောရရင် အစဉ် အလာဆန်ဆန် တော့ မဟုတ်ဘူးပေါ့။

သမီးဘက်က ခွင့်ပြုတော့မှ အဲဒီလူက၊ မျက်ကြည်လွှာ လက်ခံပိုင်ဆိုင်ခွင့်ရှိတဲ့သူကို လာတွေ့ချင် တာ။

သမီး ဘယ်လို သဘောရသလဲ''

''ဟာ...ရပါတယ်။ သမီး လိုလိုလားလားနဲ့ လက်ခံပါတယ်။ သမီးဘက်က မျက်ကြည်လွှာတစ်[illegible] ကိုတောင် ပိုင်ဆိုင်ရတော့မှာပဲ။

ဖြစ်နိုင်ရင် အဲဒီလူကိုတောင် သမီးက ကျေး[illegible] ဆပ်ချင်တာပါ''

''ဟုတ်ပါတယ် ဆရာကြီး။ သူ့ကို တွေ့ခွင့်[illegible] လိုက်ပါ။ လွှာ အစားထိုးရမယ့် မျက်ကြည်လွှာပိုင်ရှ[illegible]





ပတ်သက်သူကို ကျွန်တော်တို့လည်း တွေ့ချင်ပါတယ်။ ကျေးဇူးစကားလည်း ပြောချင်ပါတယ်''

''ကောင်းပြီလေ။ သူ မကြာခင်ပဲ ဒီကို ရောက် လာပါလိမ့်မယ်''

တကယ်တမ်း ထိုလူ ဆရာကြီးဆီရောက်လာသောအခါ ကျွန်တော့်မှာ အံ့ဩတုန်လှုပ်ရလွန်းလို့ ဘာပြောလို့ ပြောရမှန်းပင် မသိတော့ချေ။

သူ့ကို ကျွန်တော် မှတ်မိပါတယ်။

သူကလည်း ကျွန်တော့်ကို မှတ်မိလိမ့်မယ် ထင်ပါတယ်။

ကျွန်တော်တို့နှစ်ယောက်ဟာ စတင်တွေ့ဆုံလိုက်တာနဲ့ တစ်ယောက်ကိုတစ်ယောက် လျှို့ဝှက်နက်နဲတဲ့ အကြည့်တစ်စုံဆီနဲ့ ကြည့်မိကြတယ်။

''ကဲ...မောင်ကောင်းထက်ဇံရေ၊ ဒီမှာ မင်း ကောင်မလေးရဲ့ မျက်ကြည်လွှာကို လက်ခံလိုက်တဲ့ လူနာပဲ။

သူ့နာမည်က နှင်းဝတ်လွှာတဲ့။

သူကတော့ ထွန်းသစ်စတဲ့။ ဟောဒါက မျက် ကြည်လွှာပိုင်ရှင်ရဲ့ သက်ဆိုင်သူ ကောင်းထက် ဇံပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဩော်...ဩော်...။

ကြိုတင်အကွက်ချထားသလို လာပြီးများ တိုက်ဆိုင်တတ်ပလေ။

သူ့ချစ်သူရဲ့ မျက်ကြည်လွှာကို လွှာက လက်ခံလိုက်ရတာကို၊

"တွေ့ရတာ ဝမ်းသာပါတယ် ကိုထွန်းသစ်စ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

ကောင်းထက်ဖံရဲ့ အပြုံးဟာ အဖြူထည်မဆန်ဘူး။

ဟိုးအရင် ကျွန်တော်အမှုလိုက်စဉ်က ရုံးတော်မှာတွေ့ခဲ့တဲ့ မျက်နှာထားမျိုးပဲ။

သွေးအေးအေးနဲ့ ရက်စက်တော့မှာလိုလို၊ လျှို့ဝှက် နက်နဲစွာနဲ့ပဲ အနိုင်ယူတော့မှာလိုလိုနဲ့။

"ဟို...ဘယ်သူ။ ကျွန်မလည်း အခုလိုတွေ့ဆုံရတာ ဝမ်းသာပါတယ်"

"ကောင်းထက်ဖံပါ နှင်းဝတ်လွှာ"

"ဟုတ်ကဲ့...အခုလို ဆုံဆည်းရတာ ဝမ်းသာပါတယ် ကိုကောင်းထက်ဖံ"

ကြည့်စမ်း...။ ဒီကောင်ဟာ ကျွန်တော့်ချစ်သူ နှင်းဝတ်လွှာကို တဖိတ်ဖိတ်တောက်ပနေတဲ့ မျက်လုံးတစ်စုံနဲ့ကြည့်ပြီး ကျွန်တော့်ကို





အခံရခက်အောင် ဘာကြောင့် လုပ်နေရသလဲ။

နှင်းဝတ်လွှာကို စုံမက်တဲ့မျက်လုံးနဲ့ ကြည့်အပြီးမှာတင် ကျွန်တော့်ကို စိုက်ကြည့်လိုက်တဲ့အကြည့်က စိန်ခေါ်တော့မှာလိုလို၊ ယှဉ်ပြိုင်တော့မှာလိုလိုပင်။

"နှင်းဝတ်လွှာ လက်ခံလိုက်တဲ့ မျက်ကြည်လွှာဟာ ကျွန်တော့်ချစ်သူ သွန်းနှင်းခင်ရဲ့ မျက်ကြည်လွှာပါ။ နှင်းရဲ့မျက်ကြည်လွှာကို ပိုင်ဆိုင်ခွင့်ရတဲ့သူကို တွေ့ဖူးချင်လို့ ဆရာကြီးဆီမှာ ရီကွက်(စ်) လုပ်လိုက်မိတာ။ ကျွန်တော့်ကို အခုလို တွေ့ဆုံခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဟာ... ဒီစကားက လွှာက ပြောရမှာပါ ကိုကောင်းထက်ဖံ။ ရှင့်ချစ်သူရဲ့ မျက်ကြည်လွှာကို ကျွန်မ မကြာခင်ပိုင်ဆိုင်ခွင့် ရတော့မှာ ဖြစ်တဲ့အတွက် ရှင့်ကို ကျွန်မ ကျေးဇူးတင်ပါတယ်"

လွှာသည် ကောင်းထက်ဖံကို အတော်ပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေကြောင်းကို အမူအယာမြင်ရုံနှင့်ပင် သိသာပါသည်။

ကောင်းထက်ဖံကလည်း ကျွန်တော့်ကို ရှေ့ထားကာပင် လွှာကို တဖိတ်ဖိတ်တောက်ပသော မျက်လုံးတစ်စုံဖြင့် ကြည့်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလဲကွာ။

ဒီ မင်းကို ကျေးဇူးမတင်ချင်လို့တော့ မဟုတ်ပါဘူး။ ဒါပေ မင်းတွေ့ချင်တဲ့ မိန်းကလေးကို မင်း တွေ့ခွင့်ရပြီပဲ၊ မင်း ပြန်ပါတော့

သို့သော် အခြေအနေတွေက ကျွန်တော်ထင်ထားသလို ဖြ မလာခဲ့။

ဆရာဝန်ကြီးရဲ့ ဆေးခန်းကအပြန် ကားပါကင်ဆီရောက်တ နှင့် လှသာက ကားထဲမှာ ဝင်ထိုင်အပြီးမှာပင် ကောင်းထက်ဖုံက

"ထွန်းသစ်စ...စကားနည်းနည်းပြောရအောင်"ဟု လှမ်းခေါ် ၏။

"လှသာ...ခဏလေး ထိုင်စောင့်ဦးနော်။ ဟိုမှာ ကောင်းထက်ဖုံ လှမ်းခေါ်နေတယ်"

"ဟုတ်ကဲ့...ကို"

ကျွန်တော်ဟာ လေးဖင့်သော ခြေလှမ်းတွေနဲ့ ကောင်းထက် ရဲ့ ခရောင်းကားကြီးနားကို အရောက်မှာတင် သူက...

"ကျွန်တော်တို့ ကြဲကြဲဖန်ဖန် လာပြီးတိုက်ဆိုင် တတ်တယ်နော်"

"ခင်ဗျားရင်ထဲမှာ ကျွန်တော့်ကို အငြိုးမပြေ သေးဘူးဆိုတာ ကျွန်တော်သိပါတယ်"





"အငြိုးမပြေတာတော့ မဟုတ်ဘူးဗျ။ ဘယ်လို ခေါ်မလဲ၊ မေ့ဖျောက်လို့ မရတာ။ ခင်ဗျားလိုက်ခဲ့တဲ့ အမှုဟာ တကယ်တော့ ကျွန်တော်နဲ့ မဆိုင်ပါဘူး။ ကျွန်တော့်ကုမ္ပဏီက သန့်ရှင်းရေးဝန်ထမ်း ဦးသာဒင်ရဲ့ အမှုပဲ။ အဲ...ဦးသာဒင်ဆိုတဲ့ လူကလည်း အရက် သမားဆိုပေမဲ့ ကျွန်တော့်အဖေလက်ထက်ကတည်းက ကျွန်တော်တို့ဆီမှာ သစ္စာရှိရှိနဲ့ အလုပ်ဝင်ခဲ့တာဆိုတော့ သူ့လည်း အမှုဖြစ်ရော ကျွန်တော်တို့က ဘေးကနေ ကူညီခဲ့ရတာပေါ့"

"အေးဗျာ...ခင်ဗျားလည်း ဦးသာဒင်ကို ကူညီ ခဲ့သလို ကျွန်တော်ဟာလည်း ဦးသာဒင်တရားစွဲခဲ့တဲ့ အမှုသည်ကို ထောင်မကျအောင် ကူညီခဲ့ရတာပဲ။ အပြစ်ရှိတဲ့လူကို အဲဒီအပြစ်ကလွတ်အောင် ရှေ့နေ တစ်ယောက်အနေနဲ့ အကာအကွယ်ပေးရတယ်ဆိုတာ ကျွန်တော်တို့ ဥပဒေလောကမှာ သိပ်အဆန်းတကြယ် မဟုတ်ပေမဲ့ ခင်ဗျားတို့လို ပြင်ပလောကက လူ တစ်ယောက်အတွက်တော့ ထူးဆန်းကောင်း ထူးဆန်း နေမှာပဲ။ ကဲ...ခင်ဗျား ကျွန်တော့်ကို ခေါ်တွေ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ ပြောဖို့ပဲလား''

ကောင်းထက်ဖုံက မိုင်းဆဲဗင်းတစ်လိပ်ကို ဟန်ပါပါ
လိုက်ရင်း...

''နှင်းဝတ်လွှာက တော်တော်ချစ်စရာကော
တဲ့ မိန်းကလေးတစ်ယောက်ပဲနော်။ ခင်ဗျား
ဘယ်လိုပတ်သက်သလဲ မသိဘူး''

ကျွန်တော့်ကို ကလိပြီဆိုတာကိုတော့ သိလိုက်သည်။

''အဲဒီကိစ္စတွေဟာ ခင်ဗျားအတွက်
တော်အရေးကြီးနေလို့လား''

''ဆိုပါတော့ဗျာ...အဟင်း''

''ကျွန်တော့်ချစ်သူပါ ကိုကောင်းထက်ဖုံ''

''ခင်ဗျားချစ်သူ။ အင်းလေ...ကျွန်တော်
တော့ ထင်လိုက်သားပဲ။ ဒါပေမဲ့ သူဟာ သိပ်မ
ခင်မှာပဲ ကျွန်တော့်ချစ်သူရဲ့ မျက်ကြည်လွှာတစ်
သူ့မျက်လုံးမှာ တပ်ဆင်ရတော့မှာ မဟုတ်လ
ကျွန်တော် သူ့ကို စတွေ့ကတည်းက လှုပ်လှုပ်ရှ
ဖြစ်သွားမိတယ်ဗျ။ ခင်ဗျား ကျွန်တော့်ကို ဒေ
ထွက်ချင်လည်း ထွက်ပါ။ ကျွန်တော် သူ့ကို ဟို





ဘယ်လိုပြောရမလဲ၊ သူ့ရင်ထဲမှာ ကောင်းထက်ဖုံ ဆိုတဲ့ယောက်ျားတစ်ယောက် အခိုင်အမာနေရာပေး ချင်သွားအောင် ကြိုးစားချင်တယ်။ ဘယ်လိုသဘော ရသလဲ''

ကျွန်တော် သူ့စကားကြောင့် ရင်ထဲမှာ အကြီးအကျယ် သိတ်လန့်သွားမိသော်လည်း အပြင်ပန်းမှာတော့ အားပါးတရ ရယ်မောပစ်လိုက်မိပါသည်။

''ဟား...ဟား...ဟား...ဟား...ခင်ဗျားဟာ စီးပွားရေးသမားလို့ မပြောရဘူး အပေးအယူလုပ်တာ ကလည်း မြန်လိုက်တာဗျာ။ ဘယ်လိုပြောရမလဲ... ခင်ဗျားကို တင်မိသွားတဲ့ ကျေးဇူးတွေတောင် ပြန်ရုတ်သိမ်းရတော့မလို ဖြစ်နေပြီ။ နောက်ပြီးတော့ ခင်ဗျားဟာ တော်တော်စိတ်ကူးယဉ်တတ်တဲ့ယောက်ျား ပဲဗျ''

''ထားပါလေ...ဒီလောက်တော့ အထိုးနှက် ခံရမယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်တော် အခုကစပြီး ကြေငြာလိုက်ပြီနော်။ နှင်းဝတ်လွှာကို ကျွန်တော် စတွေ့မှာတင် ကြွေသွားတယ်။

www.burmeseclassic.com



သူ့ရင်ထဲက သံယောဇဉ်ကို ကျွန်တော်လည်း ရယူ...
တယ်။ အဲဒီအတွက် ကျွန်တော့်နည်း၊ ကျွန်တော့်ဟ...
ကြိုးစားတော့မယ်"

"ကျွန်တော် ခင်ဗျားကို တစ်ခုပြောမ...
ခင်ဗျား ကျွန်တော့်ကို အလဲထိုးချင်ရင် တခြားန...
လမ်းနဲ့ အလဲထိုးဖို့ ကြိုးစားပါလား။ ဘာမှမဆိုင်...
နှင်းဝတ်လွှာဆိုတဲ့ မိန်းမသားတစ်ယောက်ကို...
ခုတုံးမလုပ်ပါနဲ့"

"ခုတုံးလုပ်တာ မဟုတ်ဘူးဗျ။ ကျွန်တေ...
ဟောဒီထဲက ကောင်ကြီးက တောင်းဆိုနေတာ"

ကောင်းထက်ဖံ သူ့ရင်ဘတ် သူ လက်ဝါးနှင့်ရိုက်ပြလေ...
အခါ ကျွန်တော့်ရဲ့ သည်းခံစိတ်တို့က ဘယ်လိုမှ ချေါင်းငုံ့ထ...
မရတော့ချေ။

"ခွပ်"

"... ..."

"... ..."

ကျွန်တော် သူ့မျက်နှာကို လက်သီးနှင့် ထိုးပစ်လိုက်မိ...
သည်။





သူ့မျက်နှာမှာ ချာခနဲ လည်ထွက်သွားသည်။

"ခင်ဗျားနဲ့ကျွန်တော် မကြာခင် ကြိုးဝိုင်းတစ်ခု
မှာ ဆုံကြဦးစို့"

နာကျင်မှုအပြည့်နှင့် ဆိုကာ သူ ထွက်သွားလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ မျှော်လင့်ချက်တွေပျောက်ဆုံးပြီး အမှောင်ဖုံးနေ
မိန်းမသားတစ်ယောက်ဟာ သူမ မကြာခင်ရင်ဆိုင်ရတော့မယ့်
ောင်းလဲမှုရက်စွဲတွေအတွက် ရင်ခုန်လှိုက်မောစွာဖြင့် စောင့်မျှော်
နေတာ အတော်ကလေး စိတ်လှုပ်ရှားဖို့ ကောင်းပါသည်။

ကို့မျက်နှာကလေးကို မကြာခင် မြင်တွေ့ရတော့မည်။

ကို့ပုံတူ ပန်းပုရုပ်ထုကလေးတစ်ခုကို မကြာမီ ထုဆစ်ပေးခွင့်
တော့မည်။

ကို ကျင်လည်ပျော်မွေ့တဲ့ တရားရုံးကို လိုက်ပါကြည့်ရှုခွင့်
ာတော့မည်။

သူမဟာ ကိုယ့်အတွေးနဲ့ကိုယ် ပျော်မွေ့ကြည်နူးနေစဉ်ပင်
လုံးဝအမှတ်တမဲ့ဖြစ်နေမိတဲ့ လူတစ်ယောက်ဆီကလည်း ဖုန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်မှု ခံခဲ့ရသေးသည်။

"ဟဲလို..."

"နှင်းဝတ်လွှာလား..."

"ဟုတ်ပါတယ်ရှင်"

"မနက်ဖြန် ခွဲစိပ်မှုခံယူရတော့မှာဆိုတော့ တော်တော်ကလေး စိတ်လှုပ်ရှားနေမှာပဲနော်"

အသံက အသံစိမ်း။

သို့သော် ပြောပုံ ဆိုပုံကတော့ လှိုက်လှိုက်လှဲလှဲ ရှိလှသည်။

"ရှင် ဘယ်သူလဲဟင်"

"ကျွန်တော့်ကို မေ့သွားပြီလားဗျာ။ ကျွန်တော်ကတော့ ကိုယ့်ချစ်သူရဲ့ မျက်ကြည်လွှာတစ်စုံကို ပိုင်ဆိုင်ခွင့်ရသွားတဲ့ နှင်းဝတ်လွှာကို အမြဲသတိရ ဖြစ်နေမိပါတယ်"

"သြော်...ကိုကောင်းထက်ဖံ့ပဲ။ ဆော်ရီးနော် ကျွန်မက အခုလို ဖုန်းဆက်လာလိမ့်မယ်လို့ မထင်မိလို့ပါ"

"ရပါတယ်...နှင်းဝတ်လွှာရဲ့ ခွဲစိပ်ကုသမှု အောင်မြင်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်"





နွေးထွေးချိုမြသော စကားသံကလေးက သူမ ရင်ထဲသို့ အတားအဆီးမဲ့စွာ ရောက်လာလေသည်။

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်"

အဲဒီလူဟာ တော်တော်ခန့်မှန်းရခက်တဲ့ လူပဲ။

သူ့ရဲ့စကားသံဟာ ချိုမြနွေးထွေးမှု ရှိပေမဲ့ မထင်ရင် မထင်သလို ဖွတ်တရွတ်ဆန်မယ့် ပုံစံမျိုး။

သူနဲ့ ပထမဆုံးတွေ့ဆုံမှုကို သူမ ဘယ်တော့မှ မမေ့။

သူ့ကို ဒီနေ့ထက်ထိ သူမ မမြင်ဖူးပေမဲ့လည်း သူ့ရဲ့စကားတွေကို ကြားရတာ သူမဆီကနေ တစ်စုံတစ်ခုကို မျှော်လင့်တမ်းတနေသယောင်။

ဟိုတစ်နေ့ကပဲ ကြည့်လေ...။

သူမကို ကားပေါ်ထိုင်စေရင်း သူနဲ့ ကို တစ်နေရာရာမှာ စကားပြောကြသေးသည်။

ကားပေါ်ပြန်ရောက်တော့ ကို့အသံက မကြည်လင်။

ဘာတွေဖြစ်ခဲ့ကြမှန်းလည်း မသိ။

"ဟာ...ကျွန်တော်ပြောတာရော ကြားရဲ့လား"

"ရှင်...သြော်...ဘာ ပြောလိုက်သလဲ မသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''ဟာ...သေစမ်းပါတော့ဗျာ။ ကျွန်တော်က တော့ နှင်းဝတ်လွှာကို ဖိလင်အပြည့်နဲ့ ပြောနေတာ။ နှင်းဝတ်လွှာက ဘာတွေစဉ်းစားနေတာတုန်း''

''ဟို...ကျွန်မ စိတ်နဲ့ကိုယ်နဲ့ မကပ်ဖြစ်သွား တယ်။ ဆော်ရီးနော်။ ဒါထက် ကျွန်မကို ခေါ်ရင် လွှာလို့ ခေါ်နိုင်ပါတယ်''

''လွှာတဲ့လား...။ ကျွန်တော်က နှင်းလို့ခေါ် မယ် ဆိုရင်ကော''

စိတ်ညစ်ပါတယ်။

ဒီလူဟာ သူမကို ဘာကြောင့် ဒီလောက်တောင် တိုးနေတယ် ရယ် မသိ။

သူနဲ့ ပထမဆုံးတွေ့ဆုံစဉ်က သူ့ချစ်သူမိန်းကလေးကို နှင်း လို့ခေါ်ကြောင်း သူမ သိထားသည်။

အခုလည်း သူမကို နှင်းလို့ ခေါ်တော့မတဲ့။

အင်းလေ...ကိုယ့်နာမည်ထဲမှာကလည်း နှင်းဆိုတာက ပါနေ တာပဲမို့လား။ လက်ခံရမှာပေါ့။

''ငြိမ်လှချည်လားဗျာ။ ကျွန်တော်နဲ့ စကား





ပြောရတာ စိတ်အနှောင့်အယှက်ဖြစ်နေလို့လားဟင်''

''အို...မဟုတ်ရပါဘူး ကိုကောင်းထက်ဖုံရယ်''

''ကိုယ့်ကို ကိုဖုံလို့ ခေါ်နိုင်ပါတယ်''

''ဟုတ်ကဲ့''

''နှင်း ကျွန်တော်နဲ့ မိတ်ဆွေဖြစ်ဖို့ စိတ်ရှိရဲ့ လားဟင်''

''ရှိပါတယ်''

''အော်ပရေးရှင်းလုပ်ပြီးရင် နှင်းကို ကျွန်တော် လာကြည့်မယ်နော်။ ကျွန်တော့်ချစ်သူရဲ့ မျက်ကြည် လွှာနဲ့ တခြားမိန်းကလေးတစ်ယောက် မျက်လုံးပြန်မြင် ခွင့်ရခဲ့တဲ့အတွက် ကျွန်တော် အရမ်း ဝမ်းသာပါတယ်။ ကျွန်တော့်ချစ်သူရဲ့ မျက်ကြည်လွှာကလေးကို ကျွန်တော် လာကြည့်ပါရစေနော်''

''လာကြည့်ပါ ကိုဖုံ။ လွှာ လက်ခံပါတယ်''

''နှင်းကို ကျွန်တော် အရမ်းခင်တွယ်မိပြီဗျာ''

''အင်း''

သူမ ငြီးငြီးငွေ့ငွေ့ဖြင့်ပင် သံရှည်တစ်ချက် ဆွဲလိုက်မိသည်။ ကိုဖုံ...တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှိတဲ့ လူတစ်ယောက်ပါပဲ။

ဒါပေမဲ့ သူမမှာ ပိုင်ရှင်ရှိမှန်း သိပါရက်နဲ့ သူ ဘာလို့ ငြိတွယ်ချင်ရတာလဲကွယ်။

"ဝွတ်နိုက်နော်…နွင်း"

"ဝွတ်နိုက်ပါ ကိုဖံ"

ဖုန်းကို လေးလေးတွဲတွဲချလိုက်စဉ် ဖုန်းသံက ထပ်မံမြည်လာပြန်ပါ၏။

"ဟဲလို…"

"လွှာ"

"ဟယ်…ကို"

"ဘယ်သူတွေနဲ့ စကားပြောနေတာလဲကွယ်။ ကို ဖုန်းခေါ်နေတာ ကြာလှပြီ။ အင်ဂေ့(ဂျ်)ပဲ ဖြစ်နေတယ်"

ကို့ကို သူမ မညာချင်ပါ။

သူမရင်ထဲမှာ ကိုတစ်ယောက်တည်းပဲရှိတာ သူမ သိသည်။

"ကိုဖံ…အဲ…ကိုကောင်းထက်ဖံ ဖုန်းဆက်တာကို။ မနက်ဖြန် အော်ပရေးရှင်းလုပ်မှာမို့ သူ ဖုန်းဆက်ပြီး အားပေးစကား ပြောတာပါ"





ကို့အသံမှာ တိတ်ဆိတ်သွားလေသည်။

ကို တစ်ခုခုကို တွေးသွားတာတော့ သေချာပါသည်။

"ကောင်းထက်ဖံ ဖုန်းဆက်တယ်… ဟုတ်လား။ သူက ဘယ်လိုဖြစ်လို့ လွှာ့ဖုန်းနံပါတ်ကို ရရတာလဲ"

"ဒါတော့ လွှာလည်းမသိဘူး ကို။ ဆရာဝန်ကြီးဆီကနေ တောင်းတာလို့တော့ ထင်တယ်"

"အင်းလေ…ထားပါတော့။ သူ လွှာ့ကို ဘာတွေပြောသွားသေးသလဲ"

ကို့အသံက တဖြည်းဖြည်းနဲ့ ကျွတ်ဆတ်မာကျောလာသည်။

ကို သံသယဝင်မှာ၊ သက်ာမကင်းဖြစ်မှာကို သူမ အလွန်တရာကြောက်ပါသည်။

"ပြောတာကတော့ အစုံပဲ။ ခွဲစိတ်မှုအောင်မြင်ဖို့ သူ ဆုတောင်းပေးပါတယ်တဲ့။ ခွဲစိတ်မှု ပြီးသွားရင်လည်း လွှာ့မျက်လုံးထဲကိုရောက်လာတဲ့ သူ့ချစ်သူရဲ့မျက်ကြည်လွှာကို ကြည့်ခွင့်ပေးပါတဲ့။ အစုံ ပြောသွားတယ်ကို"

"ဟား…ဟား…ဟား…ဟား"

ကိုက အတော်ခံရခက်စွာဖြင့် ရယ်မောလိုက်သဖြင့် လွှာ



www.burmeseclassic.com

www.burmeseclassic.com



လန့်ဝင် သွားရချေသည်။

"တော်တော်လှတဲ့ ခေါင်းစဉ်တစ်ခုပဲ။ ဘာ...

...လွှာမျက်လုံးထဲကို ရောက်လာတဲ့ သူ့ချစ်သူ...

မျက်ကြည်လွှာကို ကြည့်ခွင့်ပေးပါတဲ့...ဟုတ်လား

ဘာထူးသလဲကွာ...နှင်းဝတ်လွှာကို တွေ့ခွင့်ပြုပါလို့

ပြောလိုက်ပါတော့..."

"ကိုနော်...အဲဒီလိုတွေ လျှောက်မရမ်းစမ်းပါနဲ့

လွှာ...အနေရ ခက်လွန်းလို့ပါ"

"လွှာ့ကို ကိုယ် ရမ်းဖို့ အစီအစဉ်မရှိပါဘူး

ဒါပေမဲ့ သတိတစ်ခုတော့ပေးချင်တယ်။ ကောင်းထက်...

ဖက စီးပွားရေးသမားဆိုတော့ အရာရာကို အပေ...

အယူဆန်ဆန်ပဲ ဆောင်ရွက်ချင်တယ် ထင်ပါရဲ့။ သူ...

ချစ်သူရဲ့မျက်ကြည်လွှာကို လွှာ့ကို ပေးတယ်။ နောင်...

ကြီးမဲ့ပေးအပ်ခြင်းတော့ မဟုတ်ဘူးကွ။ သူ လွှာ့ဆီက...

တစ်ခုခုကို မဖြစ် ဖြစ်တဲ့နည်းနဲ့ ပြန်ယူလိမ့်မယ်"

ကို့စကားကြောင့် သူမ လန့်ဖျတ်သွားသည်။ လွှာ့ဆီက

တစ်ခုခု...။ မြတ်စွာဘုရား...။ ဘာများပါလိမ့်...။

"သူက လွှာ့ဆီက ဘာများ ရယူချင်လို့ပါလဲ...





ကို"

"လွှာ့ကို သူ တပ်မက်နေတာ လွှာ မသိ

ဘူးလား"

"ဘုရားရေ..."

ကို့ရဲ့ ရင့်သီးလွန်းသော စကားအတွက် သူမမျက်နှာ နွေး

ခနဲ ဖြစ်သွားမိပါသည်။

"လွှာ ဘယ်လိုလုပ်သိမလဲ ကိုရယ်...။ လွှာက

မျက်လုံးမှ မမြင်ရတာ"

"ဆောရီး လွှာ...။ ဒီကိစ္စတွေကို ခေါင်းထဲက

မေ့ပစ်လိုက်ပါတော့။ အိပ်ရေးဝဝ အိပ်လိုက်နော်။

မနက်ဖြန်အတွက် အကောင်းဆုံး ကြိုတင်ပြင်ဆင်

ထား။ စိတ်ဓာတ်မကျနဲ့နော် လွှာ။ လွှာ ကံကောင်းမှာ

ပါ။ ကိုယ် အစောကြီး လွှာ့ဆီကို လာခဲ့မယ်"

"ဟုတ်ကဲ့ ကို...။ ဘိုင့်ဘိုင်နော်"

"ကောင်းပါပြီ လွှာ"

***

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် သူမ ခွဲစိပ်ကုသမှု ခံယူခဲ့ရလေသည်။

ခွဲစိပ်ကုသမှုမှာ ရာနှုန်းပြည့်နီးနီး အောင်မြင်မှုရှိကြောင်း ဆရာဝန်ကြီးက နှစ်ထောင်းအားရ ပြောပါ၏။

သူမမျက်လုံးနှစ်ဖက်ကတော့ ရက်အနည်းငယ်ကြာမျှ ပတ်တီးဖြင့် အုပ်ထားရလေသည်။

သူမချစ်သူလည်း ထိုရက်ပိုင်းအတွင်း ပြာနေအောင် သူမကို ဂရုစိုက်လှပါသည်။

"လွှာ...မကြာခင် ပတ်တီးဖြည်ရတော့မယ်နော်။ ဆရာဝန်ကြီးက ပြောတယ်။ ခွဲစိပ်မှု အောင်မြင်တယ်တဲ့။ ကိုယ် ဝမ်းသာလိုက်တာကွာ"

"ကို့မျက်နှာကို လွှာ မြင်ရတော့မယ်။ လွှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အတပ်သိနေတယ် ကို၊ လွှာ အလင်းပြန်ရလာ

လိမ့်မယ်''

''ဒီလို အောင်စိတ်မွေးမှပေါ့ လွှာကလေးရဲ့

လွှာကလေး ပြန်ပြီး အလင်းရမှာပါကွာ''

ကို့ဆီက အားပေးစကားသံတွေ ကြားလိုက်တိုင်း သူမရင်ထဲ

မှာ ညှိုးဖျော့သိမ်ငယ်နေတဲ့စိတ်တွေ အဝေးသို့ လွင့်စဉ်သွားရလေ

သည်။

ကိုရယ်...။

ကျွန်မလေ...

ဒီစကားကြီးကိုပဲ ထပ်ထပ်ပြောနေရတာ ကိုတော့ နားငြီး

တော့မှာပဲ။

ကျွန်မ ကို့မျက်နှာလေးကို သိပ်ကို မြင်ဖူးနေချင်ပြီကွဲ့။

''ဘာလဲ...ကိုယ့်မျက်နှာကို မြင်ဖူးချင်တယ်လို့

ပြောမလို့ စဉ်းစားနေတာလား''

ကိုက ရှေ့နေလို့ မပြောရ။

လူကဲခတ်ကလည်း တော်မှ တော်ပဲ။

ထွန်းသစ်စရဲ့ အမေးကြောင့် သူမမှာ တစ်ချက်ရယ်ရင်း...

''ဒါပေါ့ ကိုရဲ့၊ အဲဒီစကားကိုပဲ လွှာက ထပ်ခါ





ထပ်ခါ ပြောနေချင်တာ''

''ကိုယ်က အသားမည်းမည်း၊ သွားခေါ်ခေါ်၊

မျက်လုံးပြူးပြူး နဲ့ ရုပ်ဆိုးဆိုးယောကျ်ားတစ်ယောက်

ဖြစ်နေခဲ့မယ် ဆိုရင်ကော...''

''ကို...ရယ်စရာစကားတွေ သိပ်မပြောပါနဲ့

ကွယ်။ အစ်ကို့ဆီက လွှာ အားလုံးသိပြီးပြီ၊ အစ်ကိုက

ပြောတယ်... ညီမလေးရဲ့ရှေ့နေက လူချောတဲ့။

မျက်လုံးမျက်ဖန် ကောင်းကောင်းနဲ့ ယောကျ်ားပီသမှု

ရှိတယ်တဲ့။ ကဲ...''

''ဟား...ဟား...ဟား''

''ဟုတ်လား...ကို''

''ထားပါတော့ကွာ...။ ကိုယ်ကလည်း အဲဒီ

ကိစ္စကို ရင်ခုန်နေပါတယ်။ လွှာ ကိုယ့်ကိုမြင်ရင်

ဘယ်လိုများ တုန့်ပြန်မလဲလို့''

''အင်း...ပထမဦးဆုံး စတွေ့စမှာတော့ လွှာ

ခပ်ရှိန်ရှိန်ဖြစ်သွားမိမယ် ထင်ပါရဲ့''

''နောက်တော့မှ ကိုယ့်ရင်ခွင်ထဲ ခေါင်းတိုးဝင်

လာမှာ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်...အဲဒီရှေ့နေဟာလေ တော်တော်

စကားတတ်တယ်"

ကိုက ကျွန်မအကြောင်းကို အတော်ပင် သိနေသူတစ်ယော

ပင်။

ကျွန်မ စိတ်ညစ်တဲ့အခါ၊ ကျွန်မ စိတ်ရှုပ်ထွေးတဲ့အခါ၊ ကျွ

ဝမ်းနည်းအားငယ်လာတဲ့အခါ သူ့ရင်ခွင်ထဲမှာ မျက်နှာအပ်တ

အကျင့်ရှိမှန်း သူ ကောင်းကောင်းသိလေသည်။

ကံတရားရယ်...။

ကျွန်မတို့နှစ်ယောက်ကြားမှာ အမိုက်မှောင်ဆိုတဲ့ နံ

တစ်ချပ်ကို ဖြိုလဲပေးစမ်းပါ။

ကျွန်မတို့နှစ်ယောက်ရဲ့ ဘဝကလေး သာယာဖြောင့်ဖြူ

လွန်းလို့ပါ။

"လွှာ..."

"ရှင်"

"ကိုယ် ရုံးချိန်းနီးနေပြီ၊ ကိုယ် ရုံးသွားလို

မယ်နော်"

"ဟုတ်ကဲ့...ကို"

"ရုံးချိန်းပြီးရင် ကိုယ် ပြန်လာခဲ့မယ်။





အေးဆေးဆေး အနားယူလိုက်ဦးနော်"

"ဟုတ်ကဲ့ပါ ကို"

ကိုက သူမဆံပင်တစ်ချို့ကို ခပ်ဖွဖွကလေး နမ်းရှိုက်ကာ

အခန်းမှ ထွက်ခွာသွားလေ၏။

ကို ထွက်ခွာသွားပြီး သိပ်မကြာခင်ပင် လူတစ်ယောက်၏

တိတ်ငြင်သာလွန်းသော စကားသံတစ်ချို့ကို လွှာ နီးနီးကပ်ကပ်

ကြားလိုက်ရလေတော့သည်။

ရုတ်တရက်မို့ လွှာ ကြောက်မိသွားလေသည်။

***



www.burmeseclassic.com

www.burmeseclassic.com



သူမ နားနားသို့ ကပ်ကာ သူမနာမည်ကို တိုးတိတ်ညင်သာစွာ ခေါ်ဆိုလိုက်မှန်း သူမ သိစဉ် သူမ လိပ်ပြာငယ်သွားမိပါ၏။

"ဟင်…"

ဘယ်သူလဲ…။ တကယ့်ကို လိုက်လိုက်လှဲလှဲကြီးနဲ့ သူမ နာမည်ကိုခေါ်ဆိုလိုက်တာ။ ပြီးတော့ သူမနားနဲ့ နီးနီးကပ်ကပ်ကလေးမှာ။ ဒါဆို ဒီလူဟာ သူမ လှူနာခန်းထဲကို ဘယ်တုန်းကတည်းကများ ရောက်နေပါလိမ့်။

"နှင်းဝတ်လွှာ…ကိုဖံပါ"

"ကိုဖံ…အဲ…ဪ…လွှာ လန့်သွားတယ်"

"ထင်တယ်…။ နှင်း တော်တော်လေး လန့်သွားတာပဲ။ ဆောရီးနော်။ ကျွန်တော် ဆေးရုံထဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါက်နေတာ ကြာပြီ''

''လွှာကို လာကြည့်တာလား''

''ဟုတ်ကဲ့ပါဗျာ။ ထွန်းသစ်စ ရှိနေလို့ ကိုယ် ကန်တင်းမှာ ခဏထိုင်နေတာ''

''ကိုရှိရင်လည်း ဝင်ခဲ့လို့ ရပါတယ် ကိုဖံရဲ့။ ကိုရှိတော့ ပိုကောင်းတာပေါ့''

''ကိုယ့်ကို မခေါက်ပါနဲ့ နှင်းရယ်။ နှင်းက ကိုယ့်ကို ကြည်ဖြူပေမဲ့ ထွန်းသစ်စကမှ ကိုယ့်ကို မကြည်ဖြူတာ။ ကိုယ် သူ့ရှေ့မှာ နှင်းကို ဘယ်လာ ကြည့်ရဲပါ့မလဲ''

ကိုဖံဆိုသူ၏စကားကြောင့် သူမ အိုးတိုးအန်းတန်း ဖြစ်သွားမိလေသည်။

ဒီလူက တကယ့်ဖွတ်ပင်။ သူ့စကားသံကို စကြားကတည်းက သူမဆီက တစ်စုံတစ်ခုကို မျှော်လင့်နေမှန်း သူမ အတပ်သိသည်။ ထို့ကြောင့်လည်း သူမ သူ့ကို နှစ်ယောက်တည်း စကားပြောရမှာ ကြောက်နေ၊ ရှိန်နေမိသည်။

ဒါကိုလည်း ကိုရွှေချောက ကောင်းကောင်းသိပုံ ပေါ်ပါ၏။

''မကြောက်ပါနဲ့ နှင်းရယ်။ နှင်းကို ကြည့်ရတာ





ကိုယ်နဲ့ စကားပြောရ၊ ဆိုရ၊ တွေ့ရ၊ ဆုံရတာကို အမြဲလိုလို ကြောက်နေသလိုပဲ။ ကိုယ် နှင်းကို ဘာမှ ရန်မပြုပါဘူး။ ကိုယ်က နှင်းနဲ့ ခင်မင်ခွင့် ရချင်တာ။

ကိုယ့်ချစ်သူက မြေကြီးထဲကို လုံးဝ ရောက်ခဲ့ပြီးပါပြီ နှင်းရယ်။ ဒီကမ္ဘာပေါ်မှာ ကျန်ရစ်ခဲ့တဲ့အရာဆိုလို့ သူ့ရဲ့ မျက်ကြည်လွှာကလေးတစ်စုံပဲ ရှိခဲ့ပါတယ်။ ကိုယ့်ချစ်သူရဲ့မျက်ကြည်လွှာကလေးနားမှာ နီးနီးကပ်ကပ်ကလေးတော့ ခဏလောက် နေခွင့်ပြုပါ''

ထိုစကားကြောင့်ပင် ကိုဖံဆိုသူကို သူမ ကရုဏာသက်သွားပါသည်။

လောကကြီးဟာ တကယ်ပဲ ဆန်းကြယ်လွန်းပါလား။ ဒီလူဟာ ဆိုက်ကိုဖြစ်နေပါတယ်။ ဒီလူဟာ သူ့ချစ်သူ ...မလေးရဲ့ မျက်ကြည်လွှာတစ်စုံကို တော်တော့်ကို ရူးရူးမူးမူး ...ငိနေတယ်။ သူမအနားမှာ သူရှိနေဖို့ ခွင့်ပြုသင့်ပါတယ်လေ။

''နှင်း...''

''ဟင်...''

''ဘယ်တော့ ပတ်တီးဖြည်ရမှာလဲဟင်''

''လိုသေးတယ်။ ရက်နည်းနည်းကြာဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"နှင်းက သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ပဲ။ မျက်လုံးကလေးတွေများ အလင်းပြန်ရလာရင် နှင်းဟာ တဖျပ်ဖျပ်တောက်ပနေတဲ့ စိန်ပွင့်ကလေး တစ်ပွင့်လို လင်းလက်နေမှာ သေချာတယ်။ နှင်း ကိုယ့်ကို အမြင်ကြည်လင်စမ်းပါနော်။ နှင်းရင်ထဲမှာ ကိုယ့်ကို တစ်နေရာစာကြီး မပေးနိုင်ရင်တောင် အကန့် တစ်ကန့်လောက်တော့ ခွဲပေးစမ်းပါနော်"

"ကိုဖံရယ်..."

"ကဲ...ကိုယ်သွားပြီ နှင်း။ နှင်းအတွက် လက်ဆောင်ပစ္စည်းတွေ ဝယ်လာချင်ပေမဲ့လည်း ထွန်းသစ်စ ရိပ်မိသွားမှာစိုးလို့ ကိုယ် ဝယ်မလာခဲ့တော ဘူး။ နောက်နေ့တွေလည်း နှင်းကို ကိုယ် လာကြည့် မယ်နော်"

"ဟင်း...ဒုက္ခပါပဲ။ ကို သိလို့ မဖြစ်ဘူးရှင် ကို သိရင် သဝန်တိုမှာ"

'နှင်းကသာ ကိုယ့်ကို ကြည်ဖြူရင် ကို ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး"

"ဘုရားရေ...ဖွတ်ပါလား"





ကိုဖံက လူနာခန်းထဲက ထွက်မသွားခင် အံ့သြထိတ်လန့်ဖွယ် ရာ အမူအယာတစ်ခုနှင့် သူမကို နှုတ်ဆက်သွားသေး၏။

ထိုသည်ကတော့ ဝွတ်တိုင်နော်ဟု ဆိုရင်း သူမရဲ့ ညာလက် ခုံကလေးကို သူ့နှုတ်ခမ်းဖြင့် ဖွဖွ နမ်းရှိုက်သွားခြင်းပင် ဖြစ်ပေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မနက်စောစောကတည်းကပင် ကိုဟာ သူမရဲ့ လူနာခန်းထဲကို ရောက်ရှိနေလေသည်။

ကို ဝင်လာသည်နှင့် သင်းပျံ့လတ်ဆတ်သော နှင်းဆီရနံ့ တစ်ချို့ကို ရလေတော့၏။

"မွေးလိုက်တာ ကိုရယ်...။ ကို နှင်းဆီပန်းတွေ ယူလာပြီနဲ့ တူတယ်"

"ဟုတ်ပါတယ်ဗျာ...လွှာ့အတွက် ကိုယ် နှင်းဆီတစ်စည်း ယူလာခဲ့ပါတယ်"

ကိုက သူမရင်ခွင်ထဲသို့ နှင်းဆီတစ်စည်း ထည့်ပေးလိုက်လေ၏။

"နှင်းဆီပန်းစည်းတွေက သိပ်လှမယ် ထင်ပါရဲ့



www.burmeseclassic.com

www.burmeseclassic.com



နော်။ မွေးလိုက်တာ ကိုရယ်...။ လွှာလေ နှင်းဆီ
ပန်းကလေးတွေကို မမြင်ရတာ ကြာပြီရှင့်''

''ဒီနေ့ပဲ နှင်းဆီပန်းပွင့်ကလေးတွေကိုရော
ကိုယ့်ကိုပါ လွှာ မြင်ရလိမ့်မယ်''

ကိုက သူမရဲ့ နဖူးကို ခပ်ဖွဖွ နမ်းရှိုက်ရင်း တိုးတိုးကလေး
ဆိုဏ်။

နမ်းရှိုက်မှု။

ကြည့်စမ်း...။ ကို သူမရဲ့ နဖူးကလေးကို ခပ်ဖွဖွကလေး
နမ်းရှိုက်လိုက်တော့မှ ဟိုတစ်နေ့က ကိုဇံ သူမရဲ့ လက်ခုံလေး
ခပ်တည်တည်နဲ့ နမ်းရှိုက်ခဲ့တဲ့အဖြစ်ကို သတိရမိတော့တယ်။

အဲဒီကိစ္စကို ကို့ကို သူမ ဖွင့်မပြောရဲဘူး။

ကိုသိရင် အကြီးအကျယ် ပေါက်ကွဲမှာပဲ။

''လွှာ...''

''ရှင်...''

''ဒီနေ့ ပတ်တီးဖြည်ရမယ်နော်။ လွှာ
ကောင်းမှာပါကွယ်။ လွှာ ပြန်ပြီး မြင်ရတော့မှာ

''လွှာလည်း အဲဒီလိုဖြစ်ဖို့ ဆုတောင်းပါတ
ကို''





သတ်မှတ်ထားတဲ့အချိန်သို့ ရောက်လာလေသောအခါ
ဆရာဝန်ကြီး ရောက်ရှိလာလေသည်။

သူမအတွက် အမှောင်ထဲကနေ ရုန်းကြွဖို့ တက်ကြွနေမိသည်။
ကို့ကို မြင်ရတော့မယ်။ ကိုယူလာတဲ့ နှင်းဆီပန်းကလေးတွေ
ကို မြင်ရတော့မယ်။

စိတ်လှုပ်ရှားစရာ ကောင်းလိုက်တာကွယ်။

''သမီး...နှင်းဝတ်လွှာ''

''ရှင်...ဆရာကြီး''

''ပတ်တီးဖြည်တော့မယ်နော်။ စိတ်လှုပ်ရှားမှု
ကို ခဏလောက် ထိန်းချုပ်ထား။ ဆရာကြီး သမီးကို
ဖြည်းဖြည်းချင်း ပတ်တီးဖြည်ပေးမယ်။ သမီးကလည်း
မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ပါ။ အလင်းရောင်တွေ
စူးစူးရှရှနဲ့ မျက်လုံးထဲကို ဝင်လာတာ သတိထား
မိရင် မျက်လုံးပြန်မှိတ်ထားပါ။

အဲ...သမီးမျက်လုံးထဲကို အလင်းဝင်လာပြီဆို
ရင်လည်း သမီး ကြည့်ချင်တဲ့အရာတွေကို ပြင်းပြင်း
ထန်ထန်ကြီး မကြည့်လိုက်နဲ့။ စိတ်ကို လျှော့ထား။
အမြင်တွေ မှုန်ဝါးနေရင်လည်း ကြောက်မသွားနဲ့။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ သဲသဲကွဲကွဲ ဖြစ်လာလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

သို့နှင့် ဆရာဝန်ကြီးက ပတ်တီးကို တစ်စပြီးတစ်စ ဖြည်

တော့သည်။

ဆရာဝန်ကြီးက စိတ်ကို ထိန်းချုပ်ထားရန် ပြောသော်

သူမရင်တွေ တဒိန်းဒိန်း ခေါင့်ခုန်နေမိသည်။

"လွှာ ဆရာကြီးပြောတာ မှတ်မိတယ်

ကိုကလည်း ခဏခဏ သတိပေးပါ၏။

နောက်ဆုံးတော့ လွှာ့မျက်လုံးနှစ်ဖက်ကို ဖုံးအုပ်ထာ

ဂွမ်းဖတ်နှစ်ဖတ်ကို လှန်လိုက်၏။

"မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်"

သူမမျက်လုံးများ ပုတ်ကလက်၊ ပုတ်ကလက်ဖြစ်လာ

ဆရာကြီးပြောသလို ခပ်ဖြည်းဖြည်းကလေးနှင့် မျ

အားယူပြီးဖွင့်စဉ်...

မျက်လုံးတွေ ပူပြီး ကျင်ခဲသွားသလို ခံစားလိုက်ရ

အလင်းရောင်တွေက ပြင်းထန်လွန်းသည်။

အလင်းရောင်စူးစူးတွေကြားမှာ မှောင်မည်းမည်းအ

ကလည်း ရိုးတိုးရိပ်တိတ် ဝင်လာလေသည်။





ဘာအရောင်အဆင်းမှ မမြင်ရ။

ပြင်းထန်လွန်းသော အလင်းတန်းစူးစူးကြီးတစ်ခုရယ်၊ မှောင်

ညိုးမည်း အရိပ်တွေရယ်နဲ့ ကြားခံ မီးခိုးရောင်တွေ...။

"အာ...ဆရာကြီး သမီး မမြင်ရဘူး"

သူမမှာ ကြောက်ကြောက်လန့်လန့်နှင့် မျက်လုံးများကို ကမန်း

ကတန်း ပြန်ပိတ်ပစ်လိုက်ရသည်။

ဘုရားရေ...ခွဲစိပ်ကုသမှုဟာ အောင်မြင်ပါရဲ့လား။

ကိုက သူမရဲ့ ညာဘက်လက်ဖဝါးကလေးကို အားပေးသည့်

အနေနှင့် တစ်ချက်ဆုပ်ကိုင်ကာ...

"လွှာ...မကြောက်နဲ့လေ။ ဆရာကြီး လုပ်ပါ

ဦး...။ ကျွန်တော့်ကောင်မလေး မမြင်ရဘူးတဲ့ဗျ"

"သမီး မကြောက်နဲ့။ မျက်လုံးကို ခပ်ဖြည်း

ဖြည်းလေးဖွင့်ကြည့်ပါဦး။ ထပ်ပြီး ကြိုးစားကြည့်ပါဦး"

ဆရာကြီးက တက်ကြွစွာ အားပေးစကားပြောပါ၏။

သူမ မျက်လုံးပြန်ဖွင့်ရမှာကို ကြောက်လန့်နေမိသည်။

စူးရှပြင်းထန်လွန်းသော သဘာဝအလင်းတန်းစူးစူးတွေ။

သို့သော်...သူမ ထပ်မံကြိုးစားကြည့်မိပြန်သည်။ ကိုလို ဒီ

ထက်သက် သူမ တစ်စက္ကန့်လေးလောက်ဖြစ်ဖြစ် မြင်ဖူးခဲ့ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွှာ...မျက်လုံးတွေ ပြန်ဖွင့်ကြည့်ပါဦး"

"ဟုတ်ကဲ့"

သူမ မျက်လုံးများ ပြန်လည်ပွင့်လာသည်။

အလင်းတန်းတွေက အရင်ကလောက်တော့ မစူးရှတော့။

ဟော...လူရိပ်တွေ။ ခပ်ဝါးဝါး လူရိပ်တွေ။

"မမြင်ရရင် ဖြည်းဖြည်းချင်းကြည့်၊ မျက်လုံးကို ယောင်ပြီး မပွတ်လိုက်နဲ့နော်"

ခပ်ဝါးဝါးလူရိပ်တစ်ခုက သတိပေးစကား ပြောပါ၏။

သူမ မျက်လုံးများ ပြန်မှိတ်လိုက်သည်။

ဟုတ်ပြီ...။ ခပ်ဝါးဝါးလူရိပ်တစ်ခုရဲ့ဘေးမှာ အဖြူရောင်ဆန်ဆန် အင်္ကျီဝတ်ထားတဲ့ လူရိပ်တစ်ခုဟာ ကိုပဲ ဖြစ်ရမယ်။

သူမ ထပ်ကြိုးစားပစ်လိုက်ပြန်သည်။

ဒီတစ်ခါတော့ အလင်းရဲ့ စူးရှမှုဒဏ်ကို သူမ ခံနိုင်ရည်ရှိသွားပြီ။

ဝါးနေသောပုံရိပ်များမှာ တဖြည်းဖြည်းနှင့် ထင်ရှားလာလေတော့၏။

"မြင်ရပြီ...မြင်ရပြီ...ဆရာကြီး"

အို...ကိုရယ်...။



ကျွန်မကို စိုက်ကြည့်ပြီး ပီတိဖြစ်နေတဲ့ ကို။

ကို့ကို ကျွန်မ အားပါးတရစိုက်ကြည့်လိုက်မိသည်။

ကိုဟာ တကယ့်ကို လူချော၊ လူခန့်တစ်ယောက်ပဲ။

ရှပ်လက်ရှည် လည်ကတုံးအဖြူကလေးနဲ့ မန်ကျည်းသီးမှည့်ရောင်နဲ့ အပြာ၊ အနီရောင်တွေ ခပ်စိပ်စိပ်ရောထားတဲ့ ချည်လုံချည်ရှည်ကလေးနဲ့။

"ကိုနော်..."

"ဟုတ်ပါတယ်ဗျာ...ကိုပါ"

ဆရာဝန်ကြီးက သူမတို့ချစ်သူနှစ်ယောက်ကို ပြုံးကာ ပိုက်ကြည့်နေပါ၏။

"သမီး...သေသေချာချာ ပြတ်ပြတ်သားသား မြင်ရပြီလား"

"မြင်ရပြီ ဆရာကြီး။ ဆရာကြီးကို ကျေးဇူးတင်လိုက်တာ ရှင်"

ဆရာကြီးက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း...

"ကဲ...ဆေးရုံက ဆင်းရမယ့်ရက်ကို ဆရာကြီး နောက်တစ်ခါလာတော့ ပြောမယ်။ ကွန်ကရက်ဘူး လေးရှင်းနော် သားနဲ့သမီး"

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးနှင့် သူနာပြုဆရာမလေးတို့ လူနာခန်းထဲမှ ထွက်သွားလေသည်။

ကိုနဲ့ကျွန်မသာ ကျန်ရစ်ခဲ့လေ၏။

ယောက်ျားပီသမှုရှိတဲ့ မျက်နှာကျနဲ့ ခန့်ညားလှတဲ့ ကိုရယ်။ ကျွန်မမျက်လုံးထဲမှာ ကိုဟာ ပထမဆုံး မြင်တွေ့ခွင့်ရတဲ့ ချောမောလှပပြီး ခန့်ညားထယ်ဝါတဲ့ ယောက်ျားတစ်ယောက်ပါပဲ။

"ကို..."

"ပြောဗျာ..."

"ကိုက သိပ်ချောတာပဲကွယ်"

"အဟား...ဟား"

ကြည့်စမ်း...။

အမြင်အာရုံရဲ့ရသကို ကျွန်မ ဘယ်လောက်တောင် ဝတ်မွတ်တောင့်တနေမယ်ဆိုတာကို ကို မသိနိုင်ဘူး။ ကို မျှဝေမပေးနိုင်ဘူး။

"မရယ်ပါနဲ့ ကိုရဲ့...။ လွှာက အမှောင်ထဲမှာ နှစ်ပေါင်းများစွာ နေလာခဲ့ရသူပါ။ အမြင်အာရုံကို ဘယ်လောက်တောင် ဝတ်မွတ်နေမယ်ဆိုတာကို ခံစား နားလည်ပေးစမ်းပါကွယ်။ ကို့ကို လွှာ အကြာကြီး





ကြည့်နေပါရစေ"

"လွှာရယ်...။ အရင်တုန်းက လွှာရယ်လို့ ကိုယ်ငြီးငြူမိတိုင်း အမြဲတမ်း နာကျင်ရတယ်။ အခု တော့ ကိုယ် ပျော်ရွှင်စွာနဲ့ပဲ လွှာရယ်လို့ တမ်းတခွင့်ရပြီ။ လွှာ ကို့ကို တစ်နေ့ကုန် ကြည့်ချင်သလောက် ကြည့်စမ်းပါကွာ။ ဒီနေ့ဟာ ကို့ရဲ့ အပျော်ဆုံးနေ့ပဲ"

"လွှာလည်း ဒီနေ့ကို ဘယ်တော့မှ မေ့ဖျောက်နိုင်မှာ မဟုတ်တော့ပါဘူး။ လွှာနဲ့ ကို့ကြားမှာရှိတဲ့ နံရံကြီးတစ်ချပ် ပြိုလဲသွားပြီနော်"

"ဒါပေါ့လွှာ"

ကိုကတော့ ကျွန်မအဖြစ်ကို ခံစားနားလည်ပေးနိုင်ပါ့မလား မသိ။

ကျွန်မကတော့ ချောမောပြေပြစ်လွန်းတဲ့ ကို့ရဲ့မျက်နှာ၊ ကြွက်သားတွေနဲ့ မို့မောက်နေတဲ့ ကို့ရဲ့ရင်ပြင်၊ လက်မောင်းများ။ လက်ခုံကလေးများကို လက်ကလေးနဲ့ တို့ထိကြည့်ပြီး အဆန်းတကြယ် ဖြစ်နေမိတော့သည်။

"ဆေးရုံက ဆင်းရင် လွှာ့ကို နေရာစုံ လိုက်ပို့ပေးရမယ်နော် ကို။ လွှာလေ ရှုခင်းတွေလည်း ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ချင်နေမိတယ်။ တောင်တန်းတွေ၊ လယ်ကွင်းစိမ်းစိမ်းတွေ၊ တိမ်လိပ်အုပ်တွေ၊ ငှက်ကလေးတွေကို လွှာကြည့်ချင်နေမိတယ်"

"စိတ်ချပါ လွှာ။ ကိုယ် နေရာစုံ လိုက်ပို့ပေးမှာပေါ့"

ကိုက ကျွန်မဆံပင်တွေကို ခပ်ဖွဖွသပ်တင်ပေးရင်း ဆိုလေ၏ ကိုရယ်...။

ဒီအယုအယလေးတွေကို ဟိုတုန်းက ကျွန်မ ခံယူခွင့်ရပေမဲ့ မြင်တွေ့ခွင့် မရခဲ့ဘူးနော်။

"ကို..."

"ပြောပျာ..."

"ကိုရဲ့ ဝတ်စားဆင်ယင်မှုတွေက လူရည်သန့်ကလေးတစ်ယောက်နဲ့ တူလိုက်တာ။ တရားရုံးက ပြန်လာတာလားဟင်"

"မဟုတ်ဘူး။ အခုမှ သွားရမှာ...။ ကြည့်စမ်း ....ဒီနေ့ နေ့လည် ရုံးချိန်းရှိတယ် လွှာ။ နာရီဝက်ပဲ လိုတော့တယ်။ ကိုယ် ရုံးခဏသွားလိုက်ဦးမယ် လွှာ။ ပြီးရင် ပြန်လာခဲ့မယ်နော်"





"ဟုတ်ကဲ့ပါ ကို"

ကိုက ပြောရင်း ကျွန်မရဲ့ ညာဘက်ပါးပြင်ကို ခပ်ဖွဖွကလေး နမ်းရှိုက်ကာ ထွက်သွားလေသည်။

ကို ထွက်သွားပြီး သိပ်မကြာ...

ခပ်ဖွဖွခြေသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာပြန်၏။

ထိုသူကတော့ ကိုဖံပင်...။

***

www.burmeseclassic.com

www.burmeseclassic.com



"နှင်း မြင်တွေ့ချင်တဲ့ လူထဲမှာ ကိုယ်တော့

ဘယ်ပါမလဲနော်"

ထိုသူဟာ လူစိမ်းတစ်ယောက်ဖြစ်ပေမဲ့ အသံနေ အသံထားနဲ့ ပြောဆိုဟန်တွေကို နားထောင်ခြင်းအားဖြင့် ကိုဖုံမှုန်း သူမ အဝတပ် သိလိုက်သည်။

သူမသည် အခုမှအမြင်အာရုံရပြီးကာစ မိန်းမသားတစ်ယောက် ဖြစ်တာမို့ လူတစ်ယောက်ကို တွေ့လိုက်သည်နှင့် ထိုလူ၏ရုပ်ရည်၊ အရပ်အမောင်း၊ ဝတ်စားဆင်ယင်မှုတို့ကို အသေးသားတော့ ကြည့်ရှု လိုက်မိပါသည်။

ကိုဖုံရုပ်က ကို့လိုတော့ အဖြူထည်မဆန်။

စူးရဲတောက်ပတဲ့ မျက်လုံးတစ်စုံ၊ ပါးလုပ်လုပ်နဲ့ ညို့ရှိနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းထူထူနှစ်လွှာကတော့ သူ့ရဲ့ အထင်ရှားဆုံး အမှတ်အသားတွေပဲ။

ဝတ်စားဆင်ယင်မှုကတော့ သေသပ်ပြီး အနောက်တိုင်း ဆန်လေသည်။

သူ့ရုပ်က ထင်ရာစိုင်းရဲမည့် ရုပ်မျိုး။

မိုက်ကန်းကန်းဆန်ပြီး ချောမောသည်ဟု ပြောရမည်လား မသိ။

"နှင်း..."

"ရှင်..."

အဲဒီအခေါ်အဝေါ်ကြီးကို သူမ မနှစ်သက်ပေမဲ့လည်း ယဉ်ကျေးစွာ ထူးလိုက်ရသည်။

"နှင်းကို ထွန်းသစ်စ ပျက်ကွက်ခဲ့တဲ့ အလုပ်တစ်ခုကို ကိုယ် လုပ်ပေးရဦးမယ်"

စကားပြောရင်း အစောင်းအချိတ်၊ အထေ့အငေါ့ကလေးတွေနဲ့ပင်။

"ဘာများလဲ...ကိုဖီ"

သူကပြုံးရင်း ဘောင်းဘီအိတ်ထဲမှ အရာတစ်ခု ထုတ်လိုက်၏။ ထို့နောက် ထိုအရာကလေးကို ဖွင့်လိုက်ကာ သူမမျက်နှာရှေ့ ထိုးပေးလေသည်။





"မှန်...။ ဟုတ်ပါရဲ့...လှှာ မှန်ကြည့်ဖို့ မေ့နေလိုက်တာ"

"နှင်းက ထွန်းသစ်စကို ကြည့်နေတာနဲ့ပဲ ကိုယ့်မျက်နှာ ကိုယ်ကြည့်ဖို့ မေ့နေတယ် မဟုတ်လား"

သူမက သူ့လက်ထဲက မှန်ကို ယူရင်း သူမမျက်နှာကို သူမ ကြည့်လိုက်မိသည်။ မျက်နှာပြင်က ပြောင်တလင်းခါနေသည်။

ဟိုယခင်က မျက်လုံးဝိုင်းဝိုင်းကလေးတွေ၊ နှာတံချွန်ချွန်ကလေးတွေနဲ့ နှုတ်ခမ်းကလေးကို ပြန်မြင်ရသည်။

အို...သူငယ်ချင်းတွေ စင်းပေးထားတဲ့ ဆံပင်ဖြောင့်စင်းစင်းကလေးတွေက လှလိုက်တာ။

သူမ မျက်လုံးကွယ်ခဲ့စဉ်က အဲဒီလိုဆံပင်ဖြောင့်စင်းစင်းလုပ်တဲ့ခေတ် မပေါ်သေးချေ။

"ကျေးဇူးတင်လိုက်တာ ကိုဖီရယ်။ လှှာ ကိုယ့်မျက်နှာ ကိုယ် မှန်ထဲကြည့်ဖို့ တကယ်မေ့နေခဲ့တယ်"

သူမက မှန်ကလေးတကိုင်ကိုင်နှင့် ကြည့်နေစဉ်ပင် သူက အပြောတစ်ခုနှင့် စတင်တော့လေ၏။

"နှင်း...ကိုယ့်မျက်လုံးတွေကိုလည်း ထိုးချက်လောက် ကြည့်ပါဦး။ နှင်းမျက်လုံးလေးတွေကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးချင်လို့ပါ''

''ရှင်...ဩော်''

သူမသည် ခပ်ရှိန်ရှိန်နှင့်ပင် သူ့မျက်လုံးတွေကို စိုက်ကြည့်ရတော့သည်။

ရီဝေဖြိုးဖျနေတဲ့ အကြည့်တွေဟာ သူမမျက်လုံးမှတစ်ဆင့် သူမရင်ထဲသို့ အဆီးအတားမဲ့စွာ ရောက်လာခဲ့လေ၏။

ကိုဖံ ဆွေးမျှားနေသလား။

ဒါမှမဟုတ် သူ့ချစ်သူရဲ့ မျက်ကြည့်လွှာကို ပိုင်ဆိုင်တက်မက်ချင်နေတာလား။

ကိုဖံဟာ သူမဆီကနေ တစ်ခုခုကို မျှော်လင့်နေတယ်။

''နှင်း...''

''ရှင်...''

''ကိုယ် နှင်းရဲ့မျက်လုံးကလေးတွေကို တစ်ချက်လောက် နမ်းပါရစေ''

''အို...''

သူမ ညည်းညူလိုက်မိသည်။

အဲဒီအခွင့်အရေးကြီးကို သူမ မပေးရဲပါဘူး။

ဘယ်လောက် ကြောက်စရာကောင်းလိုက်တဲ့ စွန့်စားမှု





တစ်ခုပါလဲလို့။

''လွှာ...လွှာ...မလိုက်လျောရဲဘူး''

''ဘာလို့လဲ နှင်းရဲ့''

''ရှင့်ကို ကြည့်ရတာ သွန်းနှင်းခင်နဲ့ နှင်းဝတ်လွှာကို သိပ်မသဲကွဲဘူးနဲ့ တူတယ်။ လွှာက လွှာပဲလေ။ ပိုင်ရှင်ရှိတဲ့မိန်းကလေးတစ်ယောက်ဖြစ်လျက်နဲ့ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ နမ်းရှိုက်မှုကို ဘယ်ခံယူဝံ့ပါမလဲ။ လွှာပြောတာ သဘာဝကျရဲ့လား မသိဘူး''

သူ့မျက်လုံးတွေဟာ သူမကို တဖျပ်ဖျပ်တောက်ပစွာ ကြည့်နေရာကနေ သူမရဲ့ ပြင်းပယ်စကားကြောင့် ညှိုးဖျော့သွားလေသည်။

''အဲဒီမျက်လုံးကလေးတွေဟာ သွန်းနှင်းခင်ရဲ့ မျက်လုံး ကလေးတွေပါ။ အေးလေ...ဒီစကားကို ကိုယ် ခဏခဏ မပြောသင့်ပါဘူး။ ဟုတ်တာပေါ့။ ကိုယ် ရူးနေမိတာ။ ကိုယ် အလိုက်ကန်းဆိုး မသိတတ်ခဲ့တာ။

ဒါပေမဲ့ ဒီနေ့မှာ နှင်းမျက်လုံး ပြန်လည်မြင်ခွင့်ရဖို့အတွက် ရင်ခုန်စိတ်လှုပ်ရှားနေတဲ့ သူ့ထံမှာ ထွန်း



www.burmeseclassic.com

www.burmeseclassic.com



သစ်စဝါစ်ယောက်တည်းတော့ မဟုတ်ဘူးဆိုတာ နှင်း ယုံပါ။ ကိုယ်သွားမယ် နှင်း''

ဘုရားရေ...။

သူ ရှက်သွားသည် ထင်သည်။

သူ့ရဲ့ တောင်းဆိုမှုကို ကျွန်မ ဘာလို့များ မလိုက်လျောမိပါလိမ့်။

အို...အဲဒီတောင်းဆိုမှုက ချစ်သူရှိတဲ့မိန်းကလေး လိုက်လျောရမယ့် လိုက်လျောမှုတစ်ခု မဟုတ်ဘူး။

သူ့ကို မလိုက်လျောမိတာ သူမ မှန်တယ်။

ဒါပေမဲ့ ကိုဖရယ်...လွှာတို့ ဒီလို မကျေလည်မှုကြီးနဲ့တော့ လမ်းမခွဲချင်ပါဘူး။

''ကိုဖ''

သူမ အရဲစွန့်ပြီး ခေါ်လိုက်မိပါသည်။

''ဒီနေ့က လွှာ့ရဲ့ ပထမဦးဆုံး မျက်စိမြင်ရတဲ့ နေ့လေ။ လွှာ့ကို စိတ်မကောင်းဖြစ်အောင် လုပ်သွားတော့မလို့လား''

သူ့ခြေလှမ်းများက လွှာဆီသို့ ပြန်လည်ရောက်လာလေ၏။

''ကိုယ် လှည့်ထွက်သွားရင် နှင်းက တကယ် စိတ်မကောင်းဖြစ်ပြီး ကျန်ရစ်ခဲ့မှာလား''

ကိုယ့်စကားနဲ့ကိုယ် ပြန်ချည်တုပ်ရမှာတော့ ကောင်းထက်ဖဲ လောက် တော်တဲ့သူ ဘယ်သူမှ ရှိမယ်မထင်တော့။

''ရှင်ဟာ တကယ့်ကို ဖွတ်တရွတ်ပဲနော်''

''ကိုယ်လည်း ဒီလိုပုံစံမျိုးကြီးနဲ့ နှင်းကို လမ်းမခွဲချင်ပါဘူး။ ကောင်းပြီလေ...နှင်းဘက်က တွန့်တိုတယ်ဆိုရင်တော့ ကိုယ် နှင်းရဲ့ မျက်လုံးလေးတွေကို နမ်းရှိုက်ခွင့် မတောင်းဆိုတော့ပါဘူး။ ကိုယ်တို့ စကားပြောကြတာပေါ့''

''အိုကေ...''

သူမတို့နှစ်ယောက် အချိန်တော်တော်ကြာ စကားပြောဖြစ်ကြသည်။

ဟိုဟိုဒီဒီ အလွှာပ သလ္လာပ စကားများပင်။

အချိန်တွေက တရွေ့ရွေ့နှင့် ကုန်ဆုံးလာတော့သည်။

သုံးနာရီထိုးခါနီးတွင် သူ့ကို သူမ ပြန်စေချင်ပြီ။ ကို လာတော့မည်။

ကို လာလို့ သူမနဲ့သူ ကို တစ်ခန်းထဲမှာ အတူတွေ့လိုက်လျှင် စိတ်မကောင်းဖြစ်သွားနိုင်သည်။ ပေါက်ကွဲသွားနိုင်သည်။







www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပြုပြီး ရှင် ပြန်ပါတော့လား ကိုဖံရယ်။

ရှင် ကျွန်မရဲ့ မျက်လုံးတွေကို ဒီလောက် ကြည့်ခွင့်ရလိုက်ရင်ပဲ ကျေနပ်ပါတော့။

သို့သော် သူမ ဆုတောင်းမပြည့်ဝခဲ့။

သူမနှင့်သူ စကားကောင်းနေဆဲမှာပင် ကို အခန်းထဲ ရောက်လာလေတော့သည်။

ကိုသည် ကိုဖံကို မြင်သောအခါ စိတ်ပျက်သွားဟန် ရှိလေ၏။

ကိုဖံက ဘယ်လိုလူစားမှန်း မသိ။

တော်တော်မျက်နှာပြောင်လေသည်။

ကို့ကို ပြုံးမြမြနှင့်စိုက်ကြည့်ရင်း...

"ရှေ့နေကြီး...ရုံးက ပြန်ရောက်လာပြီနဲ့ တူတယ်"ဟု မေး၏။

ကို တော်တော်လေး ဒေါသထွက်နေတယ်။

"ခင်ဗျားကရော ခင်ဗျားကောင်မလေးရဲ့ မျက်ကြည်လွှာကို ကြည့်လို့ မဝတော့ဘူးလား"

"ကို...ဧည့်သည်ကို ဘယ်လိုပြောလိုက်တာလဲ"

အခြေအနေကို သူမက ဝင်ထိန်းရတော့သည်။





"နေပါစေ နှင်း။ ထွန်းသစ်စကို မဟန့်ပါနဲ့။ ကိုယ် ပြန်ပါ့မယ်။ သူ့ကို ကြည့်ရတာ အူနုကို ကျွဲအခတ်ခံနေရတယ် ထင်ပါရဲ့"

ကိုက ကိုဖံရဲ့ ပမာမခန့်စကားကြောင့် ဝုန်းခနဲ သူ့အနားသို့ သွားစဉ်မှာတင် သူတို့နှစ်ယောက်ကြားသို့ သူမ ဝင်ရောက်ဖြန်ဖြေရတော့လေသည်။

"မင်း စကားပြောတာကို ဆင်ခြင်ရင် ကောင်းမယ်နဲ့ တူတယ်နော် ကောင်းထက်ဖံ"

"အေး...မင်းသိထားဖို့ကလည်း ဒီနေရာဟာ တရားခွင်မဟုတ်ဘူး ဆိုတာပဲ။ မင်းဘာပြောပြော မင်းပြောမယ့်စကားတိုင်းဟာ သြဇာမသက်ရောက်နိုင်ဘူးဆိုတာ မင်းမမေ့နဲ့ ထွန်းသစ်စ"

"ကဲ...ရှင်တို့နှစ်ယောက် တော်ကြမလား။ ကျွန်မ တစ်နေရာရာကို ထွက်သွားရမလား ပြော။ ဒီနေ့ဟာ ကျွန်မ အလင်းရောင် ရတဲ့နေ့။ ကျွန်မ သိပ်ပျော်တဲ့နေ့။ ကျွန်မကို စိတ်ညစ်အောင် ထပ်မလုပ်ကြပါနဲ့တော့"

ကိုဖံက ကို့မျက်နှာကို ပမာမခန့်စိုက်ကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ လက်သီးတစ်လုံးကို ငါ အကြွေးမှတ်ထားတယ်နော် ထွန်းသစ်စ"

ဟု ပြောကာ ထွက်သွားလေသည်။

သူမသည် ဖြစ်ပျက်နေသော အခြေအနေအရပ်ရပ်ကို မည်သို့မှ နားမလည်နိုင်လောက်အောင် ရှိနေမိတော့သည်။

***



## အပိုင်း(၄)

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးဆီကနေ အကောင်းတွေကိုချည်း သဲ့ယူ၍ မရ နိုင်မှန်း သူမ တဖြည်းဖြည်းနှင့် သဘောပေါက်လာလေသည်။

ဆေးရုံကဆင်းတော့ ဆရာဝန်ကြီးက အိမ်မှာ တစ်လလောက် ားနားနေနေ နေရန် ပြောၐ်။

''မြို့တီပါလာမှာက ဝန်ထမ်းလား၊ ရှယ်ယာ ထည့်ထားတာလား သမီး''

''ရှယ်ယာထည့်ထားတာပါ။ မျက်စိခွဲဖယ်နေ တုန်းက အိမ်မှာ နေရတာများလို့ ိုင်မှာသွားပြီး

www.burmeseclassic.com



အချိန်ဖြုန်းမိတာပါ''

''အဲ...အိမ်မှာနေရတာ ပျင်းလို့ ဆိုင်ကိုသွားချင်ရင်တော့ သွားပါ။ ဒါပေမဲ့ ခေါင်းလျှော်တဲ့အလုပ်တွေ၊ ညှပ်တဲ့အလုပ်တွေကို သမီး မလုပ်ပါနဲ့ဦးနော်။

ခေါင်းလျှော်ရည်တို့ ဆံပင်ပျော့ဆေးတို့ ဆံပင်ကောက်ဆေးတို့၊ ဆံပင်ဆိုးဆေးတို့ထဲမှာ ကမ်မီကယ် အနံ့တွေ အများကြီးပါတယ်။

သမီးမျက်လုံးက အခုမှ နုနုနယ်နယ်လေး ရှိသေးတာ။ ဓာတုဗေဒအနံ့တွေကို နှာခေါင်းထဲတို့ မျက်လုံးထဲတို့ မဝင်ပါစေနဲ့ဦး သမီး''

''ဟုတ်ကဲ့ပါ ဆရာကြီး''

''နောက်ပြီးတော့ သိပ်ပြင်းထန်တဲ့ အလင်းရောင်တွေကိုလည်း မကြည့်မိအောင် ဂရုစိုက်နော်။

နေပူထဲထွက်ရင် နေကာမျက်မှန်တပ်။ နေကာမျက်မှန် ဝယ်မယ်ဆိုရင်လည်း ရောင်တို့၊ ဂူစီတို့လို နေကာမျက်မှန်တွေ ဝယ်တပ်ပါ။

ဈေးကြီးပေမဲ့ နေစွမ်းအင်နဲ့ အပူဓာတ်ကို အများကြီး ကာကွယ်ပေးနိုင်တယ်''



''ဟုတ်ကဲ့ပါ ဆရာကြီး''

သို့နှင့် ဆေးရုံကဆင်းတော့ သူမ အိမ်မှာ နားနားနေနေ နေလိုက်သည်။

ဆရာကြီးပြောသလို မျက်လုံးကို ကောင်းကောင်း အနားပေးလိုက်မိသည်။

မြို့တော်ပါလာက သူငယ်ချင်းများကလည်း အိမ်ကို မကြာခဏ လာလည်တတ်ကြပါသည်။

သူမ ဘဝလေးသည် အတော်ကို စိုပြေလာခဲ့သလို ယောကျ်ားနှစ်ယောက် ဝင်ထွက်သွားလာနေမှုကြောင့် သူတို့နှစ်ယောက် ဘယ်တော့ ဆုံကြလေမလဲဆိုတာ အတော်ကို ရင်ထိတ်စရာလည်း ကောင်းနေလေသည်။

ကိုဖုံသည် မဖြစ်နိုင်တာတွေကို စိတ်ကူးယဉ်ပြီး သူမအချစ်ကို သူ့ဖို့ ကြံစည်နေသည်မှာ သိပ်ကို သိသာထင်ရှားနေလွန်းပြီ။

အိမ်ကို ကို လာပြီးသည်နှင့် ကို ပြန်သွားလျှင်သွားချင်း သူ ရောက်လာတတ်သည်။

သူသည် ကိုနှင့်မတိုးရန် တစ်နေရာရာကနေ ချောင်းမြောင်း ကြည့်ရှုနေရပုံ ပေါ်၏။

သူ့အဖြစ်မှာ စိတ်ပျက်စရာလည်းကောင်းသလို၊ ရယ်စရာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကောင်းလွန်းလှလေသည်။

“ကဲ…ဘယ်လိုညှို့သည့်မှန်းကို မသိဘူး
ကျွန်မချစ်သူ လာတော့မယ်။ ရှင် ပြန်ပါတော့ ကိုဖိုး
နာအောင်ပြောလည်း မနာ။ တစ်ရက်ကို တစ်ခေါက်ဆိုသလို

တော့ သူမခြံကလေးထဲ ရောက်လာတတ်စမြဲ။

“ပြန်မှာပါ၊ ပြန်မှာပါ။ ကိုယ့်ကို အဲဒီလောက်
ကြီးလည်း နှင်မထုတ်ပါနဲ့။ တကဲတဲ”

သူက ဆောင့်ဆောင့်အောင့်အောင့်လည်း လမ်းလျှောက်တတ်ပြန်သေးသည်။

ဘယ်လိုလူမှန်းကို မသိ။

ရည်စားရှိမှန်း သိသိကြီးနှင့် အတင်းလိုက်ကြောင်နေသည်။

ကြာတော့ ကောင်းထက်ဖိုးဆိုတဲ့ ဖွတ်တရွတ် သူဗွေး အလတ်တန်းစားလေးကို သူမ ကြောက်နေ၊ ရှိန်နေရာကနေ ခင်တွယ်လာမိသည်။

သူ့ကို ကိုကို ချစ်သလိုမျိုးတော့ ချစ်လို့မရပါ။ ချစ်ကြည့်ဖို့လည်း စိတ်မကူးပါ။ သူ့ကို သူငယ်ချင်းတစ်ယောက်လို ခင်တွယ်လာမိခြင်းသာ ဖြစ်ပါသည်။

ကို ပြန်သွားပြီး သိပ်မကြာခင်ပင် သူ ရောက်လာ့တတ်သော



နိုးကြောင်နိုးဝှက်အကျင့်ကို သူမ တော်တော်ကလေး ရယ်ချင်မိပါသည်။

သို့သော် သူမက သူနှင့်ပတ်သက်လျှင် အစစအရာရာ သတိနှင့် ယှဉ်ပါ၏။

ခြံကလေးရဲ့ အရိပ်ကောင်းသော နေရာတစ်ခုမှာ ကြိမ်ပက်လက်ကုလားထိုင်လေးနဲ့ ထိုင်စေရင်း ထွေရာလေးပါး ပြောဆိုတတ်သော်လည်း သူ့ကို အိမ်ကလေးဆီသို့ ခေါ်ဖို့ လားလားမျှ စိတ်မကူးခဲ့။

ဒါကို သူကလည်း သဘောပေါက်ပါလိမ့်မည်။

သူဟာ ချစ်သူရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဖွတ်လိုက်ကြိုက်နေသော်လည်း အခွင့်အရေးယူရန်တော့ မကြိုးစားတတ်ပါ။

ထိုနေ့က သူကပဲ ကံကောင်းပြီး ကိုကပဲ ကံဆိုးလေသလား မသိ။

သူမ၏သူငယ်ချင်း ပန်းချီဆရာတစ်ယောက်ရဲ့ ပြပွဲရှိသဖြင့် ကိုနှင့် ချိန်းထားသည်။

ကိုကလည်း လာရန် သဘောတူထားသည်။

ထိုမနက်က သူမသည် လုပသော အရိပ်အခက်ကလေးများ

www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့ ချည်လက်ပြတ်အင်္ကျီကလေးနှင့် ဂျင်းစကတ်ရှည်ရှည်လေး ဝတ်ဆင်ကာ ကြိမ်ယက် ဘေးလွယ်အိတ်ကလေး လွယ်လျက် ကိုအလာကို စောင့်မျှော်နေမိသည်။

ကိုက တော်တော်နှင့် ရောက်မလာ။

ကိုးနာရီထိုးတော့ အိမ်ရှေ့ကို ကို ရောက်မလာဘဲ ကိုဖံရဲ့ ခရောင်းကားကြီး ထိုးဆိုက်လာတာမို့ သူမ စိတ်ပျက်သွားမိသည်။

"ဒီအချိန်က ဧည့်ချိန်မဟုတ်ဘူးဟေ့။ တို့ အပြင်သွားစရာ ရှိတယ်"

"အရင်ဆုံး ဖြောင့်ဖြောင့်လာပါရစေဦး နှင်းဝတ်လွှာရယ်။ ပြီးမှ နှင်ထုတ်စမ်းပါ။ တင်ကဲတည်း ဆက်ဆံရေးကျဲတဲ့နေရာမှာ နှင်းလောက် တော်တဲ့သူ နှစ်ယောက်မရှိဘူး။ အဟက်...ဟား ...ဟား"

"ကိုဖံ...ကိုဖံ...ရှင် တော်တော်မျက်နှာပြောင်တာပဲ"ဟု သူမ စိတ်ထဲကနေ ညည်းတွားမိလိုက်သည်။

သူမတို့နှစ်ယောက် အိမ်ကပြင်ကလေးမှာ ထိုင်လိုက်မိကြသည်။

သူက လွှာ့ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်လျက်...

"နှင်းအလှက သိပ်အရှေ့တိုင်းဆန်တာပဲနော်"





"အရှေ့မှာ မွေးတဲ့သူပဲ။ အရှေ့တိုင်းဆန်မှာပေါ့"

"ဒါက ဘယ်သွားမလို့လဲ"

"လောကနတ်မှာ သူငယ်ချင်းရဲ့ ပန်းချီပြပွဲရှိလို့ ကိုနဲ့ ချိန်းထားတယ်။ ရှင် ပြန်ပါတော့ ကိုဖံရယ်"

"နေပါဦးကွာ။ ချက်ချင်းကြီးကို နှင်ထုတ်နေတော့တာပဲ။ ဒီမှာ အဝေးကြီးက လာရတဲ့သူကို"

"ကျွန်မ ရှင့်ကို မခင်လို့တော့ မဟုတ်ပါဘူး ကိုဖံရယ်။ ကိုက ရှင် ကျွန်မဆီ လာလည်နေတာ မသိဘူး။ သိရင် ပေါက်ကွဲမှာ။ သူ လာတော့မယ်။ ရှင် ပြန်ပါတော့"

သူမက နှုတ်ခမ်းတစ်စူစူ ကိုယ်တစ်ခါခါနှင့် စကားဆိုနေတာကို ကောင်းထက်ဖံသည် သူမကို ကြေကွဲရိပ်တွေနဲ့ ပြည့်သိပ်နေတဲ့ မျက်လုံးတစ်စုံနှင့် ကြည့်ရှုပြီး ကပြင်လေးဆီမှ မထချင်၊ ထချင်နှင့် ထလေတော့သည်။

ကျွန်မ ဒီလိုပြောလိုက်ရတာ စိတ်မကောင်းပါဘူး ကိုဖံရယ်။ ဧည့်သည်တစ်ယောက်ကို [အထူးသဖြင့် ကျွန်မကို ရှိန်ဖြစ်စော ဘအမှု လုံးဝမရှိတဲ့ ဧည့်သည်တစ်ယောက်ကို] ဒီလိုနည်းနဲ့ နှင်မထုတ်



www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူးဆိုတာ ကျွန်မ နားလည်ပါတယ်။

ကိုဖုံကို ကြည့်ရတာ ပြန်ချင်သေးပုံ မရ။

သူ့ကိုယ်ကြီးကို လေးကန်စွာဖြင့် မတ်တပ်ရပ်နေစဉ်ပင် ဧည့်ခန်းဆီမှ ဖုန်းမြည်လာလေတော့၏။

"ဟော...ဖုန်းလာနေပြီ"

သူမက ကိုဖုံကို ချန်ထားရစ်ကာ ဧည့်ခန်းထဲမှ ဖုန်းကို ကပျာကယာ ကောက်ကိုင်မိတော့ ကို ဖြစ်နေလေသည်။

"ကိုး...မလာသေးဘူးလား"

"လာမလို့ကွာ...။ ဒီမှာ အရေးကြီးတဲ့ ကေ့(စ်) တစ်ခု ရောက်လာတယ်။ အမှုက တရားမမှုကြီး လာအပ်တာဆိုတော့ သာမန်ကာ လျှံကာ နားထောင်လို့ မရဘူး။ အခု အမှုသည်နဲ့ စကားပြောနေတယ်။ လှ္ဘာ ကိုယ့်ကို စောင့်နေလိမ့်မယ်ထင်လို့ ဖုန်းဆက်လိုက်တာ။ ဒီနေ့ ကိုယ် မလာနိုင်တော့ဘူးနော်။ မနက်ဖြန်ကျမှ လိုက်ပို့တော့မယ်"

"ဟွန်...ကိုကလဲ"

"လှ္ဘာက လိမ္မာပါတယ်ကွာ။ ကလေးလေးမှ မဟုတ်တော့ တာ။ ဒါပဲနော်...လှ္ဘာ"

"အင်းပါ..."

လှ္ဘာသည် သူမကို သူမ ကလေးတစ်ယောက် မဟုတ်မှန်းတော့ သိပါသည်။

သို့သော် ဝတ်စားပြင်ဆင်၊ ဖြီးလိမ်းပြီးမှ သွားရမယ့်အစီအစဉ်ကို ဖျက်ရမှာ မကြိုက်သည့် ငယ်ကျင့်ကလေးတစ်ခုတော့ ရှိပါ၏။

ဘယ်တတ်နိုင်မလဲ။

ကိုမှ မအားတာပဲ။

သူမ စိတ်ညစ်ညစ်နှင့် အိမ်ရှေ့ဆီသို့ ထွက်လာခဲ့မိတော့ ကိုဖုံကို အပြင်မှာ ဂုတ်တုပ်ကလေး ထိုင်နေတာ တွေ့ရသဖြင့် လန့်ဖျပ်သွားမိလေတော့သည်။

"ဘုရားရေ...ရှင် မပြန်ရသေးဘူးလား"

"အင်း...နှင်း လောကနတ်ကို သွားမလို့ မဟုတ်လား။ ကိုယ် လိုက်ပို့ပေးမယ်လေ"

"ရပါတယ်"

"ကိုယ်က နှင်းရဲ့ ဆန္ဒမှန်သမျှကို လိုက်ပြီး ဖြည့်ဆည်းပိုင်ခွင့် ရှိတဲ့လူတစ်ယောက်မှ မဟုတ်တာ နှင်းရယ်။ နှင်းကို သူများ မဖြည့်ဆည်းပေးနိုင်တဲ့ ဆန္ဒလေးတစ်ခုလောက်ကိုတော့ ကိုယ် ဖြည့်ဆည်း

www.burmeseclassic.com

www.burmeseclassic.com



ပေးပါရစေ''

''ကိုဖုံရယ်...ရှင် အဲဒီလိုကြီးတွေ ပြောနေတာ ကြီးကို နှင်း သိပ်အားနာနေပြီ။ ရှင်နဲ့ ကိုနဲ့ သင့်မြတ် ကျရင် ကောင်းမယ်ကွယ်''

သူက ကပြင်လေးကနေ မတ်တပ်ရပ်လိုက်ပြီး...

''ထွန်းသစ်စနဲ့လား။ သူနဲ့ကတော့ ကိုယ် ဘယ်တော့မှ သင့်မြတ်လာမှာ မဟုတ်ဘူး''

''ဘာဖြစ်လို့လဲ''

''ကဲပါ...ဒါတွေအသာထားလိုက်စမ်းပါ။ ပွဲ က ဘယ်အချိန်လဲ။ ကိုယ် လိုက်ပို့ပေးပါရစေ နှင်း''

သူမ နာရီတစ်ချက်ကြည့်လိုက်သည်။

တကယ်တော့ သူမ ဒီနေ့ပဲ ထိုပွဲကို သွားလိုက်ချင်ပါသည်။ သူမကို သူငယ်ချင်းပန်းချီဆရာက မျှော်နေလောက်ပြီ။

''အင်းလေ...သွားကြတာပေါ့။ ခဏစောင့်ဦး နော်။ အိမ်တံခါးတွေ သော့ခတ်လိုက်ဦးမယ်''

ကိုဖုံက သူမစကားကို ကြားလျှင်ကြားချင်း ကလေး တစ်ယောက်လို ပျော်ရွှင်မြူးတူးသွားသည်မှာ သူမတစ်သက် မေ့ရမ စရာ မရှိတော့။





ထိုနေ့က ကိုဖုံ၏ ဖိမ်ခံကားကြီးကို သူမ ပထမဆုံး စီးနင်း သည့်နေ့ပင် ဖြစ်သည်။

ကိုဖုံနှင့်သူမ မမျှော်လင့်ဘဲ ပို၍ ရင်းနှီးခဲ့ကြလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



ပြပွဲသို့ရောက်သည့်အခါ ပန်းချီကားချပ်များမှာ လူတို့၏ ပထမဆုံးကြည့်ရှုခံရမှု အများဆုံး ရုပ်ဝတ္ထုပစ္စည်းများဖြစ်ကြပြီး ဒုတိယကြည့်ရှုခံရမှု အများဆုံးအရာနှစ်ခုကတော့ သူမနှင့် သူ့ကိုပင်။

ကိုဖုံကပဲ အရှိန်အဝါကောင်းလွန်းနေ၍လား၊ သူမကပင်ချစ်စဖွယ် ကောင်းနေ၍လားတော့ မသိ။ လူတွေဟာ သူမတို့နှစ်ယောက်ကို အားကျမှုတွက်တဲ့ အကြည့်နှင့် ကြည့်ရှုတတ်ကြပါ၏။

သူမ၏သူငယ်ချင်း ပန်းချီဆရာကပင် ကိုဖုံအလစ်မှာ သူမကိုတိုးတိုးတိုးတိုး သဖန်းပိုး လုပ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်က တကယ့်ဘော့(စ်)ကိုမှ တွဲလာတာကိုး။ နင့်ဘဲလား"

"ပေါက်တတ်ကရပြောယ်။ ငါ့ချစ်သူက ရှေ့နေပါ။ ဒီနေ့ အမှုကိစ္စနဲ့ သူ မအားလို့ ကိုဖုံကို ခေါ်လာတာ"

"ကိုဖုံ...။ သူ့နာမည်က ကောင်းထက်ဖုံ မဟုတ်လား"

"ဟဲ့...နင်က သိလှချည်လား"

"သိဆို သူ့အဖေ ဦးကျော်ဖုံက စီးပွားရေးလောကမှာ တကယ့်တုရင်တစ်ဆူပဲဟာ။ ဘော်ဇာတွေဟာ..."

"ဩော်...ဩော်...တော်ပြီ တော်ပြီ စကားရပ်တော့။ ဟိုမှာ သူလာနေပြီ"

ကိုဖုံက ပြုံးမြမြနှင့် သူမနှင့် ပန်းချီဆရာဆီ ရောက်လာကာ "ဟိုပန်းချီကားကလေးက ခင်ဗျားဆွဲထားတာ မဟုတ်လား" ဟု နေကြာပန်းခင်းပုံ ပန်းချီကားကို လက်ညှိုးညွှန်ပြပါ၏။

"ဟုတ်ပါတယ်ခင်ဗျ"

"အဲဒီကားကို ကျွန်တော် ဝယ်လိုက်ပြီနော်။ ကျွန်တော် ချက်(ခ်)ရေးပေးခဲ့မယ်"

ပန်းချီဆရာလေး ဝမ်းသာသွားပုံပေါ်၏။

သူမက ကိုဖုံဝယ်လိုက်သော ပန်းချီကားချပ်ရဲ့ တန်ဖိုးကို မသိမသာအကဲခတ်လိုက်တော့ FEC ၃၀၀။

ကိုဖုံ...ကိုဖုံ။

ပန်းချီကားချပ်တွေကို ရူးသွပ်တာပဲလား။ ပန်းချီဆရာလေးကို နှင်းဝတ်လွှာရဲ့ သူငယ်ချင်းမို့ အားပေးလိုက်တာပဲလား မသိ။

ပြပွဲကပြန်တော့ သူက...

"ဘယ်သွားဦးမလဲ နှင်း..."

"အိမ်ပဲပြန်မယ်လေ"

"နေ့လယ်တောင်ရောက်နေပြီ၊ တစ်ခုခု စားရအောင်နော်"

ကိုဖုံကို သူမ တဖြည်းဖြည်းနှင့် ငြင်းဆန်ဖို့ ခက်လာသည်။ သူ့ရဲ့ ခရောင်းကားကြီးကို စီးရတာလည်း အလွန်တရာဇိမ်ကျလှ၏။

လမ်းတစ်လျှောက်လုံးမှာလည်း သူ့ရဲ့ လုပ်ငန်းဆိုင်ရာတွေနဲ့ ပတ်သက်တဲ့ ဖုန်းတွေက တဂျိုဂျိုလာနေသည်။

"ဟုတ်ကဲ့...ညနေလောက်မှ ကျွန်တော့်ကို ပြန်ဆက်လိုက်ပါဗျာနော်"





www.burmeseclassic.com

www.burmeseclassic.com



သူကတော့ လာသမျှဖုန်းတွေကို ညနေပြန်ဆက်ပို့သာ ခိုင်း
လေတော့၏။

"ကိုဖုံရယ်...ရှင် ဒီလောက်အလုပ်ရှုပ်နေတာ
ကုမ္ပဏီပြန်ပါတော့လား"

"နှင်းလောက် ကိုယ့်အတွက် ဘယ်အရာ
အရေးမကြီးဘူး"

သူ့စကားတွေက ထိပ်သွားထက်မြက်မှုရှိတဲ့ မြားအစင်း
တွေလိုပဲ...။ မြားအစင်းစင်း လွှတ်တင်ပါ များလာသောအခါ တစ်
တစ်ဝက်မြားတံတွေက သူမနှလုံးသားဆီသို့ ရောက်လာရောက်
ဖြစ်လာခဲ့လေ၏။

ဟင့်အင်း...ကျွန်မ ကိုဖုံကိုပဲ ချစ်ပါတယ်ကွယ်။

ကိုဖုံကို ကျွန်မ မချစ်ပါရစေနဲ့...ဟု သူမစိတ်ထဲကနေ အ
ကြိမ်ပြောဆိုနေမိသည်။

ထိုနေ့က နေ့လယ်စာကို ဆန်းမစ်ပတ်ဖျူး၌ စားသောက်ခဲ့
၏။ သူ့၏ တစ်ခန်းတစ်နားဆန်မှုများကတော့ စာဖွဲ့၍ ကုန်နိုင်မည်
မထင်တော့ပါ။ လက်ထဲမှာလည်း ငွေကို များများစားစားမ
အကြွေးဝယ်ကတ်တွေဖြင့်သာ ထုတ်ရှင်းတတ်၏။

"ပြန်ကြစို့နော်"





ဆန်းမစ်ကပြန်တော့ သူမအိမ်ကလေးဆီသို့ သူ လိုက်ပို့ပေး
သည်။

"နှင်း..."

"ရှင်..."

"ကိုယ့်ကို ရံဖန်ရံခါလောက်တော့ ဒီလိုအခွင့်
အရေးလေးတွေ ပေးပါနော်"

သူမ စိတ်တွေ လေးလံတင်းကြပ်လာမိသည်။
လူတစ်ယောက်ကို တစ်ဖက်သတ်ကြီး ငြင်းဆန်ထားရတာ
တော့ အမ်းလာမိသည်။

"ရှင်ဟာ ပုံပြင်ထဲက ကုလားအုတ်တစ်ကောင်
လိုပဲ..."

"ပြောတော့ကွာ"

"ရွက်ဖျင်တဲထဲကို ခေါင်းလေး ဝင်ပါရစေ။
လက်ကလေးဝင်ပါရစေနဲ့ နောက်ဆုံး တစ်ကိုယ်လုံး
လည်း ဝင်ရော ရွက်ဖျင်တဲကလေးလည်း ပျက်ရော"

သူသည် ဘာကိုမှ ဆက်မပြောတော့ဘဲ သူမအိမ်ရှေ့သို့
ကားကလေး ထိုးရပ်ပေးစဉ်မှာပင် ပြဿနာက စောင့်ကြိုနေတော့၏။

ကို...

www.burmeseclassic.com

www.burmeseclassic.com



ကိုသည် ခြံတံခါးသော့ခတ်ထားသော သူမတို့ရဲ့ခြံရှေ့၌ DX Salon ကားကလေးနှင့် ရပ်စောင့်နေစဉ် သူမ စီးနှင်လာသော ခရောင်းကားကြီးကိုလည်း မြင်ရော စူးရှပြင်းထန်သောအကြည့်နှင့် ကြည့်ရှုပါတော့၏။

"ပြဿနာပဲ...။ ကို ရောက်နေပြီ"

သူမ ကားကြီးထဲက မဆင်းရဲသေးပါ။

ကိုသည် သူမကို မမှတ်မသုန်စိုက်ကြည့်ကာ ဒေါ်ပွနေသည် ထင်ပါ၏။

"ဘာလုပ်မလဲ...။ အဲဒီရှေ့နေကို ကိုယ် အယူ ခံဝင်ပေးရမလား"

"နေပါစေ။ အယူခံဝင်မှ အမှုက ပိုကြီးနေဦး မယ်။ လွှာ သွားတော့မယ်နော် ကိုဖ"

"အိုကေ...တစ်ယောက်တည်း အထီးကျန် ဆန်ခဲ့ရင် ကိုဖရှိတယ်ဆိုတဲ့အချက်ကို ဘယ်တော့မှ မမေ့နဲ့နော် နှင်း။ ကိုဖ...နှင်းကို အချိန်မရွေး ရင်ဖွင့်ပြီး ကြိုဆိုနေတယ်ဆိုတာ နှင်း မမေ့နဲ့။ ဘိုင့် ...ဘိုင်"

ကိုဖ့်စကားတွေက သူမနားထဲမှာ ကြားတစ်ချက်၊ မကြားတစ် ချက်။ သူမသည် အပျက်ပျက် အယွင်းယွင်းနိုင်လှသော ခြေလှမ်း များနှင့် ကိုဖ့်ဆီသို့ပဲ သွားရမလား။ ဝန်းတံခါးကိုပဲ သော့ဖွင့် ပေးရ မလားမသိ။

"ကို...ဝင်လေ...အထဲကို"

သူမနောက်၌ ကို အေးစက်သောအမူအယာတစ်ချို့နှင့် လိုက် လာလေတော့သည်။

***





www.burmeseclassic.com

www.burmeseclassic.com



ကိုသည် အေးစက်သောမျက်နှာထားနှင့် ညည်ခန်းရှိ ဆက်တီတစ်ခုမှာ ထိုင်ပြီး လှသွာအား ပြစ်တင်ရှုံ့ချဖို့ တာစူနေသလို၊ လှသွာမှာမူ ကိုရဲ့ စွဲချက်များကို ပြန်လည်ငြင်းဆန်ရန် စကားလုံးတစ်ချို့ကို ရှာချယ်နေမိတော့သည်။

"နင်းဝတ်လှသွာက ကျွန်တော့်စကားကို တော်တော်နားထောင်တာပဲနော်"

ကိုက စတင်ထိုးနှက်၏။

သူ့ကိုယ်သူ ကိုယ်ဟု သုံးနှုန်းနေရာမှ ကျွန်တော်ဟု သုံးစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပြင် သုံးနှုန်းလာလေတော့သည်။

"လှ္ဝာ တောင်းပန်ပါတယ် ကိုရယ်။ သူနဲ့အတူ သွားဖို့ လှ္ဝာ ကြိုတင်ကြံစည်ထားတာ မဟုတ်ပါဘူး။ လှ္ဝာက ကို လာမယ်ထင်ပြီး ပြင်ဆင်ဖီးလိမ်းထားပြီးကာမှ သူ ရောက်လာလို့ မငြင်းသာတော့ဘဲ လိုက်သွားလိုက်ရတာပါ။ နောက်ပြီး ပန်းချီဆရာနဲ့ကလည်း ဒီနေ့လာမယ်လို့ ချိန်းထားပြီးသား ဖြစ်နေလို့ပါ ကို"

"ကောင်းထက်ဖံက ဒီအိမ်ကို ခဏခဏ လာတတ်သလား"

ကိုဟာ သူမရဲ့ချစ်သူတစ်ယောက်နဲ့ သိပ်မတူတော့ဘဲ ထွေထွေချက်မှန်သမျှကို စိစိစပ်စပ်နားထောင်ပြီး အမှားကို လိုက်ကောက်နေတဲ့ တရားသူကြီးတစ်ယောက်လိုပင်။

"ဟို...ရံဖန်ရံခါလောက်တော့ လာတတ်ပါတယ် ကို"

"လှ္ဝာက ဘာလို့ ဒီကိစ္စကို ကျွန်တော့်ကို အရင်က မပြောခဲ့တာလဲ"

"ကို စိတ်ညစ်သွားမှာ စိုးလို့ပါ"

"ဖုံးကွယ်ထားလိုက်တော့ကော ကျွန်တော်



စိတ်ချမ်းသာသွားလိမ့်မယ်လို့ လှ္ဝာ ယူဆသလား"

"တော်ပါတော့ ကိုရယ်...။ ဆက်မပြောပါနဲ့တော့။ လှ္ဝာ တောင်းပန်ပါတယ်။ နောက်နောင်ကို လှ္ဝာ ဒီလိုအမှားမျိုး မဖြစ်စေရတော့ပါဘူး။ လှ္ဝာ ကတိပေးပါတယ်"

လှ္ဝာသည် သူမချစ်သူရဲ့ နှုတ်ခမ်းကလေးကို လက်ညှိုးဖြင့် တေ့လိုက်ရင်း သူ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်သော်လည်း သူကတော့ အေးစက်တောင့်တင်းစွာပင် မလှုပ်မယှက် ရှိနေလေတော့သည်။

"လှ္ဝာ့ကို မျက်စိမပြင်ရခင်ကတည်းက အရိပ်တကြည့်ကြည့်နဲ့ ချစ်ခဲ့၊ ခင်ခဲ့၊ ယုယခဲ့ရတဲ့သူက ထွန်းသစ်ပေါ လှ္ဝာ...။ အဲဒီအချိန်တုန်းက ကောင်းထက်ဖံဆိုတဲ့ ယောက်ျားတစ်ယောက်သာ လှ္ဝာ့ကို မြင်ခဲ့ရင် သူ လှ္ဝာ့ကို စိတ်ဝင်စားနိုင်မှာ မဟုတ်ဘူးနော်။ လှ္ဝာ လူဆိုးနဲ့လူကောင်း ခွဲခွဲခြားခြား သိမြင်ဦး။ လှ္ဝာ မျက်နှာများချင်နေပြီလား"

"တော်တော့ကိုရယ်။ ကို့စကားတွေ သိပ်လွန်နေပြီ။ လှ္ဝာ ဒီလောက် တောင်းပန်နေတာတောင် ကို မကျေနပ်ချင်သေးဘူးလား။ လှ္ဝာ့ကို ကို ဘာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်သလဲ...။ တစ်ခုခု လုပ်ပစ်လိုက်စမ်းပါ''

ကိုဟာ ဘာမဟုတ်တဲ့ ကိစ္စသေးသေးဖွဲ့ဖွဲ့ကလေးကို အတော်ခရေးကြီးခွင်ကျယ် လုပ်လိုတဲ့သူပဲဆိုတာ သိပ်မကြာခင်ပင် သူ သိခွင့်ရလိုက်လေတော့သည်။

ကို့ရင်ခွင်ထဲရောက်နေတဲ့ သူမကို ကိုက မသိမသာနှင့် ရင်ခွင်ထဲက အသာဆွဲခွာရင်း...

''ကိုးနာရီတုန်းက အမှုကိစ္စ သိပ်အရေးကြီးနေလို့ လွှာ့ကို လိုက်မပို့နိုင်တော့ဘူးလို့ ကိုယ် ဖုန်းဆက်လိုက်ပေမဲ့ အမှုသွား အမှုလာ နားထောင်ပြီးတာနဲ့ ကိုယ် ဒီကို အရောက်လာခဲ့တာပဲ လွှာ။ ကိုယ် ဒီကိုရောက်နေတာ ဆယ်နာရီခွဲကတည်းက။ အိမ်ရှေ့ရောက်တော့ သော့ခတ်ထားတာနဲ့ပဲ ဒီမှာ ရပ်စောင့်နေမိတယ်။

ကိုယ် ဒီမှာစောင့်နေတာ လေးနာရီလောက်ရှိနေပြီ။ ကဲ... ဒီနေ့တော့ လွှာနဲ့ကိုယ် စကားပြောလို့ သိပ်အဆင်ပြေမယ် မထင်ဘူးကွာ။ ကိုယ် ပြန်မယ်။ နောက်နေ့မှ ကိုယ်လာခဲ့မယ်''

ကို ထွက်သွားတော့ လွှာ အပြင်းအထန် မတားဆီးလိုက်မိပေ။ ကိုဟာ လွှာ့ကိုချစ်တဲ့နေရာမှာလည်း လွန်ကဲမှုရှိသလို သံသယစိတ် ဝင်တဲ့အခါမှာလည်း သိပ်ကို လွန်ကဲလွန်းတာပဲကွယ်။

ကို ရက်စက်တယ်။ ဒီနေ့ဟာ ကို့ကြောင့် လွှာ ပထမဦးဆုံး မျက်ရည်ကျခဲ့ရတဲ့နေ့ဆိုတာ လွှာ ဘယ်တော့မှ မေ့တော့မှာ မဟုတ်တော့ချေ။

***



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်သူမသည် မာနနှင့်ယှဉ်ပြိုင်ကာ တစ်ယောက်ကို တစ်ယောက် အဆက်အသွယ် ဖြတ်တောက်ခဲ့ချိန်မှာ ကောင်းထက်ဖိုးဖို့ ပွဲလန့်တုန်း ဖျာခင်းရန် အကွက်ဝင်သွားလေတော့သည်။

ကိုနှင့် ပဋိပက္ခဖြစ်ပြီး နောက်တစ်နေ့တွင် ကို သူမအိမ်ကလေးဆီသို့ လာလေဦးမလားလို့ သူ တိတ်တိတ်ကလေး ကြိတ်မျှော်နေစဉ်

တကယ်တမ်း သူမ အိမ်ရှေ့သို့ ထိုးစိုက်လာသော ကားတစ်စင်းမှာ ကို့ရဲ့ DX Saloon ကားကလေးမဟုတ်ဘဲ ကောင်းထက်ရဲ့ ခရောင်းကားကြီးဖြစ်နေသဖြင့် သူမ အလွန်အကျွံ စိတ်ပျက်သွားမိလေတော့၏။

မိုးသစ္စာ တာမဲ

www.burmeseclassic.com

www.burmeseclassic.com



"နှင်း…"

သူ ဝင်လာချိန်တွင် သူမသည် မျက်နှာကို စူပုပ်၍ တစ်ဘက်
သို့ လှည့်နေမိသဖြင့် ကောင်းထက်ဖံမှာ စိတ်ပျက်မသွားတဲ့အပြုံး
ခပ်ဟက်ဟက်ကလေး ရယ်လိုက်ကာ…

"ဟောဗျာ…ရာသီဥတုကလည်း အခုလို
အခုအအေးလိုက်ပဲနော်။ တော်တော်လည်း တတ်နိုင်
ကောင်မလေး။ မနေ့က အကောင်းကြီး၊ အခု ရှု
လို့။ ပြောစမ်းပါဦး…ဘယ်သူ့ကို စိတ်ကောက်နေ
တာလဲ"

"ကိုယ့်ကိုယ်ကိုပေါ့"

"ဘာဖြစ်လို့တုန်း"

"မနေ့က ကိုဖံရဲ့ကားနဲ့ ပြန်လာတာကို မြင်
ကျွန်မချစ်သူက ကျွန်မကို အထင်လွဲသွားပြီရှင့်"

"ဟာ…အဲဒါ ကိုယ့်အတွက်တော့ ဝမ်း
တယ်"

"ဘာကောင်းတာလဲ…ကိုဖံနော်။ စော
ပြောရင်းပြောရင်းနဲ့ လွန်မလာနဲ့။ ရှင်ဟာ ဘယ်
မှန်းကို မသိဘူး။ ကဲ…ရှင်ပြန်တော့"



"ဟာ…ရောက်တာမှ တစ်မိနစ်မပြည့်သေးဘူး
နှင်းပြီလား။ နေပါဦးကွာ…မင်းမျက်လုံးလေးတွေကို
ကိုယ် ခဏကြည့်ပါရစေဦး"

ကိုဖံသည် သူမရဲ့မျက်လုံးများကို စွဲညို့ရီဝေလွန်းသော
မျက်လုံးတစ်စုံနှင့် စိုက်ကြည့်လေရာ သူမမှာလည်း သံလိုက်စက်ကွင်း
၌ ကပ်ငြိသွားသလို အညို့ခံလိုက်ရလေတော့၏။

"ကိုဖံ…သွားတော့ကွာ"

"ဟင့်အင်း"

ကိုဖံသည် ထုံပေပေ၊ ပေကပ်ကပ်နှင့် သူမကို ရီဝေစွာ
စိုက်ကြည့်နေတော့၏။

"သွား…ဆိုနော်"

"ဟင့်အင်း"

"ကဲ…သွားပါတော့ ကိုဖံရယ်။ ကြာလာရင်
ကျွန်မနဲ့ ထွန်းသစ်စ ပြတ်ကုန်ကြလိမ့်မယ်။ ရှင်
လူကြမ်းကြီး မလုပ်ချင်စမ်းပါနဲ့"

"ဟုတ်ပါတယ်။ တကယ်တော့ ကောင်းထက်
ဖံဆိုတဲ့ ယောကျာ်းတစ်ယောက်ဟာ ထွန်းသစ်စနဲ့
နှင်းဝတ်လွှာတို့ နှစ်ယောက် ကြားကို လူကြမ်းကြီးပုံစံနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာခဲ့တာ ကိုယ် ဝန်ခံပါတယ်။

ဒါပေမဲ့ အဲဒီလူကြမ်းကြီးရဲ့ ဟောဒီရင်ဘတ် ထဲမှာ နူးညံ့သိမ်မွေ့တဲ့ နှလုံးသားတစ်စုံ ရှိတယ်ဆိုတာ နှင်း မမေ့ပါနဲ့။ ကိုယ် နှင်းကို စတွေ့စမှာတင် ချစ်နေမိခဲ့တယ် နှင်း"

သူမသည် ကိုဖံရဲ့ ဖွင့်ဟရှက်ဆန်မှုကြောင့် အကြီးအကျယ် စိတ်ပျက်သွားဟန်ဖြင့် "ကိုဖံရယ်..."ဟု တစ်ချက်ညည်းညူလိုက်လေ တော့၏။

"နှင်း..."

"ဟင်..."

"နှင်းကို ကိုဖံ ချစ်တယ်။ နှင်းကို ကိုဖံ လက်ထပ်ချင်တယ်။ နှင်းကို ကိုဖံ လက်ထပ်ပြီးတာနဲ့ ရွှေတောင်ကြားက ကိုယ့်အိမ်မှာ တခန်းတနားထား ချင်တယ်။ နှင်း ကိုယ့်ကို စဉ်းစားပေးပါ"

"ခက်တာပဲ။ ရှင်ဟာ နောက်ဆုတ်မသွားတဲ့ အပြင် ရှင်ဟာ ရှေ့ဆက်ပါ တိုးနေတော့တာပါလား ကိုဖံရယ်။ ကျွန်မက ထွန်းသစ်စကို သိပ်ချစ်တယ်။ ကျွန်မချစ်သူကို ကျွန်မ ဘယ်လိုနည်းနဲ့မှ အဆုံး





အရှုံးမခံနိုင်ဘူး။ သူဟာ ကျွန်မကို မျက်မမြင်ဘဝ ကတည်းက သစ္စာရှိရှိနဲ့ ချစ်ခဲ့ရဲတဲ့သူပါ"

"ကျွတ်...နှင်းက ကိုယ့်ကို တစ်ဆိတ်ရှိတိုင်း အဲဒီကိစ္စနဲ့ပဲ ကိုင်ပေါက်နေတော့တာကိုး...။ အဲဒီ အချိန်တုန်းက နှင်းကို ကိုယ်မှ မသိခဲ့၊ မခင်ခဲ့တာ ကိုးကွ။ နှင်းကို ကိုယ် စတွေ့တုန်းကလည်း ဆေးရုံမှာ မျက်မမြင်ဘဝနဲ့ပါဗျာ။ ကိုယ် နှင်းကို စတွေ့ကတည်း က ချစ်ခဲ့တာကိုတော့ နှင်း မသိခဲ့ဘူးလား"

သူမသည် ချစ်သူ၏ ဥပေက္ခာပြုမှုကြောင့် စိတ်ညစ်နေရစဉ် ကောင်းထက်ဖံဆိုသူ သူဌေးတစ်ယောက်၏ ဖွင့်ဟရှက်နိုင်မှုကြောင့် ပို၍ စိတ်ချဉ်ပေါက်မိလာလေ၏။

"နှင်း..."

"ဘာလဲ..."

"နှင်းကို ဟိုကောင် ဖြတ်သွားပြီ မဟုတ်လား"

"ခဏစိတ်ကောက်နေကြတာပါ"

"ဒါပေမဲ့ နှင်း စိတ်ညစ်နေတယ် မဟုတ်လား"

"ညစ်တာပေါ့...။ သေချင်လောက်အောင် တောင် စိတ်ညစ်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ရင် အခန်းထဲ အောင်းမနေနဲ့ဗျာ။ ကိုယ်နဲ့ လိုက်ခဲ့။ ဘုတ်ကလပ်သွားရအောင်"

"မသွားချင်ပါဘူး"

"မသွားချင်ရင်လည်း ကိုယ်ကတော့ နှင်း အနားမှာ နေမှာပဲ။ နှင်း ဒီလောက်စိတ်ညစ်နေတာ ကြီးကို ကြည့်ပြီး ကိုယ် ပစ်မထားခဲ့ရက်ပါဘူး။ မှု ပေးမယ်"

ခက်တော့နေချေပြီ။

ဘယ်ဘက်ယက်ယက် သူ့ဘက်ချည်းထဲပါလား...။

အိမ်ထဲမှာတော့ သူမ ကိုဖုန်နှင့်နှစ်ယောက်တည်း အတူရှိနေ လိုလှ။

ကို ရောက်လာမှာကို [ဒါမှမဟုတ်လည်း] မမျှော်လင့် အန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာမှာကို သူမ စိုးထိတ်လှသည်

"ကောင်းပြီ...ကောင်းပြီ။ ဒီနေ့အဖို့တော့ ကို ကျွန်မ လက်မြှောက်အရှုံးပေးလိုက်ပြီ။ နေ့တိုင်းကြီး ကျွန်မဆီက အလံဖြူ ရနေလိမ့်မယ် တော့ ရှင် မထင်နဲ့နော် ကိုဖုံ"

"ကောင်းပါပြီတဲ့ဗျာ။ ကဲ...အဝတ်အစား



ကလေး သွားလဲချေတော့"

သူမ ဧည့်ခန်းထဲမှ ထွက်လာခဲ့မိတော့သည်။

ကိုကို စိတ်မကုန်သေးတာ၊ လွမ်းတာကတော့ သိပ်ကို သေချာလှပါသည်။ ဒါပေမဲ့ ကိုကို စိတ်လည်း ဆိုးမိသည်။

ကိုယ့်ချစ်သူမိန်းကလေးတစ်ယောက်ကို သူစိမ်းယောကျ်ားတစ်ယောက်နဲ့ ကားအတူစီးမိတာလေးတစ်ခုကို ကိုက ပုဒ်မအကြီးအကျယ်တပ်ကာ ရေးကြီးခွင်ကျယ် လုပ်လိုလှသည်။

မနေ့ညက ကို ဖုန်းမဆက်ပါ။

ကိုလည်း သူမလိုပင် စိတ်ကောက်နေတာ ဖြစ်ပါလိမ့်မည်။

ကို့ဆီက ဖုန်းမလာသောအခါ သူမရင်ထဲ၌ ဟာတာတာကြီး ဖြစ်လာမိသည်။ ထိုနောက်တော့ ခံပြင်းအောင့်သက်ကာ ရင်ထဲမှာ ပူလောင်မြိုက်လာသလို ခံစားရတော့၏။

ထိုပူလောင်မှုသည် ကိုများ ရောက်လာလေမလားဆိုပြီး အိမ်မှာ ထိုင်စောင့်နေလေလေ ပို၍ ပူလောင်လာလေလေပင်။

ကိုရေ...ကို့ကို မချစ်လို့တော့ မဟုတ်ပါဘူး။ မျက်နှာများချင်လို့တော့ မဟုတ်ပါဘူး။

ဒါပေမဲ့ ဘာမဟုတ်တဲ့ အကြောင်းပြချက်ကလေးနဲ့ သူ့ကို ဥပက္ခာပြုသွားလေတဲ့ ကို့ကို ခဏမေ့ဖျောက်ဖို့ သူမ ထွက်ပေါက်

www.burmeseclassic.com

www.burmeseclassic.com

ရှာခဲ့မိပါဘယ်။

အလှပြင်၊ အဝတ်အစားလဲပြီး ညေ့ခန်းထဲသို့ လှှာ ထွက်လာလေသောအခါ ကိုဖုံရဲ့ တဖိတ်ဖိတ်တောက်နေတဲ့ မျက်ဝန်းဟစ်စုံနဲ့ စတင်ဆုံဆည်းရတော့၏။

***





ကိုသည် သူမ ထင်ထားတာထက်ပိုပြီး ဥပေက္ခာပြုထားနိုင်ရက် သူမှန်း တစ်ပတ်မျှ အဆက်အသွယ် မလုပ်လာလေသောအခါ သူမ ပို၍ ပို၍ သဘောပေါက်လာလေတော့သည်။

ကို့ကို လက်မြှောက်အရှုံးပေးလိုက်ကာ သူမဘက်မှ စတင် ဖုန်းဆက်ဖို့ ဖုန်းခလုတ်ကလေးများကို ယောင်ယမ်းကာ နှိပ်မိနေပေမဲ့ တကယ်တမ်း ဖုန်းလိုင်းဝင်သွားတာနဲ့ သူမ ဖုန်းကို ချပစ်ခဲ့တာ ခဏခဏပင်။

ဒါဆို ကိုကရော သူမဆီ ဖုန်းဆက်ဖို့ မကြိုးစားတော့ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုရယ်...

လွှာတို့ဟာ ဘာမဟုတ်တဲ့ အပွရိုကကိစ္စကလေးတစ်ခုနဲ့ ပတ်သက်ပြီး ဒီလိုပဲ ဝေးကွာနေကြတော့မှာလား။

ကို့ရဲ့ တစ်ဖက်သက်စွန့်ပစ်မှုဟာ ကိုဖံအတွက် ကောင်းသော အခွင့်အရေးတစ်ခုဆိုတာ ကို မသိရှာ့လေသလား။

ကိုဖံ...

စတွေ့စဉ်ကတည်းက သူ ထင်တာကို ဖွတ်တရွတ်လုပ်ဝံ့သူ ကိုဖံဟာ အခုတော့ ပို၍ပို၍ပင် သူမနားသို့ ရောက်ရှိလာခဲ့လေတော့သည်။

"နှင်းက လေထဲက စွန်ကလေးနဲ့ တူတယ်။ စွန်ကလေးကို လိုချင်ပေမဲ့ ကြိုးတန်းလန်းနဲ့မို့ ကိုယ့်မှာ ကောင်းကင်ပေါ် မော့ကြည့်ရင်း စောင့်နေခဲ့ရတာ ကြာပြီ။ အခု စွန်ကလေးက ကြိုးပြတ်ကျနေပြီ။ ကိုယ်လည်း ရဖို့ ကြိုးစားပါရစေဦးနော်"

ကိုဖံက အပြောကောင်းသည်။

သူ့ဖွေးတစ်ယောက်မို့ အရှိန်အဝါတစ်ခုက သူ့အရိပ်လို ကပ်ငြိနေ၏။

သူမ ကိုဖံကို မချစ်သော်လည်း သံယောဇဉ်တွယ်လာမိတော့





သည်။

ကို ပေးခဲ့သော ဝေဒနာအလွှမ်းကို ကိုဖံနှင့် စကားပြောဆိုရင်း မေ့ပျောက်အောင် ကြိုးစားရတော့သည်။

ကိုသည် သူမကို သိပ်ပြီးညှင်းဆဲရာ ကျနေသည်။ အိမ်မှာနေတိုင်း ကိုများ သူမဆီ ရောက်လာလေမလားလို့ သူမ မျှော်နေမိတာလည်း သူမကိုယ် သူမ စိတ်ကုန်လာမိသည်။

ကြည့်စမ်း...။

လွှာတို့အဖြစ်က အပျက်အပျက်နဲ့ နှာခေါင်းထဲက သွေးထွက်တဲ့ အဖြစ်လိုပါလားကွယ်။

"နှင်းလေး...ကိုယ့်ကို မချစ်သေးရင်လည်း နေပါ။ ဒါပေမဲ့ ကိုယ့်အချစ်ကိုတော့ အသိအမှတ်ပြုပါတော့နော်"

သူမသည် မိုက်မဲတယ်လို့ပဲ ပြောရမလား၊ ထွက်ပေါက်အရှာတော်တယ်လို့ပဲ ပြောရမလား။

ကို့နဲ့ ဝေးကွာပြီးတဲ့နောက်ပိုင်းမှာ ကိုဖံ့ ခြေလှမ်းတွေကို ရပ်တန့်သွားအောင် မစည်းရုံးနိုင်ခဲ့ချေ။

ကိုဖံနှင့်အတူ ပတိတယ်တွေမှာ ညစာ အတူစားဖြစ်ခဲ့ကြသည်။

ကိုဖံ ဂေါက်ရိုက်တာကို အဖော်လိုက်ပေးဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း သူမစိတ်တွေက ကိုဖုံအနားမှာလည်း ရှိမနေပါလားကွယ်။

တစ်ရက်မှာတော့ ကိုဖုံဟာ ဟိုတယ်ရဲ့ သီးသန့်စားသောက်ခန်းမှာ သူမကို အခွင့်အရေးတစ်ခု တောင်းဆိုခဲ့လေသည်။

"နှင်း"

"ဟင်"

"ကိုယ့်ကို သက်ညှာသောအားဖြင့် အခွင့်အရေးလေးတစ်ခုလောက် ပေးစမ်းပါ"

"ဘာအခွင့်အရေးများလဲ"

ကိုဖုံက ဘာမှမပြောရသေးခင် အနူးညွတ်ဆုံး ပြုံး၏။ သူမကို နှစ်လိုဖွယ်ရာ ကြည့်လိုက်ပြီး...

"နှင်းရဲ့ မျက်လုံးကလေးတွေကို ကိုယ် နမ်းပါရစေ"

သူက ပြောရင်း မျက်နှာကို ရှေ့သို့ အနည်းငယ်တိုးလာလေရာ...

ပြင်းထန်သော ဆွဲအားတစ်ခုက သူနှင့်သူမကြားသို့ ဖြန်းခနဲကြီး ရောက်ရှိလာလေတော့သည်။

သူမ ဘာလုပ်လိုက်ရမလဲ။





ငြင်းဆန်ပစ်လိုက်ရမလား။ ဒါမှမဟုတ် ငဲ့ညှာသောအားဖြင့် သူ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ရမလား မသိ။

တကယ်တော့ သူမသည် ကိုဖုံကို ငြင်းဆန်ရမည်မှန်း သိသော်လည်း စိတ်ညို့ခံရသော အရာဝတ္ထုကလေးတစ်ခုနှယ် တိတ်ဆိတ်ငြိမ်သက်နေလေတော့၏။

လှပညို့ရီသော သူ့နှုတ်ခမ်းများက သူမ၏ မျက်လုံးကလေးများဆီသို့ ခပ်ဖြည်းဖြည်းကလေး ရောက်ရှိလာလေသည်။

အို...ကျွန်မ သိပ်စိတ်လှုပ်ရှားတာပဲ။

ချစ်သူရဲ့ ရက်စက်မှုနဲ့ ဥပေက္ခာကို ခံယူနေရတဲ့ မိန်းမသားတစ်ယောက်အတွက် တစ်စုံတစ်ယောက်ဆီက ယုယမှုကို မသိစိတ်ထဲကနေ ခံယူချင်မိပေမဲ့လည်း ကိုဇော်အပေါ် သစ္စာဖောက်ရာ ကျလေမလား။

ကို...ကိုနဲ့ကျွန်မက မပြတ်သားသေးကြဖါဘူးလေ။

သူမသည် ဤတုံ့ချတုံ့ဖြင့် တွေဝေနေစဉ်ပင် ညာဘက်မျက်ခွံတစ်ဝိုက်၌ နူးအိသော နှုတ်ခမ်းပါးတစ်စုံ၏ နွေးထွေးချိုမြသော နမ်းရှိုက်မှုကို ခံစားလိုက်ရသည်။

အို...ကျွန်မ မှားနေပြီကွယ်။

မခံယူသင့်တဲ့ ကြင်နာယုယမှုကို ဘာကြောင့်များ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ာ်ယူခဲ့မိပါလိမ့်။

ဟင့်အင်း…။

ကျွန်မ အဝိုက်မိသွားတာပါ။ ကျွန်မ ပြင်ဆင်လို့ ရသေးတယ်။ ကျွန်မမှာ အမှားကို ပြင်ဆင်ဖို့အတွက် နောက်ထပ်မျက်လုံးတစ်ဖက် ကျန်သေးတယ်။

သူမ အသိဝင်လာချိန်တွင် ကိုဖံမှာ သူမရဲ့ ဘယ်ဘက်မျက်လုံး တစ်ဖက်ဆီသို့ နမ်းရှိုက်ရန် နှုတ်ခမ်းများ ရွေ့လျားနေလေသည်။

သူမသည် ကိုဖံ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်ပြီး…

"ဝမ်းနည်းပါတယ်။ ဒီကိစ္စကို လွှာ ခွင့်မပြုနိုင်ဘူး"

ပြောပြီး သီးသန့်ခန်းထဲမှ ပြေးထွက်လာခဲ့မိလေတော့သည်။

"နှင်း…နှင်း…အဲဒီကို ထွက်မပြေးပါနဲ့"

ကိုဖံသည် သူမနောက်မှ ထက်ကြပ်မခွာ လိုက်လာသော်လည်း လွှာက စောစီးစွာပင် မာတ်လှေကားတံခါးကို ပိတ်ပစ်လိုက်ကာ အလျှင်အမြန်ပင် အောက်သို့ ဆင်းလာခဲ့လေတော့၏။

ကိုဖံ ဒေါသတကြီးနှင့် နောက်ကနေ လိုက်လာမှာ သေချာသော်လည်း လွှာ စောစောစီးစီးပင် မျက်ခြေဖြတ်ပစ်နိုင်ခဲ့သည်။

လွှာ့ရင်တွေ တလှိုက်လှိုက်_ တုန်ခါနေမိသည်။





အဲဒါ သိပ်ကိုသေချာတာပေါ့ကွယ်။

မချစ် မနှစ်သက်တဲ့သူဆီကနေ အနမ်းတစ်ပွင့်ကိုတောင် လွှာ လက်မခံချင်ဘူးဆိုတာ သိပ်ကို သေချာတာပေါ့။

***

www.burmeseclassic.com

www.burmeseclassic.com



လှှာသည် နောက်တစ်ရက်မှစတင်၍ မြို့တံခါးကို အပြင်မှ သော့ခတ်ကာ အိမ်ကလေးထဲတွင် လူမရှိသည့် အရိပ်အယောင်မျိုး နှင့် ဟန်ဆောင်၍ နေထိုင်ခဲ့လေသည်။

ကိုဖုံကို လှှာ မတွေ့ချင်တော့။

ကိုဖုံဟာ မာယာများပြီး သူမကို တဖြည်းဖြည်းနှင့်သိမ်းပိုက် ၍ ကြံစည်နေသူမှန်း သိပ်ကို သေချာလွန်းလေပြီ။

ကိုရယ်...

လှှာဟာလေ ကိုကို မြင်တွေ့ခွင့်ရဖို့ရယ်၊ ကိုပုံတူ ပန်းပုရုပ်ထု လေး ထုဆစ်ပေးခွင့်ရဖို့ရယ်နဲ့ တရားခွင်မှာ ကိုကို မြင်တွေ့ခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရဖို့အတွက် မျက်လုံးပြန်မြင်ရဖို့ ကြိုးစားခဲ့သူပါ။

လွှာ မျက်လုံးပြန်မြင်ရဖို့ ကြိုးစားတဲ့အထဲမှာ ကောင်းထက် ဖုံးဆိုတဲ့ သူဌေးတစ်ယောက်နဲ့ ရင်းနှီးဖို့ဆိုတဲ့အချက် မပါဝင်ခဲ့ပါဘူး ကွယ်။

ကိုမျက်နှာကလေးကို ဓာတ်ပုံအကူအညီမပါဘဲ လွှာ အလွတ် ရတယ်။ ကိုမျက်နှာလေးကို မြင်ယောင်ပြီး လွှာ အခု ပန်းပုရုပ်ထု လေးတစ်ခု ထုဆစ်နေပြီ။

ဆန်းသစ်တဲ့ ရစ်သမ်တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ ပန်းပုရုပ်ထုကလေးပဲ ကို။

ဒီပုံတူကလေးဟာ လွှာ့ရဲ့ Masker piece ပဲ။

ဂန္တဝင်မြောက် လက်ရာတစ်ခုပဲ။

ရုပ်ထုကလေးပြီးတော့ လွှာဟာ သူရှိမယ့် ခရိုင်ရုံးတစ်ခုကို တိတ်တဆိတ် ထွက်လာခဲ့မိသည်။

ရုံးဝန်းကျင်မှာ တိုက်ပုံအနက် ဝင်ဆင်ထားတဲ့ ရှေ့နေပေါက်စ လေးတွေကို မြင်ရင် ကိုများလားလို့ ငေးမောရတာ အမော။

နောက်ဆုံးတော့ ကို့ကို ရုံးပေါ်မှာ တရားခွင်ရင်ဆိုင်နေသော အနေအထားနှင့် တွေ့ရလေတော့သည်။

ကိုမျက်နှာသည် ကြည်စင်နေပြီး ရဲရင့်ခြင်းအသွင်ဆောင်လျက်



ရှိကာ သက်သေတစ်ယောက်ကို အသံနေအသံထားကောင်းကောင်း နှင့် စစ်ဆေးနေတော့၏။

"အခင်းဖြစ်တဲ့နေ့က ခင်ဗျား ဘယ်မှာရှိလဲ"

"နေအိမ်မှာပဲ ရှိပါတယ်"

"နေ့ရက် မှတ်မိလား"

"အတိအကျတော့ မမှတ်မိတော့ပါဘူး"

"ကဲ...မမှတ်မိလည်း မှတ်မိသလောက် ပြော ပါဦး"

သက်သေအမျိုးသမီးက သူ မှတ်မိသလောက်ကို စေ့စေ့ငုငု ပြောပါ၏။ ကိုသည် တည်ကြည်လေးနက်သောမျက်နှာထားနှင့် ခေါင်းကို တဆတ်ဆတ်ညိတ်ကာ နားထောင်လျက်ရှိသည်။

"နောက်ပြီး ခင်ဗျား ဘာတွေသိသေးလဲ"

"နောက်တော့ သူ့ကို ပြစ်မှုပုဒ်မ ၃၂၈၊ ၃၄၃နဲ့ တရားစွဲတယ်လို့ သိရပါတယ်"

"ကောင်းပြီ...တစ်ဖက်က ရှေ့နေကြီးက ပြန် လှန်မေးခွန်း မေးလိမ့်မယ်။ သိရင် သိတယ်ပြော၊ မသိရင် မသိဘူးပြော။ ဟုတ်လား"

ကိုသည် ယခုထက်ထိ အမှုကြားနာနေသော တရားသတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



လွှာ ရောက်နေမှန်း မသိသေး။

တကယ့် လူကြီးလေးတစ်ယောက်လိုပင် နေရာမှာထိုင်လျက် တစ်ဖက်ရှေ့နေရဲ့ စစ်ဆေးချက်တွေကို လေးလေးနက်နက် နားထောင်လျက်ရှိသည်။

သို့နှင့် တရားခွင် ပြီးဆုံးသွား၍ ရုံးချိန်းယူပြီး လူများ ရုံးတော်ထဲက ထွက်သွားလေတော့မှ လွှာ့ကို သူ မြင်တွေ့သွားလေတော့သည်။

"လွှာ..."

သူ့မျက်နှာမှာ လွှာ့ကို မြင်လျှင်မြင်ချင်း သိမ်မွေ့သွားကာ အံ့သြမှင်သက်သွားလေသည်။

"လွှာ...တရားခွင်ကို လိုက်လာတယ် ဟုတ်လား"

"အင်း...ကိုကို လွမ်းလို့"

လွှာ့အသံမှာ တိုးတိတ်လျက်ရှိသော်လည်း တုန်ယင်နေလေတော့သည်။

ကိုဟာ တခြားတစ်နေရာမှာသာ လွှာကို တွေ့ခဲ့လျှင် အခြေအနေ တင်းမာကောင်း တင်းမာသွားနိုင်ပေမဲ့ သူ့ရုံးကို အလည်အပတ် ရောက်လာတဲ့ ဧည့်သည်တစ်ယောက်ဖြစ်တာမို့ ပြုံးမြမြနဲ့ အနား





လာထိုင်လေ၏။

"ကို သိပ်ရက်စက်တယ်"

"ကိုယ် မရက်စက်လို့ပဲ လွှာ့နားကို အခု ရောက်နေပြီ မဟုတ်လား"

"ဒါပေမဲ့ လွှာ့ကို ကို ပစ်ထားခဲ့တာပဲ မဟုတ်လား"

"အဓိပ္ပါယ် မရှိတာကွာ"

လွှာသည် သူ့ကို တွေ့တွေ့ချင်း ဆိုးနွဲ့ပစ်လိုက်ချင်သည်။ အေးတိအေးစက်နှင့် သူ ပစ်ထားခဲ့တဲ့နေ့တွေက တစ်လလျော့လျော့ ရှိခဲ့ပြီ မဟုတ်လား။

"ဒါပေမဲ့ ကို အသည်းမာတယ်"

"လွှာ...ကို အသည်းမမာလို့ဘဲ လွှာ့ ခြံကလေးဆီကို ကိုယ် ရောက်ခဲ့ပါသေးတယ်။ အဲဒီအချိန်တွေတုန်းက လွှာ ဘယ်သူ့ကားနောက်ကို ပါပါ သွားနေသလဲဆိုတာလည်း လွှာ ပြန်စဉ်းစားဦး"

"တော်ပါပြီ ကိုရယ်။ ဘယ်လိုပဲဖြစ်ဖြစ် လွှာဟာ ကို့ရဲ့ အေးစက်မှုကိုတော့ ခံလိုက်ရတာပဲ မဟုတ်လား။ လွှာ အခု ကို့ဆီကို ရောက်လာတာ

www.burmeseclassic.com



က အလံဖြူကိုင်ပြီး လာခဲ့တာပါ။ လွှာလေ... ကို့မျက်နှာလေးကို စိတ်မှန်းနဲ့ မြင်ယောင်ရင်း ပန်းပုရုပ်ထုကလေး ထုဆစ်လာခဲ့တယ် ကို။ ဒီရုပ်ထုကလေးဟာ လွှာ မျက်မမြင်ဘဝကတည်းက ကို့ကို အလွန်တရာ လက်ဆောင်ပေးချင်လှတဲ့ ပန်းပုရုပ်ကလေးပါ''

ကိုသည် လွှာ့စကားကို ကြားလျှင်ကြားချင်း ပန်းပုရုပ်ထုကလေးကို မမြင်တွေ့ရသေးဘဲနဲ့တောင် နူးညံ့သိမ်မွေ့စွာ ပြုံးလေတော့၏။

''ကန်တင်းသွားရအောင် လွှာ''

ကိုက သူ့ ညာလက်တစ်ဖက်ကို ကမ်းပေး၏။

ကို့ရဲ့ လက်ဖဝါးနုနုကို မဆုပ်ကိုင်ခဲ့ရတာ ကြာလေပြီ။ ကို့လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်မိသည်နှင့် လွှာ့ရင်ထဲ၌ အမျိုးအမည်မသိ ခွန်အားတစ်ခုက စီးဆင်းဝင်ရောက်သွားလေ၏။

ထိုခွန်အားသည် အချစ်ဟုပင် လွှာ ထင်လိုက်သည်။

***



ကိုသည် လွှာ့ရဲ့ ပန်းပုရုပ်ထုကလေးကို ကြည့်ပြီး အံ့အားသင့်လျက်ရှိသည်။

''လက်ရာမြောက်လိုက်တာ လွှာရာ။ နောက်ပြီး ကိုယ်နဲ့ ချွတ်စွပ်ပဲ။ ဒီပန်းပုရုပ်ထုကလေးက လွှာ အလွတ်ထုတာလား''

''အလွတ်ထုတာပေါ့ ကို။ လွှာ့ဆီမှာ ကို့ဓာတ်ပုံ ရှိခဲ့လို့လား။ ဒီပန်းပုရုပ်ထုကလေးဟာ လွှာ့ရင်ထဲမှာ ကို့ကို အလွတ်ရနေပြီဆိုတာ သိဖို့ သက်သေပြတဲ့ လက်ဆောင်ပဲ...''

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် လွှာ။ ဩော်...ဒါထက် လွှာ့ကို ကိုယ် နည်းနည်းတော့ ဆူချင်တယ်နော်။ မျက်လုံးခွဲစိပ်ပြီးတာ ဘာမှမကြာသေးခင်မှာ ဒီလောက် မျက်စိအာရုံစူးစိုက်ရတဲ့ ပန်းပုထုတဲ့ အလုပ်ကို လွှာ ဘာကြောင့် လုပ်ရတာတုံး"

လွှာသည် သူ့စကားကြောင့် ရှက်ပြုံးကလေး ပြုံးလိုက်မိသည်။

"ကိုဆူရင်လည်း လွှာ ခံရမှာပါပဲ။ ကို့ကို လွှာ ချစ်လွန်းလို့ ပန်းပုထုလိုက်မိတာ။ ကိုက တော် တော့်ကို စေ့စေ့စပ်စပ် သိတာပဲနော်။ ဟုတ်တယ်... လွှာလေ ပန်းပုရုပ်ထုကလေးကို စူးစူးစိုက်စိုက် ကြည့် တိုင်း မျက်လုံးအောင့်တယ်"

"ကဲ...အဲဒါပြောတာပေါ့ လွှာ။ ဆရာဝန်ကြီး ကလည်း မျက်လုံးစူးစိုက်ကြည့်ရတဲ့အလုပ်တွေ မလုပ်ဖို့ မှာထားတယ် မဟုတ်လား"

"အင်းပါ...လွှာ ဆင်ခြင်ပါ့မယ်။ အနာဂတ်ဆို တာ မသေချာဘူး ကိုရဲ့။ လွှာ အင်္ဂလိပ်ကားတစ်ကား ကြည့်ဖူးတယ်။ မျက်မမြင် ကောင်မလေးတစ်ယောက်





ဟာ မျက်လုံးခွဲစိပ်မှု ခံယူပြီး သူ မျက်လုံးပြန်မြင်ရပြီး သိပ်မကြာခင် မျက်လုံးပြန်ကွယ်သွားတယ်"

"နမိတ်မရှိ နမာမရှိစကားတွေ မပြောစမ်းပါနဲ့ လွှာရယ်...။ လွှာ ဘယ်တော့မှ မျက်လုံးပြန်မကွယ် ဘူး ကိုယ်ပြောရဲတယ်။ ဖွက်... မပြောကောင်း၊ ပြောကောင်း လွှာ မျက်လုံးပြန်ကွယ်ခဲ့ရင်တောင် လွှာ့နံဘေးမှာ တစ်ယောက်တည်း ကျန်ခဲ့မယ့်သူဟာ ထွန်းသစ်စပဲဆိုတာ ရဲရဲယုံထားလိုက်"

ထိုနေ့က လွှာနဲ့ကို ပြန်လည်သင့်မြတ်ခဲ့ကြတဲ့နေ့ဖြစ်သလို နှစ်ယောက်ကြားမှာရှိတဲ့ အာဃာတတွေကို မြှုပ်နှံသင်္ဂြိုလ်ခဲ့ကြတဲ့ နေ့လည်းဖြစ်သည်။

ကို့ကို လွှာက လက်နက်ချပြီး စခေါ်ခဲ့ရပေမဲ့ ကိုကလည်း မာန်တစ်ခွဲသားကြီးနှင့်တော့ စိမ်းကားမလွှတ်ပါ။

ထို့ပြင် ကိုက လွှာ့ကို အခွင့်အရေးတစ်ခုလည်း တောင်းဆို ခဲ့ပါသေးသည်။

ထိုအခွင့်အရေးကို ယောကျ်ားတိုင်းလိုလိုက မိန်းမတိုင်းကိုလို ကို နည်းအမျိုးမျိုးနဲ့ တောင်းဆိုခဲ့ကြဖူးပေမဲ့ လွှာ့အတွက်တော့ စိတ်လှုပ်ရှားမိတာက အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"လွှာ...ဒီဝါကျွတ်ရင် ကိုယ်တို့ လက်ထပ်ကြစို့နော်"

ကို့အသံမှာ ကြည်လင်ချိုသြကာ နူးညံ့သိမ်မွေ့လျက်ရှိသည်။ လွှာ့ကို နှစ်လို့စွာဖြင့် စိုက်ကြည့်နေတဲ့ မျက်လုံးများဟာလည်း စိန်ပွင့်ကလေးတွေလို တဖျပ်ဖျပ်တောက်ပလျက်ရှိသည်။

လွှာသည် ရင်ခုန်ကြည်နူးရလွန်းသဖြင့် သူ့လက်ကို ခပ်ဖွဖွကလေး ဆုပ်ကိုင်ကာ ခေါင်းညိတ်လိုက်မိလေ၏။

***



# အပိုင်း(၅)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကို့ကို ဖွင့်မပြောဘဲ ထိန်ချန်ထားတဲ့ အချက်နှစ်ချက်ထဲမှာ ကိုနဲ့ကျွန်မ ပြေလည်ပြီးတဲ့နောက်ပိုင်းမှာ ကိုဖုံဟာ ကျွန်မအချစ်ကို မဖြစ်နိုင်တဲ့ကြားက အသည်းအသန် လိုက်လံတောင်းခံနေခြင်းနဲ့...

တစ်ခါတစ်ရံ ကျွန်မမျက်လုံးများ မှုန်ဝါးလိုက်လာခြင်း စတဲ့အချက်များ ပါဝင်ပါသည်။

ကိုဖုံဟာ ကျွန်မဆီကို ဖုန်းဆက်ပြီး၊ ဒါမှမဟုတ်လည်း ကျွန်မနောက်ကို တကောက်ကောက်လိုက်ကာ နီးစပ်မှုကို ရှာကြံတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''နှင်း...ကိုယ့်ကို ကစားစရာအရုပ်တစ်ရုပ်လို့ သတ်မှတ်နေတာလား။ နှင်းက ဘာလဲကွာ...။ အခု မီးစိမ်းပြလိုက်၊ အခု မီးနီ ပြလိုက်နဲ့...ကိုယ် နှင်းကို ဘယ်လိုမှ နားမလည်နိုင်တော့ဘူး''

''နားမလည်နိုင်ရင်လည်း နားလည်အောင် ပြောပြရတာပေါ့။ ကိုဖုံ့ကို လွှာ စတွေ့ကတည်းက အဖြူထည်သက်သက်နဲ့ပဲ ခင်မင်မိခဲ့တာ။ ဘာအရောင်အဆင်းမှ မပါခဲ့ဘူး ကိုဖုံ၊ ဒါကို ကိုဖုံက စိတ်ကူးတွေ အယဉ်လွန်ပြီး လွှာ့ကို ပိုင်ဆိုင်ဖို့ ကြိုးစားချင်နေတာ။ ကိုဖုံနဲ့လွှာဟာ ဘယ်လိုမှ ဦးတည်ချက်ချင်း မတူညီတဲ့ လူနှစ်ယောက်ပဲ။ ဒါကြောင့် ကိုဖုံ့ကို လွှာ ရှောင်နေခဲ့တာ''

''ဘာ...ကြည့်စမ်း...မင်းနှုတ်ခမ်းလှလှလေးတွေဆီက ဒီလိုစကားမျိုး ကြားရလိမ့်မယ်လို့ ကိုယ်တွေးမထားမိခဲ့ဘူး။ ကောင်းထက်ဖံဘဝမှာ လိုချင်တာမှန်သမျှ မရခဲ့ဘူးဆိုတာ ထုံးစံမရှိခဲ့ဘူး နှင်းဝတ်လွှာ။ ကိုယ် ထပ်ပြောလိုက်မယ်...နှင်းဝတ်လွှာဆိုတဲ့ မိန်းကလေးကို ကိုယ် သေတဲ့အထိ မျှော်လင့်နေတယ်ဆိုတာ နှင်း





မမေ့နဲ့''

''ကျွတ်...ရှင် အရူးပဲ''

''ဟုတ်တယ်...ကိုယ်က အရူးပဲ။ ဟား...ဟား...ဟား''

လွှာသည် ကြောက်လွန်းမက ကြောက်လွန်းကာ ခပ်သုတ်သုတ်ကလေးပြေးလာခဲ့ပြီး ခြံသော့ကို ခပ်မြန်မြန်ခတ်ပစ်လိုက်ရတော့သည်။

ကိုဖုံရဲ့ ခံပြင်းနာကျင်မှုစွက်တဲ့ မျက်နှာထားနဲ့ ဟားတိုက်ရယ်မောမှုကို ကျွန်မတစ်သက် မေ့တော့မည် မဟုတ်တော့ချေ။

သူ့ကားမှာကျောမှီရင်း လက်နှစ်ဖက်ကို ပိုက်ကာ ကျွန်မကို သွေးအေးအေးနဲ့ စိုက်ကြည့်ရင်း ခြံဝမှာ သူ ကျန်ရစ်ခဲ့လေသည်။

အို...ကိုဖုံရယ်။

ရှင် ကျွန်မကို သက်သက်အထင်လွဲနေတာ။ သက်သက်မကောင်းမြင်နေတာ။

ရှင့်ကို ကျွန်မ ဘာမျှော်လင့်ချက်မှ မပေးခဲ့ဘူး။ ဘယ်လိုနည်းနဲ့မှ မဖျားယောင်းခဲ့ဘူး။ ကျွန်မ ရှင့်ကို အဖြူထည်သက်သက်နဲ့ ခင်မင်ခဲ့မိတာပါကွယ်။

လွှာသည် ဧည့်ခန်းထဲသို့ ရောက်လာသည်အထိပင် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ထိန်းသိမ်း၍ မရသေးချေ။

"ဟင်..."

မြတ်စွာဘုရား...။

ကျွန်မ ဘာတွေဖြစ်ကုန်ပြီလဲ။ ကျွန်မရဲ့ အမြင်အာရုံထဲကို တိမ်လိပ်အုပ်အမည်းတွေ ရောက်ရှိလာသလို မှုန်မှိုင်းမှိုင်း ဖြစ်လာလေသည်။

"အို..."

အမြင်အာရုံတွေ ဝါးလာလေ၏။

ကျွန်မ တစ်ခုခုဖြစ်နေပြီဆိုတာတော့ သိသည်။ ကိုပုံတူ ပန်းပုရုပ်ထုကလေး ထုစဉ်က မျက်လုံးအားစိုက်ရလွန်းသဖြင့် ကျွန်မ အမြင်အာရုံတွေ ချွတ်ချော်ခဲ့ဖူးသည်။

ကျွန်မမျက်လုံး ထပ်ကွယ်ရတော့မှာလား...။

ဟင့်အင်း...မဖြစ်ပါရစေနဲ့ကွယ်။

လွန်ခဲ့တဲ့တစ်ပတ်လောက်ကစပြီး မီးချောင်းလို စူးရတဲ့ နေရောင်တွေကို ကြည့်မိတိုင်း သက်တန့်ရောင်စက်ဝိုင်းတွေ ပတ်ပတ်လည် ထွက်လာတတ်တာကို ကျွန်မ သတိထားမိသည်။

ကျွန်မ မျက်လုံးထပ်ကွယ်ခဲ့ရင်တော့ ဒုက္ခပါပဲ။

ကိုကိုတော့ စောင်းပါးရိပ်ခြေ ပြောထားဦးမှ။



"ကို...လွှာတို့ မင်္ဂလာမဆောင်ခင်မှာ လွှာ မျက်လုံးတွေ ထပ်ကွယ်ခဲ့ရင် ဘယ်လိုလုပ်မလဲဟင်"

ကိုက လွှာ့စကားကြောင့် ယောင်နနဖြစ်သွားသည်။ နောက်တော့ အရဲရင့်ဆုံး ပြုံးလိုက်ပြီး...

"လွှာ့ကို ရှောင်သွားလိမ့်မယ်လို့ ထင်နေလို့လား...။ လွှာ့ကို ကို စတွေ့ကတည်းက မျက်မမြင်မလေးမှန်း သိသိကြီးနဲ့ ကိုယ် ချစ်ခဲ့တာပါလွှာ။ လွှာ မျက်လုံးပြန်မြင်ရတာဟာ ကိုယ့်အတွက်တော့ အပိုဆုတစ်ဆုပဲ။ အပိုဆုတစ်ဆုဖြစ်တဲ့အတွက်ကြောင့် အဲဒီအပိုဆုကို ပြန်ရုတ်သိမ်းသွားမယ်ဆိုရင်တောင် ကိုယ်တော့ မနှမြောဘူး။ ကိုယ် လွှာ့ကို လက်ထပ်ဖို့ သတ္တိရှိပါတယ်။ လွှာကကော..."

လွှာသည် ကို့ဆီက စိန်ခေါ်မှုကို ကြားတော့ တွန့်ဆုတ်သွားမိတာ အမှန်ပင်။

"လွှာကတော့ သတ္တိမရှိဘူး ကို"

"ဘယ်လို..."

"ဟုတ်တယ်...လွှာဟာ မျက်မမြင်မလေး တစ်ယောက် ဖြစ်ခဲ့ရင် ကိုယ့်ကို လက်ထပ်မှာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ လွှာ ကို မတွေ့နိုင်မယ့်တစ်နေရာကို ရှောင်ပြေး မိမှာပဲ။ အဲဒါ ဘာလို့လဲဆိုတော့ ကိုကို လွှာ ချစ်လို့။ ကိုကို ဒုက္ခခံတွင်းထဲကို ဆွဲမခေါ်ရက်လို့ပဲ''

''အမလေး လွှာရာ...လွှာဟာလေ မိုးမပြို ပြိုမှာကို တွေးကြောက်နေတဲ့ ကလေးလေးလိုပဲ။ လွှာရဲ့ မျက်လုံးခွဲစိပ်ကုသမှုက အောင်မြင်ပါတယ်။ လွှာ ဘယ်တော့မှ ပြန်ကန်းမှာ မဟုတ်တော့ဘူး။ အေး...လွှာ မျက်လုံးပြန်ကွယ်ခဲ့ရင်တောင် လွှာ့နားမှာ ကျန်ရစ်ခဲ့မယ့်သူဟာ ထွန်းသစ်စဆိုတာပဲဆိုတာ လွှာ ယုံလိုက်နော်''

ဘာကြောင့်မှန်း မသိ။

ကိုစကားကြောင့် လွှာ အားတက်သွားရမယ့်အစား အားငယ် သွားမိသည်။

လွှာ ဒီရက်ပိုင်းအတွင်းမှာ အမြင်အာရုံတွေ ပြန်လည်ရှုတ်ချော် ဘခဲ့သည်။ စက်ပိုင်းသဏ္ဍာန် သက်တန့်ရောင်စဉ်တွေ မြင်ရတာမျိုး၊ ခရိုန်အခါမဟုတ်ဘဲ မျက်လုံးခဏ အမှောင်ကျသွားတာမျိုး ခဏ ခဏ ဖြတ်တတ်သည်။

တကယ်တော့ ထိုကိစ္စအတွက် မျက်စိပါရဂူကြီးများနှင့် လွှာ



သွားရောက်တွေ့ဆုံသင့်မှန်း သိပါသည်။

သို့သော်...

လွှာသည် အမှန်တရားကို ရင်ဆိုင်ရန် သတ္တိနည်းပါးနေမိတော့ သည်။

***

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရက် နီးကပ်လာသည်နှင့်အမျှ ကိုသည် မင်္ဂလာကိစ္စ ...ားနှင့် ချာချာလည်၊ လုံးလည်လိုက်လျက်ရှိသလို လှသွားမှာလည်း ...သူမရဲ့ ဆုတ်ယုတ်လိုက်လာသော မျက်လုံးအခြေအနေကြောင့် ကိုကို ...င်မဆိုင်ချင်လောက်အောင် ဖြစ်နေမိသည်။

"မျက်လုံးပြန်ကွယ်ခဲ့ရင်တော့ ကိုကို လှသွား မယူဘူးနော်။ ဒါ အပြတ်သားဆုံး ပြောထားတာ"

ဒီရက်ပိုင်းအတွင်းတွင် လှသွားသည် ထိုစကားကိုသာ ခဏခဏ ...ပြောတတ်လေတော့၏။

သူမစကားကြောင့် ထွန်းသစ်စမှာလည်း ပြည်းပြည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူစ ပြုလာလေတော့သည်။

"လှ်ာ ကိုယ့်ကို အမှန်အတိုင်းပြောစမ်း။ လှ်ာ ကောင်းကောင်း မြင်ရရဲ့လား။ မျက်လုံးတွေ ဝါးနေသလား။ အမှန်အတိုင်းပြောစမ်း"

"မျက်လုံးခွဲစိပ်ထားတဲ့ လူတစ်ယောက်ပဲ။ လူကောင်းပကတိလိုတော့ ကိုယ့်မျက်လုံး ကိုယ် ဘယ်သံသယကင်းနိုင်ပါ့မလဲ။ အာရုံ စူးစိုက်ကြည့်လိုက်တိုင်း တစ်ခါတစ်လေ ဝါးချင်တယ်"

"ဟော...ကြည့်။ ဒါကို အခုမှဖွင့်ပြောတယ် ဟုတ်လား။ ဘာပဲဖြစ်ဖြစ် အချိန်မီသေးတယ်။ ဆရာဝန်ကြီးဆီ နောက်တစ်ခေါက်လောက် သွားကြဦးစို့ လှ်ာ"

"ဟင့်အင်း...မသွားချင်ဘူး"

"ဘာဖြစ်လို့လဲ"

"လှ်ာ တစ်ခုခုကို တွေးကြောက်နေလို့"

"လှ်ာကလည်းကွာ...။ ဟိုအရင်တုန်းက လှ်ာဟာ ဒီလို သရဲဘောကြောင်တတ်တဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး"





ကိုက လှ်ာ့ကို စိတ်ပျက်သလိုကြည့်ရင်း ပြောပါ၏။

သရဲဘောကြောင်လို့တော့ ဘယ်ဟုတ်မလဲ ကိုရယ်။

အမှန်တရားကို စောစီးစွာ ရင်မဆိုင်ဝံ့တာပါ။ လှ်ာ သိနေတယ်။ လှ်ာ အတပ်ကို သိနေတယ် ကို။

လှ်ာ တစ်ချိန်ချိန်မှာ မျက်လုံးတွေ ပြန်ကွယ်လိမ့်မယ်။

ဒါပေမဲ့ အဲဒီ တစ်ချိန်ချိန်ဆိုတဲ့ ကာလဟာ လှ်ာ့ဆီကို ရက်အနည်းငယ်အတွင်းမှာပဲ စောစီးစွာ ရောက်ရှိလာခဲ့တယ်လေ။

လှ်ာ့ကို ပစ်မှတ်တစ်ခုလို သတ်မှတ်ပြီး အရိပ်လို လိုက်နေတတ်သူ ကောင်းထက်ဇံကို ရက်အတော်ကြာ မတွေ့ဘဲ ပျောက်ဆုံးနေပြီး ဒီနေ့ ဒီရက်မှာ စတွေ့လိုက်ရခြင်းဟာ လှ်ာ့ရဲ့ ကံဆိုးခြင်းနိဒါန်းဟု ပြောရမလားပင် မသိ။

ထိုနေ့က ကို့အိမ်သွားရန် လမ်းထိပ်သို့ ထွက်၍ လှ်ာ အငှားကားစောင့်နေစဉ် မိုးက သည်းကြီးမည်းကြီး ရွာသွန်းလာလေတော့၏။

ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်မှောင်မိုက်လာကာ လေပါ ကျလာသဖြင့် လှ်ာ ဆောင်းထားသော ထီးကလေးမှာ အဝေးသို့ လွင့်စဉ်သွားလေတော့၏။

ဟင်း...ဒီပုံစံအတိုင်းသာဆို တက္ကစီလည်း ရတော့မှာ မဟုတ်။ အိမ်ပြန်ပြီး အဝတ်အစားလဲ၊ မိုးစဲတော့မှ အပြင်ပြန်ထွက်ရုံ ရှိတော့

www.burmeseclassic.com



တာပေါ့။

လွှာသည် ခပ်ဝေးဝေးသို့ လွင့်ကျသွားသော ထီးကလေးကို ကောက်ရန် အပြေးလာစဉ် ကားတစ်စီးပေါ်မှ လူတစ်ယောက်က ကားရပ်ရင်း ကားထဲမှ ထွက်လာကာ ထိုထီးကလေးကို ကောက်လိုက်လေ၏။

"ဟင်...ကိုဖံ"

ကိုဖုံ့တစ်ကိုယ်လုံးလည်း မိုးတွေ ရွှဲနစ်နေသည်။

လွှာသည်လည်း ကိုဖုံ့ကဲ့သို့ပင်။

"နှင်း...ဘယ်သွားမလို့လဲ။ ကိုယ် လိုက်ပို့

ပေးမယ်လေ"

မိုးထဲလေထဲမှာ ကိုဖံက အော်၍ ပြောပါ၏။

လွှာကို ထီးမိုးပေးထားပေမဲ့လည်း စောစောက ထီးကလေး လွင့်စင်သွားမှုကြောင့် လွှာတစ်ကိုယ်လုံး ကြွက်စုတ်လို မိုးရွှဲနေလေ တော့သည်။ အင်္ကျီသားများက လွှာ့ကိုယ်လုံးပေါ်သို့ကပ်ရက်နေသဖြ လွှာသည် သူစိမ်းယောက်ျားလေးရှေ့၌လည်း ကြာရှည်မနေလိုသေ

"ရတယ်...အိမ်ပဲပြန်မယ်"

လွှာ အော်၍ပြော၏။

"အိမ်ပြန်မယ်ဆိုရင်လည်း ကိုယ့်ကားနဲ့



လိုက်ခဲ့။ မိုးက အရမ်းသည်းနေတယ်"

"ဟင့်အင်း...ရတယ်"

လွှာသည် သူ့ရှေ့မှ ဆတ်ခနဲ ထွက်လာလေရာ ကောင်းက ပေါ်မှ မိုးခြိမ်းသံဟည်းဟည်းကြီးနှင့်အတူ သူ့ရဲ့ ဒေါသမျက်နှာထား မြွန်းစားကြီး ရင်ဆိုင်လိုက်ရတော့၏။

"မင်း ကိုယ့်ကို ကြက်ခြေခတ်တွေ များနေ

နော် နှင်း။ မင်း ကိုယ့်ကို လူဆိုးကြီးတစ်ယောက်

ဆက်ဆံနေတာတွေ များနေပြီ မင်း ကိုယ့်ကား

လိုက်မလား။ ကိုယ် မင်းကို မွေ့ချီပြီး ကားပေ

တင်ရမလား"

"ရှင်..."

လွှာသည် သူ့ရဲ့ ခြိမ်းခြောက်စကားကြောင့် အကြောက်လွ သွားပြီး ဘားဘီဝဲယားသို့ မျက်လုံးစောင်းထိုးကြည့်သော မိုးသည်းထ နေသဖြင့် လူသူလေးပါး ကင်းရှင်းလျက် [illegible]

မဖြစ်တော့။

ဒီအချိန်မှာ သူနဲ့လွှာ အင်အားခြင်း[illegible] ဖြစ်တော သူ့ကို အချုပ်သပ်ဆက်ဆံကာ လွှာ အိမ်ပြန်[illegible]

"ကိုဖံကလည်း [illegible]တာကွယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်မှတ်တိုင်စာလောက် လမ်းလျှောက်ရမှာကို ကား
မစီးချင်လို့ လွှာ ငြင်းမိတာကို''

''မရဘူး…ကိုယ်လိုက်ပို့ပေးမယ်။ တက်''

အခြေအနေက ဘယ်လိုမှ မငြင်းသာတော့။

ကားပေါ်ရောက်သည်နှင့် ကိုဖုံသည် လီဗာကို ဆောင့်နင်း
လိုက်ကာ ဘယ်ဘက်လမ်းချိုးတစ်ခုသို့ ဦးတည်ပစ်လိုက်၏။

''ဟင်…ဒါက ဘယ်မောင်းမလို့လဲ''

''ဘယ်မှ မမောင်းဘူး။ နှင်းကို ကားတင်ပြေး
လာတာ''

''မြတ်စွာဘုရား''

သူမ နားကြားမလွဲလိုက်ပါ။ ဒုက္ခတွင်းထဲသို့ ကျရောက်လေပြီ။

''အဲဒီလို ကိုယ်ထင်ရာ မြင်ရာကို လျှောက်
လုပ်လို့ မရဘူး ကိုဖုံ။ မတရား မလုပ်ပါနဲ့။ လွှာ့ကို
အိမ်ပြန်ပို့ပေးပါ''

''နှင်း ကိုဖုံကလွဲပြီး ဘယ်သူ့ကိုမှ မယူရဘူး။
ဒါ ကိုယ့်အမိန့်ပဲ''

''ဟာ…ပြဿနာပဲ''

ကားက ဒလကြမ်းမောင်းနှင်နေသလို ဝိုက်ဘာမှာလည်း



ကားမှန်ပြင်ပေါ် တင်နေတဲ့ မိုးရေစက်တွေကို မနိုင်မနင်း သုတ်နေ
ရလေတော့၏။

ရေဝပ်နေသော ကတ္တရာလမ်းပေါ် အရှိန်ပြင်းပြင်း ဖြတ်မောင်း
နေသဖြင့် တဝေါဝေါထွက်နေတဲ့ အသံမှာလည်း ခြောက်ခြားစရာ။

''ဒီမှာ ကိုဖုံ၊ ကျွန်မ ရှင့်ကိုတော့ အလျှော့ပေး
ပြီး ခေါင်းမညိတ်နိုင်ဘူး။ အသက်သေရင်ပဲ အသေခံ
လိုက်မယ် နားလည်လား''

သူမက လော့ချထားတဲ့ အထစ်ကလေးကို ဆွဲမစဉ် ကားကြီး
မှာလည်း အရှိန်နှင့် မောင်းနှင်နေဆဲမို့ လော့ချထားတဲ့အထစ်ကလေး
မှာ ပြန်လည်၍ အောက်သို့ ကျကုန်တော့၏။

သူမက မှန်တွေဖွင့်ဖို့ ကြိုးစားသည်။

ကိုဖုံက သူညာလက်နံဘေးမှာရှိတဲ့ ခလုတ်တွေကို နှိပ်ကာ
တစ်ကားလုံးကမှန်တွေကို အသေပိတ်ပစ်လိုက်၏။

''ဟား…ဟား…ဟား…ဟား…မင်း ကိုယ့်ကို
ငြင်းလို့မရပါဘူး နှင်းရာ''

''အရူး…အရူး…ရှင် ရူးနေတာ။ သူများချစ်သူ
ကိုမှ လိုက်လုချင်နေတာ ရှင်ဟာ အရူးပဲ။ ရှင်ဟာ
အရူးပဲ''

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကိုဖုံရဲ့ တက်မက်မှု အားကြီးစွာဖြင့် လှောင်ပြုံး ပြုံးနေတဲ့မျက်နှာကို နောက်ဆုံး အမြင်အာရုံအဖြစ် ကျွန်မ မြင်တွေ့ခွင့် ရလိုက်သည်။

ကျွန်မတို့နှစ်ယောက် ကံဆိုးမိုးမှောင် ကျခဲ့ကြသည်။

ပိန်းပိတ်အောင် မှောင်းမည်းပြီး ရှေ့ကို ဘာမှ သဲသဲကွဲကွဲ မမြင်ရဘဲ ကားကို ခပ်ကြမ်းကြမ်းမောင်းဝံ့သော ကိုဖုံရဲ့ လက်ထဲသို့ ကျွန်မရဲ့ ကံကြမ္မာကို ထိုးအပ်လိုက်ရသည်။

"ဂျိမ်း..."

"ဝုန်း..."

"ကျွီ..."

မာကျောသောအရာဝတ္ထုနှစ်ခု ထိခတ်သွားသံမှာ ကမ္ဘာပြိုပျက်သွားသည့်အတိုင်းပင်...

ထို့နောက် ကျွန်မရင်ဘတ်ထဲမှာ ခပ်စူးစူးနာကျင်မှုနှင့်အတူ အသက်ရှူ ကျပ်လာကာ အရာအားလုံးကို မေ့လျော့သွားတော့သော တော့၏။

ကျွန်မ သတိပြန်လည်ရလာလေသောအခါ...

***

တစ်နှစ်ခန့်ကြာသောအခါ...

www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးသည် အမှောင်ထဲမှာပင် နေသားတကျ ရှိနေလေတော့သည်။ အမှောင်ထဲကလာသော မိန်းကလေးတစ်ယောက်သည် အမှောင်ထဲကို ပြန်သွားဖို့ ဝန်မလေးတတ်သော်လည်း ချစ်သူနှင့်လက်တွဲဖို့အတွက်ကတော့ သတ္တိမရှိတော့ချေ။

ကျွန်မနှင့်ထွန်းသစ်စ လက်မထပ်ဖြစ်ခဲ့ကြပါ။

ကားအက်စီးဒင့်ဖြစ်ပြီး ကျွန်မမျက်လုံးများ ပြန်ကွယ်စဉ်က ချစ်သူ၏ငိုသံကို ကျွန်မ အသည်းခိုက်မတတ် ကြားခဲ့ရသည်။

"စိတ်မကောင်းလိုက်တာ လှာရယ်...။ လွှားကျမှ ဒီလိုကိစ္စမျိုး ပြန်လာဖြစ်ရတယ်လို့ကွာ။ ကောင်းထက်ဖံသာ ဒုက္ခတဖြစ်မသွားခဲ့ရင် ဒီကောင့်ကို ကိုယ်သတ်မိမယ် ထင်တယ်"

"ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ ကိုရယ်။ သူလည်း သူ့အပြစ်အတွက် ဒဏ်အခတ်ခံလိုက်ရတယ် မဟုတ်လား။ တစ်သက်လုံး ငိုချပေါ်မှာတင် အချိန်ကုန်ရတော့မှာ မဟုတ်လား။ သူ့အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မေ့ပစ်လိုက်ကြစို့နော်''

''ဒါပေမဲ့ လှွာကတော့ ကိုယ်မကျူးလွန်ခဲ့တဲ့ အပြစ်အတွက် လည်စင်းခံပေးလိုက်ရတာ မဟုတ်လား လှွာရယ်...''

''လှွာ ကျေနပ်ပါတယ် ကို။ ဒီတစ်သက်မှာ ထွန်းသစ်စဆိုတဲ့ ကို့မျက်နှာကို မြင်ခွင့်ရခဲ့တာရယ်၊ တရားခွင်ကို ကြည့်ရှုခွင့်ရခဲ့တာရယ်၊ ကို့ပုံတူ ပန်းပုရုပ်ကလေး ထုဆစ်ခွင့် ရခဲ့တာရယ်ကြောင့် လှွာ ကျေနပ်ပါတယ်။ ကျေးဇူးပြုပြီး လှွာ့ကို လွတ်လပ်ခွင့်ပေးပါ ကို။ ကို့ကို မချစ်လို့တော့ မဟုတ်ပါဘူး။ မျက်မမြင်မိန်းမတစ်ယောက်ကို သနားချစ်နဲ့ ချစ်တဲ့ အချစ်မျိုး လှွာ မခံယူချင်လို့ပါ။ လှွာတို့ လမ်းခွဲကြစို့''

''ဘယ်တော့မှ လမ်းမခွဲဘူး လှွာ။ လှွာ မယုံရင် စောင့်ကြည့်နေလိုက်။ လှွာ့အနားမှာ ကိုယ် အမြဲတမ်းရှိနေမယ်။ လက်ထပ်ခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လှွာ့အနားမှာ ကိုယ် အမြဲရှိနေမယ်''

''လှွာ...လှွာလေ...ကို့ကို လှွာ့ဘဝထဲ ဆွဲမခေါ်ရက်တော့လို့ပါ''





မျက်မမြင်မိန်းမတစ်ယောက်ရဲ့ အနာဂတ်သည် ရေရာရေရာမရှိနိုင်မှန်း ကျွန်မ သိပါသည်။ ဆရာဝန်ကြီးများအားလုံးက ကျွန်မ မျက်လုံးပြန်မြင်ရရေး အတွက် အားလုံးလက်လျှော့လိုက်ကြသည်။

လက်မလျှော့သူက ထွန်းသစ်စဆိုတဲ့ ကျွန်မချစ်သူပင်။

တကယ်တော့ သူဟာ အချစ်ဆိပ်တွေတက်နေတဲ့ လူတစ်ယောက်ပါ။ အချစ်ဆိပ်တွေ ပြယ်တဲ့တစ်နေ့ကျရင် ကျွန်မကို ချစ်မိတဲ့အတွက် သူ နောင်တ အကြီးအကျယ်ရပါလိမ့်မယ်။

အဲဒီနေ့ကို မရောက်ခင်မှာပင် အကောင်းဆုံးအလုပ်တစ်ခုကို ကျွန်မ လုပ်မိခဲ့တယ်။ အဲဒါကတော့ ကျွန်မ လက်ရှိနေတဲ့ ခြံဝန်းကလေးကို ရောင်းချပြီး တိတ်တဆိတ်ကလေး ခြေရာဖျောက်မိခြင်းပါ။

နှစ်တွေလည်း အတော်ကြာခဲ့ပါပြီ။ အခုတော့ အရာရာဟာ အားလုံးနေသားတကျ ရှိနေပြီ။ အမြင်အာရုံ ကွယ်ပျောက်ပြီးတဲ့နောက်မှာတော့ ထုံးစံအတိုင်း နိုးကြားတဲ့အာရုံတစ်ချို့ကို ကျွန်မ ပိုင်ဆိုင်ခဲ့သည်။ လူတစ်ယောက် အနားမှာရှိနေတယ်ဆိုတဲ့အသိကို နှလုံးသားကတစ်ဆင့် သိမြင်ခံစားနိုင်တဲ့အာရုံတစ်မျိုးပေါ့။

ဒါပေမဲ့ အဲဒီလူဟာ ကျွန်မကို မိတ်ဆွေဖွဲ့ဖို့ မကြိုးစားဘူး။ သူ ကျွန်မနားကို ရောက်လာရင် ကျွန်မရဲ့နှလုံးသားဟာ အတော့်ကို နင်းကြွခုန်ပေါက်လာတတ်သည်။ ခြေသံလုံအောင် ဘယ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com

ထိန်းထိန်း ဆံခြည်တစ်မျှင် ပြုတ်ကျသွားတဲ့အသံကအစ ကျွန်မက ကြားရသူဆိုလေတော့ သူ့ခြေသံကို ကျွန်မ ကောင်းကောင်းမှတ်မိသည်။ နောက်…သူ့ရဲ့ ကိုယ်ရနံ့…။

တစ်ရက်မှာတော့ လမ်းထိပ်က စတိုးဆိုင်ကလေးကို ခြေလှမ်းမှတ်ပြီးအသွား ခဲတစ်လုံးကို တက်နင်းမိပြီး ခလုတ်တိုက်မလို့ဖြစ်စဉ် ကျွန်မရဲ့ပခုံးနှစ်ဖက်ကို လူတစ်ယောက်ကထိန်းသိမ်းပေးခဲ့သည်။အဲဒီအပွေ့အဖက်ဟာတကယ်တော့ကျွန်မနဲ့သိပ်စိမ်းလှတယ်ရယ်တော့မဟုတ်။

“ရှင် ဘယ်သူလဲ”

“… … …”

အမှောင်ထဲမှာ နားစွင့်နေမိပေမဲ့လည်း ဘာတုန့်ပြန်မှုမှ မကြား။ အသက်ရှူသံ သဲ့သဲ့။ ခြေသံ သဲ့သဲ့။ ကိုယ်ရနံ့ သဲ့သဲ့။

“ရှင့်ကို ထွန်းသစ်မှန်း ကျွန်မ သိပါတယ်”ဆိုတဲ့ စကားကို မပြောမိစေရန် ကျွန်မ ထိန်းချုပ်ထားရသည်။

ထွန်းသစ်ရယ်…။ ကျွန်မမျက်လုံးတွေ ကွယ်ခဲ့ပေမဲ့ ကျွန်မနှလုံးသားကတော့ ကောင်းကောင်းမြင်ရပါသေးတယ်။

ရှင့်ကို ကျွန်မနှလုံးသားက ကောင်းကောင်းမှတ်မိနေတယ်။

သပြေမိုး



www.burmeseclassic.com